The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL.20, NO. 11 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | March 16, 2020

# မြန်မာ့ရေထွက်ပစ္စည်းများ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းလျက်ရှိ

စာမျက်နှာ - ၈ ➤



## အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ Regional Consultation ကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နှင့် မြိတ်မြို့တို့တွင် ကျင်းပ

စာမျက်နှာ - ၁၁ ➤

## ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့အကြောင်း တစေ့တစောင်း

စာမျက်နှာ - ၂၀ ➤

## ပြည်တွင်း ဆန်စပါးဈေးကွက် တည်ငြိမ်စေရေး အစည်းအဝေး ကျင်းပ

စာမျက်နှာ - ၁၈ ➤




GREAT WALL
TRADITIONAL MEDICINE MANUFACTURING
SHWE AN THAE
ဂရိတ်ဝေါ
တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
E-mail : mgmgoogw@gmail.com
www.greatwallmyanmar.com


LC
LIFE AND CHALLENGE COMPANY LIMITED.
A move towards the bright future.....
3D Technology
Jewelry Design and Training
Educational Instrument
Measuring and Testing Instrument
Research and Laboratory Equipment
Navigation Equipment
Radar and Communication Equipment
Engine and Spare Parts
RhinoGold Design Training
3D
3D Scanning and Printing Solutions

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကုန်စည်လုံခြုံစိတ်ချရမှုအစ ကုန်အညွှန်းအမှတ်အသားကဟူသော ခေါင်းစဉ်ဖြင့် အမျိုးသား စားသုံးသူ အခွင့်အရေးလှုပ်ရှားမှု (Campaign) မိတ်ဆက်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



ကုန်စည် လုံခြုံစိတ်ချရမှုအစ ကုန် အညွှန်းအမှတ်အသားက ဟူသော ခေါင်းစဉ်ဖြင့် အမျိုးသားစားသုံးသူ အခွင့်အရေးလှုပ်ရှားမှု (Campaign) မိတ်ဆက်ပွဲ အခမ်းအနားကို မတ် ၁၁ ရက် နံနက် ၁၀ နာရီတွင် ရုံးအမှတ်(၅၂) စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာ စကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာ စကားပြောကြားရာတွင် စားသုံးသူရေး ရာဦးစီးဌာနအနေဖြင့် စားသုံးသူကာ ကွယ်ရေးဥပဒေကို ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြဋ္ဌာန်းခဲ့ကြောင်း၊ ယင်း ဥပဒေတွင် စားသုံးသူ အကာအကွယ် ပေးမည့်လုပ်ငန်းစဉ်များအတွက် 'ကုန် အညွှန်းအမှတ်အသား ဖော်ပြခြင်း'ကို အခန်းတစ်ခန်းအနေနဲ့ ရေးဆွဲပြဋ္ဌာန်း ထားကြောင်း၊ စားသုံးသူ ကာကွယ် ရေးဥပဒေ အခန်း ၁၈ ပါ ကုန်အညွှန်း အမှတ်အသား ဖော်ပြခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအရ ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်း အမှတ် အသားဖော်ပြထားခြင်းကို စီးပွားရေး လုပ်ငန်းရှင်များ အဆင်ပြေစွာ ဆောင် ရွက်နိုင်ရန်အတွက် ကုန်စည်များ အပေါ် ဘာသာပြန်ဆိုထားမှုနှင့် ဥပဒေ ပါ ပြဋ္ဌာန်းချက်များ ကိုက်ညီမှု ရှိ/မရှိ ကိုလည်း စားသုံးသူရေးရာဦးစီးဌာနမှ စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး တွင်လည်း စစ်ဆေးရေးအရာရှိများ ခန့်အပ်ပြီး ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိ ကြောင်း၊ ယခုကဲ့သို့ စားသုံးသူရေးရာ ဦးစီးဌာနက ကျင်းပပြုလုပ်သည့် 'ကုန် စည်လုံခြုံစိတ်ချရမှုအစ ကုန်အညွှန်း အမှတ်အသားက'ဟူသော လူထုလှုပ် ရှားမှု (Campaign)သည် လုပ်ငန်းရှင် များအနေဖြင့် မိမိတို့၏ ကုန်စည်များ တွင် သတ်မှတ်ထားသည့် ကုန်အညွှန်း အမှတ်အသားများ မဖြစ်မနေ ထည့် သွင်းရမည်ဆိုသည့်အချက်များကို သိရှိ လိုက်နာ ဆောင်ရွက်နိုင်စေရန်နှင့် စားသုံးသူများအနေဖြင့် ကုန်စည်များ ဝယ်ယူသည့်အခါ ကုန်အညွှန်းအမှတ် အသားများကို သတိပြု၍ ဖတ်ရှုတတ် သည့် အလေ့အထကောင်း ရရှိစေနိုင် သည့်အပြင် စားသုံးသူများအနေဖြင့် မိမိတို့၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် ကုန်စည်ကို ရွေးချယ်ဝယ်ယူနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပပြုလုပ်ရခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင် က ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိစေရေး နှင့် ကုန်အညွှန်းအမှတ်အသား ဖော်ပြ ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ် လျဉ်း၍ စားသုံးသူရေးရာဦးစီးဌာနက ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး စားသုံးသူများအနေ ဖြင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု များ ဝယ်ယူသုံးစွဲခြင်းနှင့်ပတ်သက်၍ နစ်နာဆုံးရှုံးမှုများ တစ်စုံတစ်ရာပေါ် ပေါက်လာပါက မြန်မာနိုင်ငံတစ်ဝန်းရှိ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသ ကြီး/ပြည်နယ် ဦးစီးမှူးရုံးများ၊ ခရိုင် ဦးစီးမှူးရုံးများတွင် ဖွင့်လှစ်ထားရှိ သော စားသုံးသူ သတင်းပြန်ကြားရေး နှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး စင်တာ (CICC) များသို့ လူကိုယ်တိုင် သွားရောက် တိုင်ကြားနိုင်သည့်အပြင် အွန်လိုင်းမှတစ်ဆင့် တိုင်ကြားလိုပါက စားသုံးသူရေးရာဦးစီးဌာန၏ တရားဝင် Website ဖြစ်သော https://www.doca.gov.mm၊ မိုဘိုင်း Application ဖြစ်သော DOCAMyanmar နှင့် စားသုံးသူရေးရာ ဦးစီးဌာန Facebook Page မှတစ်ဆင့် တိုင်ကြားနိုင်ပါကြောင်း ပြောကြားခဲ့ သည်။

အဆိုပါ စားသုံးသူအသိပညာ ပေးကမ်ပိန်းကို ၂၀၂၀ ပြည့်နှစ် မတ်လ ၁၅ ရက်မှစတင်၍ ရက်သတ္တ ခြောက် ပတ်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး နိုင်ငံ ပိုင် ရုပ်သံမီဒီယာများနှင့် လူမှုကွန်ရက် များမှတစ်ဆင့် စားသုံးသူအခွင့်အရေး နှင့်ဆိုင်သော အသိပညာပေး ရုပ်သံ ဇာတ်လမ်းတိုများကို ထုတ်လွှင့်ပြသ သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် တက်ရောက်လာသည့် သတင်းမီဒီယာများ၏ မေးမြန်းချက် များကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြပြီး မွန်းတည့် ၁၂ နာရီ တွင် အခမ်းအနား ပြီးဆုံးခဲ့ကြောင်း သတင်းရရှိသည်။ **MOC(IR)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာ-တရုတ် နယ်စပ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

မတ် ၁၃ ရက် နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပပြုလုပ်သော မြန်မာ-တရုတ် နယ်စပ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟို ကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြန်မာ-တရုတ် နယ်စပ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြား သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေး ၌ Framework Agreement လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်နေမှုအား သိရှိ မှတ်တမ်းတင်နိုင်ရန်၊ နှစ်နိုင်ငံ ပူးတွဲညှိနှိုင်းရေးကော်မတီ၊ ပူးတွဲအကောင်အထည် ဖော်မှုကော်မတီ၊ ပူးတွဲအုပ်ချုပ်မှုကော်မတီများတွင် ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်စေရေး ဆွေးနွေးအကြံပြုပေးကြရန်၊ မြန်မာ(မူဆယ်)- တရုတ်(ရွှေလီ) နယ်စပ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်နှင့် ပတ်သက်သော မူဘောင်သဘောတူစာချုပ် ဆွေးနွေးမှုလုပ်ငန်းစဉ်များ လျင်မြန်တိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာပါ ဆွေးနွေးမှုလုပ်ငန်းစဉ်များ တိုးတက်စေရေးအတွက် လိုအပ်သည်များ ဆွေးနွေး အကြံပြုပေးကြရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



ထို့နောက် ဒုတိယဥက္ကဋ္ဌ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်က ကချင်ပြည်နယ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် စီမံကိန်း သုံးခုဖြစ်သော မြစ်ကြီးနား စီးပွားရေးဇုန်၊ ဝိုင်းမော်မှ ၁၃ ကီလိုမီတာအကွာတွင် ဆောင် ရွက်မည့် ကုန်စည်ဖလှယ်ရေးဇုန်၊ ကန်ပိုက်တီ စီးပွားရေးဖွံ့ဖြိုးမှုဇုန်များ နှင့်စပ်လျဉ်း၍ **စာမျက်နှာ ၄ သို့**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
အောင်မောင်း
မြင့်သူရ
ဦးဦးဟန်

**စာတည်းမှူးချုပ်**
ညီညီအောင်

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ အေးအေးသန့်၊
သီတာဝင်း

**သတင်းထောက်များ**
စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ခင်မိုးသူ

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး၊ ဝင်းကို

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၈၀၀၀၀ ကျော် တင်ပို့

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၆ ရက် ကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ၂ ဒသမ ၆၃၃ ဒေါ်လာသန်းတန်ဖိုးရှိ ဆန်တန်ချိန် ၈၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၈၀၀၀ နီးပါး၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၁၀၀ ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၅၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး ယခင်တစ်ပတ် တင်ပို့နိုင်မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၅၀၀ ကျော် ပိုမိုတင်ပို့ခဲ့သည်။

ယခုတစ်ပတ် ကုန်သွယ်ရေးစခန်းများမှ ၁ ဒသမ ၀၉၅ ဒေါ်လာသန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၄၀၀၀ ကျော် တင်ပို့နိုင်ခဲ့သည်။

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲတန်ချိန် ၄၀၀၀ ခန့်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၂၀၀ ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲ တန် ၂၅တင်ပို့နိုင်ခဲ့သဖြင့် ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၀၀ ကျော် ပိုမိုခဲ့သည်။

မတ် ၁ ရက်မှ ၇ ရက်အထိ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၈၂၈ ဒေါ်လာသန်းတန်ဖိုးရှိ ဆန်တန်ချိန် ၃၅၀၀၀ နီးပါး တင်ပို့ခဲ့ကြောင်း သိရသည်။ တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ တန်ချိန် ၁၃၀၀၀ ခန့်၊ အီးယူနိုင်ငံများသို့ တန်ချိန် ၅၀၀၀ နီးပါး၊ အာဖရိကနိုင်ငံများသို့ တန်ချိန် ၁၆၆၀၀၊ ဈေးကွက်သစ် MAYOTTE သို့ တန် ၅၀ တင်ပို့နိုင်ခဲ့သဖြင့် ယခုတစ်ပတ် တင်ပို့နိုင်မှုနှင့်ယှဉ်လျှင် တန်ချိန် ၆၀၀၀ နီးပါး လျော့နည်းတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ ၁၀ ဒသမ ၄၆၄ ဒေါ်လာသန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၃၈၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ အီးယူနိုင်ငံများသို့ တန်ချိန် ၈၈၀၀ ခန့်၊ အာဖရိကနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၂၄၆၀၀ ကျော်၊ အာရှနိုင်ငံများသို့ တန်ချိန် ၅၀၀၀ နီးပါးတင်ပို့သဖြင့် ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ဆန်ကွဲတန်ချိန် ၁၆၀၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲစုစုပေါင်း တန်ချိန် ရှစ်သောင်းခွဲခန့် တင်ပို့နိုင်ခဲ့သဖြင့် ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှ င် တန်ချိန် ၁၀၀၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**အေးအေးသန့်**

# ပုသိမ်မြို့နယ် ဆန်စပါးဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်

ပုသိမ်မြို့နယ် ဆန်စပါးဈေးကွက်၌ မတ်လဒုတိယပတ်အတွင်း ဈေးနှုန်းထူးထူးခြားခြား ပြောင်းလဲမှုမရှိဘဲ လက်ရှိဈေးတန်းနှင့်သာ အရောင်းအဝယ်ပုံမှန်ဖြစ်နေကြောင်း ဈေးကွက်သတင်းများအရ သိရသည်။

ပုသိမ် ဆန်စပါးဈေးကွက်အတွင်း မိုးစပါးပေါ်စက တင်း ၁၀၀ ကို ကျပ် ၄၇၀၀၀၀/၄၈၀၀၀၀ ဝန်းကျင်ဈေးမှာ အရောင်းအဝယ်ခဏသာရှိပြီး မိုးစပါးလှိုင်လှိုင်ပေါ်ချိန်နှင့် ယခုလက်ရှိအချိန်ထိ မိုးဧည့်မထ စပါး ၄၆ပေါင် တင်း၁၀၀ကို ကျပ် ၅၇၅၀၀၀ ခန့်၊ ဆန်တစ်အိတ်ကို ကျပ်၂၃၅၀၀/၂၄၀၀၀၊ ပေါ်ဆန်းစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ပုသိမ်မြို့နယ်တွင် ကျပ် ၈၀၆၀၀၀ ဝန်းကျင် ဆန်တစ်အိတ်ကို ကျပ် ၃၂၀၀၀ ဈေးဖြင့် ရောင်းဝယ်လျက်ရှိကြောင်း စပါးဈေးနှုန်းမှာ တောဈေးနှင့် မြို့ပေါ်စက်အရောက် ဈေးနှုန်းတန်ဆာခနှင့် အလုပ်သမားစရိတ် ခရီးအကွာဝေးပေါ် မူတည်၍ ကျပ်၅၀၀၀မှ ၁၀၀၀၀အတွင်း ကွာခြားမှုရှိသလို စပါးအရည်အသွေးပေါ် မူတည်၍လည်း ဈေးနှုန်းအပြောင်းလဲရှိကြောင်း စက်ပိုင်ကုန်သည်အသိုင်းအဝိုင်းမှ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# သထုံမြို့၏ စပါး၊ ဆန်ဈေးနှုန်းနှင့် စီးဝင်စီးထွက်မှုအခြေအနေ

မတ်လ ဒုတိယပတ်အတွင်း သထုံမြို့၏ ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ဈေးနှုန်းမှာ ဧည့်မထ ကျပ် ၅၅၀၀၀၀ နှင့် ပေါ်ဆန်း ကျပ် ၈၀၀၀၀၀ ဖြစ်ပြီး ၂၄ ပြည်ပါ ဆန်တစ်အိတ်ဈေးနှုန်းမှာ ဧည့်မထ ကျပ် ၂၁၅၀၀ နှင့် ပေါ်ဆန်း ကျပ် ၂၈၅၀၀ ဖြစ်ရာ မတ်လ ပထမပတ်နှင့်နှိုင်းယှဉ်လျှင် ဧည့်မထစပါးဈေးမှာ ပြောင်းလဲမှုမရှိဘဲ ပေါ်ဆန်းစပါးဈေးမှာ ကျပ် ၄၀၀၀၀ ခန့် မြင့်တက်သွားပြီး ဆန်ဈေးနှုန်းမှာ ကျပ် ၁၀၀၀ ခန့် ဈေးနှုန်းမြင့်တက်သွားကြောင်း သိရှိရသည်။

စီးဝင်/စီးထွက်မှုအခြေအနေမှာ ရွှေဘို၊ ပဲခူး၊ ဧရာဝတီတိုင်းတို့မှ ဆန်ဝင်ရောက်မှုမှာ တစ်နေ့လျှင် အိတ် ၇၀၀/၈၀၀ ခန့်ရှိပြီး သထုံမှ ဘားအံသို့ တစ်နေ့လျှင် အိတ် ၂၅၀/၃၀၀ ခန့်ရှိကြောင်း သိရှိရသည်။

**ထိန်လင်း(သထုံ)**

# ကသာခရိုင်အတွင်း စပါး/ဆန်ဈေးနှုန်းများ

မတ်လ ဒုတိယပတ်တွင် ကသာခရိုင်အတွင်း ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ဈေးနှုန်းမှာ ဧရာမင်းစပါး ကျပ် ၁၀၅၀၀၀၀၊ မှော်ဘီ (၂) စပါး ကျပ် ၆၉၀၀၀၀၊ ဆင်းဧကရီ-(၃) စပါး ကျပ် ၅၄၀၀၀၀ ဖြစ်ပြီး ဆန်ဈေးနှုန်းမှာ ၂၄ ပြည်ပါ ဧရာမင်း တစ်အိတ်လျှင် ကျပ် ၄၀၀၀၀၊ မှော်ဘီ(၂) ဆန်တစ်အိတ်လျှင် ကျပ် ၂၄၅၀၀ နှင့် ဆင်းဧကရီ(၃) တစ်အိတ်လျှင် ကျပ် ၂၂၀၀၀ ရှိပြီး မတ်လဒုတိယပတ်တွင် စပါး/ဆန်ဈေးနှုန်းတည်ငြိမ်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ဆန် စီးထွက်မှုအနေဖြင့် မတ်လ ဒုတိယပတ်တွင် ကချင်ပြည်နယ်သို့ အိတ် ၅၂၀၀ ခန့်နှင့် မန္တလေးသို့ အိတ် ၉၇၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။

**လှလှခိုင်(ကသာ)**

**စာမျက်နှာ (၃) ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် . . . မှအဆက်**

ဆောင်ရွက်ထားရှိမှု အခြေအနေများအား လည်းကောင်း၊ ဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအောင်ထူးက ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁၈ ရက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ၏ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည့် ခရီးစဉ်အတွင်း နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့သော မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်ဆိုင်ရာ နားလည်မှုစာချွန်လွှာ MoU အရ ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် နှစ်နိုင်ငံ သဘောတူညီချက်များအရ ဖွဲ့စည်းတာဝန်ပေးအပ်ရမည့် နှစ်နိုင်ငံ ပူးတွဲကော်မတီများတွင် မြန်မာနိုင်ငံဘက်က တာဝန်ပေးအပ်ရန် လျာထားမှုတို့အား ရှင်းလင်းတင်ပြခဲ့ရာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးသို့ မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။ **MOC(IR)**

## အာရှနိုင်ငံများမှ FOB ဆန်ဈေးနှုန်းများ

၁၃-၃-၂၀၂၀ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်မြို ၁၀၀ % | ၄၈၇ | ၅၀၇ | △ | - | - | - | - | - | - | - | - | - |
| ဆန်မြို ၅% | ၄၇၃ | ၄၉၃ | △ | ၃၈၈ | ၄၀၃ | △ | ၃၅၈ | ၃၅၅ | ▽ | ၃၈၃ | ၃၇၃ | ▽ |
| ဆန်မြို ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်မြို ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်မြို ၂၅% | ၄၅၉ | ၄၇၆ | △ | ၃၆၃ | ၃၈၈ | △ | ၃၃၈ | ၃၃၅ | ▽ | ၃၅၀ | ၃၄၃ | ▽ |
| ပေါင်းဆန် | ၄၇၃ | ၄၉၃ | △ | - | - | - | ၃၆၆ | ၃၆၃ | ▽ | ၃၉၃ | ၄၂၀ | △ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၁၃-၃-၂၀၂၀)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ - ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၅၀၀ | □ | ၂၀၀၀၀ | □ | ၆၉၀၀ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၇၅၀ | □ | ၂၄၅၀၀ | △ | ၇၉၀၀ | ▽ | ၃၁၀၀၀ | ▽ |
| ပဲခူး | ၅၃၅၀ | □ | ၂၀၅၀၀ | □ | ၇၂၀၀ | □ | ၃၂၀၀၀ | □ |
| ရွှေဘို | ၇၀၀၀ | □ | ၃၅၀၀၀ | □ | ၁၂၀၀၀ | □ | ၄၀၀၀၀ | □ |
| စစ်တွေ | ၅၁၀၀ | □ | ၂၁၀၀၀ | □ | ၈၀၀၀ | □ | ၃၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၀၀၀ | △ | ၂၂၅၀၀ | △ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၂၀၀ | △ | ၂၂၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| မန္တလေး | ၆၀၀၀ | □ | ၂၃၀၀၀ | □ | - | - | ၅၈၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၆၁၀၀၀ | □ |
| မော်လမြိုင် | ၄၈၇၆ | □ | ၂၀၀၀၀ | □ | ၇၇၀၀ | □ | ၂၈၀၀၀ | □ |
| လှိုင်ကော် | ၇၄၁၅ | □ | ၃၅၀၀၀ | □ | - | - | ၆၂၀၀၀ | □ |
| မြိတ် | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| ဘားအံ | ၅၄၀၀ | □ | ၂၃၅၀၀ | △ | - | - | ၃၀၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၆-၃-၂၀၂၀မှ ၁၂-၃-၂၀၂၀ရက်နေ့အထိOnline CO Applicationမှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 496 | 24 | - | - | - | **520** |
| | Form AANZ | 6 | - | - | - | - | 6 |
| | Form AHK | 2 | - | - | - | - | 2 |
| | Form AI | 186 | 9 | - | - | - | 195 |
| | Form AJ | 27 | 3 | - | - | - | 30 |
| | Form AK | 141 | 7 | - | - | - | 148 |
| | Form CHINA | 2 | - | - | - | - | 2 |
| | Form D | - | - | - | - | - | - |
| | Form DFTP | 8 | 6 | - | - | - | 14 |
| | Form E | 165 | 7 | - | - | - | 172 |
| | Form Korea | 17 | 1 | - | - | - | 18 |
| | E Form D | 257 | - | - | - | - | 257 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 1307 | 57 | - | - | - | 1364 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၃-၃-၂၀၂၀ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၆/၃ | ၁၃/၃ | ပြောင်းလဲမှု | ၆/၃ | ၁၃/၃ | ပြောင်းလဲမှု | ၆/၃ | ၁၃/၃ | ပြောင်းလဲမှု | ၆/၃ | ၁၃/၃ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၃၉၉ | ၁၄၁၉ | ▲ | ၁၃၅၀ | ၁၄၁၇ | ▲ | ၁၄၀၀ | ၁၃၇၅ | ▼ | ၁၄၀၀ | ၁၃၃၅ | ▼ |
| ပဲစင်းငုံ | ၁၁၃၄ | - | - | ၁၀၀၀ | ၁၀၅၀ | ▲ | ၁၀၂၅ | ၁၀၃၅ | ▲ | ၁၀၁၀ | ၁၀၁၀ | ■ |
| ပဲတီစိမ်း | ၁၇၅၀ | ၁၆၁၅ | ▼ | ၁၇၄၂ | ၁၇၄၂ | ■ | ၁၈၁၆ | ၁၇၆၃ | ▼ | ၁၇၁၀ | ၁၇၁၀ | ■ |
| ကုလားပဲရိုးရိုး | ၁၈၂၅ | ၁၆၀၀ | ▼ | ၁၂၄၀ | ၁၂၇၅ | ▲ | ၁၃၀၀ | ၁၂၇၉ | ▼ | ၁၂၇၅ | ၁၂၅၀ | ▼ |
| ပဲလွန်းဖြူ | ၁၄၃၀ | ၁၄၃၀ | ■ | ၁၄၁၇ | ၁၄၅၀ | ▲ | ၁၀၅၃ | ၁၀၅၃ | ■ | ၁၅၇၀ | ၁၄၂၀ | ▼ |
| ထောပတ်ပဲ | ၁၁၃၀ | ၁၁၃၀ | ■ | ၁၃၆၉ | ၁၃၆၉ | ■ | ၁၀၀၀ | ၉၇၄ | ▼ | ၁၀၅၀ | ၁၀၀၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၉.၂.၂၀၂၀)ထိ | ယခုတစ်ပတ် (၇.၃.၂၀၂၀)ထိ | (၁.၁.၂၀၂၀) မှ (၇.၃.၂၀၂၀) ထိ |
| မတ်ပဲ | ၁၄၃၁၆၁ | ၁၉၁၆၄ | ၁၆၂၃၂၅ |
| ပဲတီစိမ်း | ၆၉၀၄၃ | ၁၄၄၂၂ | ၈၃၄၆၅ |
| ပဲစင်းငုံ | ၃၇၃၂ | ၁၇၂ | ၃၉၀၄ |
| ကုလားပဲ | ၃၇၇၉ | ၆၈၄ | ၄၄၆၃ |
| ပဲလွန်းဖြူ | ၈၄၃၉ | ၁၃၄၀ | ၉၇၇၉ |
| မြေထောက်ပဲ | ၂၇၂၇ | ၈၅၇ | ၃၅၈၄ |

## ဆောင်းပဲတီစိမ်းသီးနှံ ပဲအဝင်လျော့ပြီး ဈေးကျဆင်းခဲ့

မတ်လဆန်းမှစ၍ ပြည်ပဲဈေးကွက်သို့ ဆောင်းပဲတီစိမ်းသီးနှံဝင်ရောက်မှု လျော့နည်းလာပြီဖြစ်လို့ ယခုတစ်ပတ်မှာတစ်ရက်အိတ် ၁၀၀ ဝန်းကျင်သာဝင်ရောက်ခဲ့ကြောင်းသိရသည်။

ပြည်အနီးတစ်ဝိုက် ပေါင်းတလည်၊ ပေါက်ခေါင်းဒေသများမှ ဝင်ရောက်ပြီး ဝယ်လက်ကတော့ ရန်ကုန်၊ မန္တလေးဝယ်လက်ပုံမှန်ရှိခဲ့သည်။ ပဲဈေးမှာ တစ်တင်းလျှင် ကျပ် ၃၄၀၀၀ ဖြင့် ရောင်းဝယ်ခဲ့ကြသည့်အတွက် ယခင်တစ်ပတ်ထက် ဈေးလျော့အဝယ်ရှိခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ်မှာ ပြည်ပဝယ်လက် ပဲသီးနှံအားလုံးလိုလို ဈေးလျော့နေသော်လည်း ပဲတီစိမ်းသီးနှံမှာ မတ်ပဲသီးနှံနှင့်ယှဉ်လျှင် ဈေးသိသိသာသာကျဆင်းသွားခြင်း မျိုးမဟုတ်သော်လည်း ကျပ်သုံးသောင်းအထက် ရောင်းဝယ်နေ၍ ပဲတီစိမ်းသီးနှံမှာ မတ်ပဲသီးနှံထက်တော့ ဈေးပိုရနေကြောင်း သိရသည်။

**ခင်ဆွေဝင်း(ပြည်)**


## ပြည်ဈေးကွက်တွင် နှမ်းနီနှင့်နှမ်းနက် ဈေးပြန်မြင့်တက်

ပြည်ဈေးကွက်တွင် နှမ်းနီနှင့် နှမ်းနက် နှစ်မျိုးသာ ဈေးတက်လာပြီး စမုံနက်နှမ်းမှာ ယခင်အပတ်ထက်စာလျှင် ဈေးပြန်ကျလာသည်ကိုတွေ့ရသည်။ နှမ်းနီနှင့် နှမ်းနက်မှာ ဝယ်လက်ပျောက်နေသော်လည်း ဒေသတွင်းဆီစက်လုပ်ငန်းရှင်များက ဆီကြိတ်ခွဲ ရန် အဝယ်ရှိနေ၍ ဈေးပြန်မြင့်လာသည်။ နှမ်းဈေးများမြင့်လာသော်လည်း ဆီဈေးမှာပြန်ကျလာသည်ကိုတွေ့ရသည်။

ယခုတစ်ပတ်တွင် နှမ်းဆီဈေးမှာတစ်ပိဿာလျှင် ကျပ် ၆၇၀၀- ၇၀၀၀ အထိ ဈေးပြန်ကျလာသည်။ စမုံနက်နှမ်းမှာဝယ်လက်မရှိသည့်အတွက် ဈေးပြန်ကျလာသည်။ ယခုတစ်ပတ် နှမ်းဈေးများမှာနှမ်းနီတစ်တင်းလျှင် ၅၀၀၀၀ ကျပ်၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၅၅၀၀၀ နှင့် ဈေးပြန်မြင့်လာခဲ့ပြီးစမုံနက်နှမ်းမှာတစ်တင်းလျှင် ကျပ် ၆၆၀၀၀ ဖြင့် ဈေးပြန်ကျလာသည်။

**ဝေဝေမင်း(ပြည်)**

## ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုနှင့် ဈေးနှုန်းများ



ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၆ ရက်အတွင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်သို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၈၆၃၀ တန်ဖိုးရှိငရုတ်သီးခြောက် ၆ ဒသမ ၈၉ တန်၊ အမေရိကန်ဒေါ်လာ ၁၇၅၀၀၀ တန်ဖိုးရှိ အစေ့ထုတ်ပြောင်း ၁၂၄၇ ဒသမ ၇၃ တန်တင်ပို့နိုင်ခဲ့ပြီး ကုန်ပစ္စည်းတင်ပို့မှုအနေဖြင့် ကုန်သွယ်မှုပမာဏတန်ဖိုး အမေရိကန်ဒေါ်လာ ၇၄၂၁၀ တင်ပို့မှု ပိုမိုလာပါကြောင်း မယ်စဲ့ကုန်သွယ်ရေးစခန်းစာရင်းများအရ သိရှိရသည်။

မတ် ၅ ရက်မှ ၁၂ ရက်အတွင်း ကယားပြည်နယ်မှ မန္တလေးမြို့သို့ ဒေသထွက် ဧည့်မထဆန်အိတ် စုစုပေါင်းအိတ် ၁၄၁၀ တန်ချိန်အားဖြင့် ၇၀ ဒသမ ၈၀ တန်နှင့် ဆန်တင်သွင်းမှုအနေဖြင့် ရန်ကုန်မြို့မှ လွိုင်ကော်မြို့သို့ အိတ် ၇၂၀ တင်သွင်းခဲ့ရာ တန်ချိန်အားဖြင့် ၃၆ ဒသမ ၁၅ တန်တင်သွင်းခဲ့ကြောင်း အခြားမြို့ကြီးများသို့ ပြောင်းတင်ပို့မှုအနေဖြင့် ပြောင်းအိတ်စုစုပေါင်း ၉၆၆၀ အိတ် တန်ချိန်အားဖြင့် ၄၇၃ ဒသမ ၂၀ တန်ခန့်တင်ပို့ခဲ့ကြောင်း ပြည်နယ်အထွက် ဂိတ်စာရင်းများအရ သိရှိရသည်။

ကယားပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသော စပါးဈေးနှုန်းများမှာ ဧည့်မထ(မိုး) စပါးတင် ၁၀၀ လျှင် ကျပ် ၇၄၁၅၀၀ ဈေးပေါက်ကြောင်း၊ ပြည်နယ်အတွင်းအရောင်းအဝယ်ဖြစ်လျက်ရှိသော ဆန်များမှာ ပေါ်ဆန်း၊ ဧည့်မထ၊ ငစိန်တို့ဖြစ်ပြီး ဆန်အိတ်ဈေးနှုန်းများမှာ ပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၆၂၀၀၀၊ ဧည့်မထဆန်တစ်အိတ်လျှင် ကျပ် ၃၅၀၀၀၊ ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၂၅၀၀၀ ဈေးပေါက်ပြီး တစ်ပြည်ဈေးနှုန်းများမှာ ပေါ်ဆန်းဆန်တစ်ပြည်လျှင် ကျပ် ၂၇၀၀၊ ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၁၆၀၀၊ ငစိန်ဆန်တစ်ပြည်လျှင် ကျပ် ၁၁၀၀၊ ပြောင်း (ခြောက်) တစ်ပိဿာလျှင် ကျပ် ၃၈၀ နှုန်းဖြင့် ဈေးပေါက်လျက်ရှိပါကြောင်း ကုန်သည်/ပွဲစားများထံမှသိရှိရသည်။ **ဖြိုးဝေအောင်(ကယား)**

## ဆက်လက်ကျဆင်းနေသည့် သာယာဝတီမတ်ပဲဈေး

ယခုတစ်ပတ် သာယာဝတီမတ်ပဲဈေးကွက်၌ မတ်ပဲဈေး ဆက်လက်ကျဆင်းနေသည်ကိုတွေ့ရှိရသည်။ ယခင်တစ်ပတ်ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၃၂၀၀၀ ဈေးမှ ၅၆၀၀ ကျဆင်းကာ တစ်တင်းလျှင် ကျပ် ၂၆၄၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရှိရသည်။ပဲတီစိမ်းမှာတစ်တင်းလျှင် ကျပ် ၃၃၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ယခင်တစ်ပတ်ကထက် ကျပ် ၄၈၀၀ ကျဆင်းနေသည်။ ပဲလွန်းဖြူဈေးမှာ တစ်တင်းလျှင် ကျပ် ၂၉၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရှိရသည်။

**ခင်ခင်ထိုက်(သာယာဝတီ)**

## ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးကျသော်လည်း ပုံမှန်အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးများပြန်ကျလာသည်။ မြေပဲဆီဆန် (အဖြူ)(အနီ) နှစ်မျိုးစလုံးကို ဆီစက်လုပ်ငန်းရှင်များက အဝယ်ရှိသလို မြေပဲလုံးဆန် (အဖြူ) (အနီ)ကိုရန်ကုန်မန္တလေးသို့ တင်ပို့သူများ၊ ပဲကြော်လုပ်ငန်းသမားများနှင့် မြေပဲဆားလှော်လုပ်ငန်းသမားများက အဝယ်ရှိကြောင်းသိရသည်။ ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာဆီဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၄၀၀၊ (အနီ) တစ်ပိဿာလျှင် ကျပ် ၂၆၀၀ နှင့် လုံးဆန်(အဖြူ)တစ်ပိဿာလျှင် ကျပ် ၂၇၀၀၊ (အနီ) တစ်ပိဿာလျှင် ၂၉၅၀ ကျပ်ဖြင့် ဈေးပြန်ကျလာသည်။ ယခုတစ်ပတ် မြေပဲဆီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၆၀၀၀- ၆၃၀၀ ဖြင့် မြေပဲသီးနှံဈေး ကျသလို ဆီဈေးပါကျလာသည်။

**ဝေဝေမင်း(ပြည်)**

## ဟင်္သာတမတ်ပဲ ဈေးပြန်မာလာပြီး ပဲတီစိမ်းဈေးကျ

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတကုန်စည်ဒိုင်တွင် မတ်လ ပထမပတ်က တစ်တင်းလျှင် ကျပ် ၂၉၀၀၀ ဈေးပေါက်ခဲ့သော မတ်ပဲသည် မတ် ၁၂ ရက်တွင် ကျပ် ၂၉၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ဝယ်လက်စုံလာသဖြင့် အိတ် ၃၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ပဲတီစိမ်း ဆီပြောင်တစ်တင်းလျှင် ကျပ် ၃၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၁၅၀၀ ကျဆင်းခဲ့ပြီး ပဲတီစိမ်း (ဝါးခယ်မ) တစ်တင်းလျှင် ကျပ်၃၄၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်ကာ ယခင်သီတင်းပတ်ထက် ကျပ် ၂၄၀၀ကျဆင်းခဲ့သည်။ ပဲလွန်းဖြူတစ်တင်းလျှင် ကျပ် ၂၈၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၂၀၀ကျဆင်းခဲ့ကာ ပဲလွန်းနီတစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၁၀၀၀ ကျဆင်းခဲ့သည်။ ပဲပုပ်တစ်တင်းလျှင် ကျပ် ၂၀၅၀၀ ဖြင့် ယခင်သီတင်းပတ်ထက် ကျပ် ၁၅၀၀ လျော့နည်း၍ ဈေးပေါက်ခဲ့သော်လည်း အရောင်းအဝယ်အေးခဲ့သည်။

အစေ့ထုတ်ပြောင်းတစ်တင်းလျှင် ကျပ် ၈၉၀၀ ဖြင့် ယခင်သီတင်းပတ်နှင့်ဈေးနှုန်းတူအရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဖွဲနုပေါင် ၇၀ တစ်အိတ်လျှင် ကျပ် ၇၇၀၀ ဖြင့်အရောင်းအဝယ်ဖြစ်ကာ ယခင်သီတင်းပတ်ထက် ကျပ် ၁၀၀ ကျဆင်းခဲ့သည်။ ဆန်ကွဲ (၁၊၂) ၁၀၈ ပေါင်တစ်အိတ်လျှင် ကျပ် ၁၄၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ၁၀၀၀ ကျပ်ကျဆင်းခဲ့ကာ ဆန်ကွဲ (၂၊၃၊၄) ၁၀၈ ပေါင်တစ်အိတ်လျှင် ကျပ် ၁၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၅၀၀ ကျဆင်းခဲ့ကြောင်း သိရှိရသည်။

**မောင်မောင်မြတ်ခိုင်**

## ပြည်မတ်ပဲ ဈေးကျသော်လည်း ပုံမှန်ရောင်းဝယ်မှုဖြစ်

ပြည်ပဲမျိုးစုံဈေးကွက်၌ ယခုတစ်ပတ်အတွင်း ပဲမျိုးစုံသီးနှံအားလုံးလိုလို ဈေးကျဆင်းခဲ့သည်။ ပဲအရောင်းအဝယ်ဖြစ်မှုအနေဖြင့် မတ်ပဲ တစ်တင်းလျှင် ကျပ်သုံးသောင်းကျော်မှနေ၍ ကျပ်သုံးသောင်းအောက်သို့ လျော့နည်းသွားခဲ့ပေမယ့် ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဝင်ရောက်မှုအနေဖြင့် တစ်ရက်အိတ် ၇၀၀/၈၀၀ကျော်ဝင်ရောက်ခဲ့သလို ရန်ကုန်ဝယ်လက်ကလည်း ပုံမှန်ဝယ်ယူနေသည့်အတွက် ဝင်ရောက်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့သည်။ ပဲစိုက်တောင်သူများအနေဖြင့် ဈေးလျော့နည်းလာသော်လည်း ငွေလို၍ထုတ်ရောင်းချသူများရှိသလို တချို့တောင်သူများကတော့ ဈေးကောင်းစောင့်ပြီး ဆက်လက် သိုလှောင်ထားရှိကြောင်းသိရသည်။

**ခင်ဆွေဝင်း(ပြည်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဘိန်းအစားထိုး စက်မှုသီးနှံ ကြံ

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ကွမ်းလုံမြို့နယ်နှင့် သိန္နီမြို့နယ်အတွင်းမှာရှိသည့် ကျေးရွာဒေသများမှာယခင်အချိန်အခါက ဘိန်းစိုက်ပျိုးသည့်ဒေသများဖြစ်ခဲ့ရာမှ ဘိန်းစိုက်ပျိုးမှုပပျောက်သွားစေရန် ဘိန်းစိုက်ခင်းများအစားကြံကို ၂၀၀၈ ခုနှစ်တွင် စတင်စမ်းသပ်စိုက်ပျိုးခဲ့ပြီး နှစ်နိုင်ငံချစ်ကြည်ရေးကို ရှေးရှု၍ တရုတ်နိုင်ငံကလည်း သကြားစက်ရုံများတည်ထောင်ကာ မြန်မာ့ကြံများအား ဝယ်ယူလျက်ရှိရာ အောင်မြင်မှုများရရှိလာခဲ့သဖြင့် ၂၀၁၂ ခုနှစ်မှစတင်၍ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နယ်နှင့် သိန္နီမြို့နယ်တို့၌ ကြံကိုဘိန်းအစားထိုးစက်မှုသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိသည်။



ဘိန်းအစားထိုးသီးနှံအဖြစ် ကြံကိုစတင်စိုက်ပျိုးချိန်တွင် ဒေသခံတောင်သူများကို အသိပညာပေးစည်းရုံးခြင်း၊ စိုက်ပျိုးရေးပညာရှင်များက စိုက်ပျိုးရိတ်သိမ်းမှုနည်းစနစ်များ သင်ကြား ပြသပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများကူညီထောက်ပံ့ပေးခြင်း၊ လိုအပ်သည့် ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများကိုအကြွေးစနစ်ဖြင့် ရောင်းချပေးခြင်း၊ ထွက်ရှိလာသည့် ကြံများ ရောင်းချရာတွင် ဈေးကောင်းရရှိအောင် ကူညီဆောင်ရွက်ပေးခြင်းတို့ပြုလုပ်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ အောင်မြင်မှုများရရှိလာကြောင်းသိရှိရသည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသမှ စိုက်ပျိုးသည့် ကြံများကိုနှစ်စဉ် ဒီဇင်ဘာလမှ ဧပြီလအတွင်း ရိတ်သိမ်းလေ့ရှိသည်။ ကြံစိုက်တောင်သူများမှာ ၎င်းတို့တစ်နှစ်ပတ်လုံး စိုက်ပျိုးထားသည့်ကြံများကို ရိတ်သိမ်းရာသီရောက်ချိန်တွင် ရိတ်သိမ်း၍ ရောင်းချရသည့် ဝင်ငွေဖြင့် မိသားစုစားဝတ်နေရေးအတွက် သုံးစွဲကြရကြောင်း သိရှိရသည်။

ယခင်ကဘိန်းစိုက်၍ အသက်မွေးဝမ်းကျောင်းပြုခဲ့ကြသည့် မြန်မာနိုင်ငံ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် နေထိုင်ကြသည့်ဒေသခံအများစုမှာ ယခုအခါတွင် တောင်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိနေကြပြီဖြစ်ရာ ဒေသခံပြည်သူများ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၎င်းတို့စိုက်ပျိုးထွက်ရှိသည့် ကောက်ပဲသီးနှံများဈေးကွက်ရရှိနိုင်ရေးကို နိုင်ငံတော်အပိုင်းကလည်းအလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတာဝန်ခံဦးဆောင်၍ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ လင်ချန်းမြို့နယ်၊ မိန့်တိန်မြို့ရှိ လင်ချန်းနယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများနှင့် နှစ်ဖက်အပြန်အလှန်အလှည့်ကျ ကျင်းပပြုလုပ်လေ့ရှိသည့် နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသမှ စိုက်ပျိုးထွက်ရှိသည့် ကြံများတင်ပို့မှု အဆင်ပြေချောမွေ့စေရေးကိစ္စအား အလေးထားထည့်သွင်းညှိနှိုင်းဆွေးနွေးခဲ့သည်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ နန့်ဟွာသကြားစက်ရုံသည် ကုန်ကြမ်းအဖြစ် မြန်မာနိုင်ငံ ရှမ်းပြည်နယ်မှစိုက်ပျိုးထွက်ရှိသည့် ကြံများကိုအဓိကထားဝယ်ယူ၍ သကြားကုန်ချောထုတ်လုပ်လျက်ရှိသည်။ မြန်မာနိုင်ငံဘက်က တင်ပို့သည့်ကြံများကိုရိတ်သိမ်းပြီး ၂၄ နာရီအတွင်း တရုတ်နိုင်ငံရှိသကြားစက်ရုံသို့ အချိန်မီရောက်ရှိအောင် တင်ပို့နိုင်မှသာလျှင် သကြားစက်ရုံအနေဖြင့် အရည်အသွေး ပြည့်မီသောကြံများကို ကြိတ်နိုင်မည်ဖြစ်ပြီး တောင်သူများအနေဖြင့်လည်း ဈေးကောင်းရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် တရုတ်နိုင်ငံ ချင်းရွှေဟော်(နန့်ဖာဟော်)ဂိတ်မှ ပုံမှန် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိသာ ခွင့်ပြုပေးနေရာမှ ကြံတင်ပို့ယာဉ်များကို နံနက် ၆ နာရီမှ ည ၁၀ နာရီအထိ အချိန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် နှစ်ဖက်ညှိနှိုင်းဆွေးနွေး၍ သဘောတူ ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် ဒေသတွင်းလုံခြုံရေးအခြေအနေအရ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိသာ ဖြတ်သန်းခွင့်ပြုထားသည့် ကွမ်းလုံကြိုးတံတားမှလည်း နံနက် ၆ နာရီမှည ၁၀ နာရီအထိ အချိန်တိုးမြှင့်ဖြတ်သန်းသယ်ဆောင်ခွင့်ပြုပေးနိုင်ရေးအတွက် သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများ၊ လုံခြုံရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထိုကဲ့သို့ ညှိနှိုင်းဆောင်ရွက်ပေးနိုင်မှုများနှင့်အတူ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဝန်ထမ်းများမှလည်း နံနက် ၆ နာရီမှ ည ၁၀ နာရီအထိ လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလလယ်မှစတင်၍ တရုတ်နိုင်ငံ၊ ဟူပေပြည်နယ်၊ ဝူဟန်မြို့မှတစ်ဆင့် ကမ္ဘာအနှံ့ကူးစက်ပြန့်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကြောင့် တရုတ်နိုင်ငံဘက်မှ လုပ်ငန်းအများစုမှာရပ် ဆိုင်းသွားခဲ့သည်။ ထိုအခြေအနေကြောင့် တရုတ်နိုင်ငံ၊ လင်ချန်းမြို့နယ်ဘက်တွင် သွားရောက်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား ၃၄၀၀၀ ကျော်ရှိရာမှ ၁၄၀၀၀ ကျော်မှာ နေရပ်ပြန်ရန် ပြန်လည်ဝင်ရောက်လာခဲ့ကြသည့်အတွက် တရုတ်နိုင်ငံတွင် လုပ်သားအင်အား လျော့နည်းသွားသဖြင့် လုပ်ငန်းများလည်း ရပ်ဆိုင်းသွားခဲ့သည်။

ထို့ပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် လာရောက်လုပ်ကိုင်ကြသည့် ကြံခုတ်လုပ်သားများမှာလည်း ၎င်းတို့နေရပ်မြေပြန့်ဒေသများသို့အသီးသီး ပြန်သွားကြသည့်အတွက် ကြံစိုက်တောင်သူများအနေဖြင့် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်ခဲ့ကြသည်။ သို့သော် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်အတွင်းမှာရှိသည့် နမ့်ဟွာသကြားစက်ရုံမှာ ကျန်ရှိသောလုပ်သားအင်အားဖြင့် ပုံမှန်အတိုင်း လုပ်ငန်းလည်ပတ်ဆောင်ရွက်ခဲ့သည့်အပြင် ဒေသတွင်းရှိစိုက်ပျိုးတောင်သူများ၏ကြိုးပမ်းမှုဖြင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသမှစိုက်ပျိုးထွက်ရှိသည့် ကြံများကိုမူ ပုံမှန်အတိုင်း ဆက်လက်တင်ပို့နိုင်ခဲ့သည်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းအနေဖြင့် တရုတ်နိုင်ငံမှ တာဝန်ရှိသူများ၊ ဒေသတွင်းမှ ဒေသအာဏာပိုင်များ၊ ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ပေးနိုင်မှုများကြောင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကြောင့် အခြားသော ပို့ကုန်/သွင်းကုန်လုပ်ငန်းများ ထိခိုက်မှုရှိခဲ့သော်လည်း ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသမှ ကြံစိုက်တောင်သူများအနေဖြင့် ထိခိုက်မှု အနည်းဆုံးဖြင့် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက တန်ချိန်ပိုမိုတိုးတက် တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရသည်။

**ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၂.၃.၂၀၂၀ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| မြန်မာနိုင်ဂရု(ပ်)ဆိပ်ကမ်း | - MT.VL.21 | စားအုံးဆီတန်ချိန် ၄၉၀၀ တန်ချဆဲ |
| ထီးတန်းဆီဆိပ်ကမ်း | - MT.RM.2 | စားအုံးဆီတန်ချိန် ၅၀၀၀ တန်ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - PACAO | ကုန်သေတ္တာ ဂ၁၂ တင် ဂ၁၆ ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - SINAR SOLO | ကုန်သေတ္တာ ဂ၂၅ တင် ၇၁၃ တန်ချဆဲ |
| အလုံဆိပ်ကမ်း(၁) | - VANTAGE BLADE | ဆန်တန်ချိန် ၂၂၅၀၀ တန်တင်ဆဲ |
| စက်မှုဆိပ်ကမ်း(၃) | - SANTOSA | ကုန်သေတ္တာ ၆၇၁ တင် ၁၉၄ ချဆဲ |
| ဆူးလေဆိပ်ကမ်း(၁) | - YAAN BYE | Steel Bar ၆၆၁၁ တန်ချဆဲ |
| ဆူးလေဆိပ်ကမ်း(၄) | - HONMON | ဆန်တန်ချိန် ၂၅၀၀၀ တန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၅) | - HOANG TREU–68 | ဆန်တန်ချိန် ၆၄၀၀ တန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၇) | - CRUX | ဆန်တန်ချိန် ၂၅၀၀၀ တန်တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၁) | - MT PHILIPPA | ကြိုးသကာရည် ၇၂၀၀ တန်တင်ဆဲ |
| သီလဝါဆိပ်ကမ်း(၁) | - ALVAN | ကုန်သေတ္တာ ၅၀၀ တင် ၆၁၄ တန်ချဆဲ |
| WILMAR JETTY | - ARGYROULA GS | Steel Product ၂၇၁၀၀ တန်ချဆဲ |
| သီလဝါဆိပ်ကမ်းသစ်(၁) | - OCEAN PROBE | ကုန်သေတ္တာ ၂၂တင် ၁၁ဂ တန်ချဆဲ |
| REGENCY &DENKO | - MT.OCEAN MANTA | MOGAS (92 Ron) ၁၁၁၃၆ တန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| HAN DE | Unit Rail Coach ၂၆ တန်ချရန် | - | ၁၂.၃.၂၀၂၀ |
| STAMINA SW | ဂျုံ ၂၂၆၀၀ တန်ချရန် | - | ၁၂.၃.၂၀၂၀ |
| VIKING EMERALD | Unite Vehicle (RO/RO)219ချရန် | - | ၁၃.၃.၂၀၂၀ |
| A FACER | Steel Product ၂၃၆၇၀ တန်ချရန် | - | ၁၃.၃.၂၀၂၀ |
| OCEAN PEACE-8 | Steel & Excavator16 Unit ၂၆၃၂ တန်ချရန် | - | ၁၃.၃.၂၀၂၀ |
| BBC ARIZONA | Generator ၉၅၃ တန်နှင့် 130 (40'),Contr ချရန် | - | ၁၃.၃.၂၀၂၀ |
| POROSPERITY | ပြောင်းဖူးတန်ချိန် ၂၄၀၀၀ တန်တင်ရန် | BINGALARDESH | ၁၄.၃.၂၀၂၀ |
| MATITIME VICTORY | SteelPlate ၃၀၀၀ တန်ချရန် | INDONESIA | ၁၄.၃.၂၀၂၀ |
| CHARITY | ဓါတ်မြေဩဇာ ၁ဂ၀၀ တန်ချရန် | THAI | ၁၄.၃.၂၀၂၀ |
| SAM WOLF | Steel Product ၂ဂ၄၀၀ တန်ချရန် | CHINA | ၁၄.၃.၂၀၂၀ |
| MODERN LINK | Unit26 PKG Vehicle (RO/RO)923ချရန် | JAPAN | ၁၅.၃.၂၀၂၀ |
| TUG;HAGGAI.1BG; SINGA BESAR2305 | Concrete Pile ၁၅၁၅ တန်ချရန် | MALAYSIA | ၁၆.၃.၂၀၂ |
| LOVE LAND ISLAND | ဆန်တန်ချိန် ၁၃၀၀၀ တန်တင်ရန် | W/AFRICA | ၁၇.၃.၂၀၂၀ |
| ANNA | Generator & II Unit Contr ၂ဂ၉ ချရန် | FILAND | ၁ဂ.၃.၂၀၂၀ |
| THERESA GRACE | ဂျုံ တန် ၁၀၄၅၀ တန်ချရန် | SINGAPORE | ၁၉.၃.၂၀၂၀ |
| TAI BINH 039 | ဆန်တန်ချိန် ဂ၆၀၀ တန်တင်ရန် | MALAYSIA | ၁၉.၃.၂၀၂၀ |
| DANNY BOY | Steel&52 Unit Vehicle12751ချရန် | KOREA | ၂၂.၃.၂၀၂၀ |
| PHU DAT 168 | SteelBar ၁၅၀၇ တန်ချရန် | INDIA | ၂၅.၃.၂၀၂၀ |
| ELPIDA GR | Steel Product ၃၂၇၉၃ တန်ချရန် | MALAYSIA | ၂၆.၃.၂၀၂၀ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| TRIESTE TRADER | SINGAPORE | သီလဝါ /စက်မှုဆိပ်ကမ်း | ၁၃.၃.၂၀၂၀ |
| ASIATIC KING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၃.၃.၂၀၂၀ |
| MCC HALONG | SINGAPORE | သီလဝါ /ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၃.၃.၂၀၂၀ |
| PACITA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၃.၂၀၂၀ |
| BL PL BLESSING | SINGAPORE | အလုံဆိပ်ကမ်း | ၁၄.၃.၂၀၂၀ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၃.၂၀၂၀ |
| GSS YANGON | SINGAPORE | သီလဝါ /အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၃.၂၀၂၀ |
| ALS SUMIRE | SINGAPORE | သီလဝါ /စက်မှုဆိပ်ကမ်း | ၁၆.၃.၂၀၂၀ |
| BANG KOK | SINGAPORE | အလုံဆိပ်ကမ်း | ၁၇.၃.၂၀၂၀ |
| TOVE MAERSK | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၇.၃.၂၀၂၀ |
| SINAR BALI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၇.၃.၂၀၂၀ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.AS SOVEREIGN | Diesel Oil+MOGAS (92Ron) 9700 တန်ချရန် | _ | ၁၂.၃.၂၀၂၀ |
| MT.BELLUGA PACIFIC | Diesel Oil 16000 တန်ချရန် | SINGAPORE | ၁၄.၃.၂၀၂၀ |
| MT.YU HAI | P.Oil(In Bulk) 5000 တန်ချရန် | SINGAPORE | ၁၄.၃.၂၀၂၀ |
| MT.OCEAN PORPOISE | Mogas ( 92 Ron) 12000 တန်ချရန် | SINGAPORE | ၁၅.၃.၂၀၂၀ |
| MT.SENNA 7 | Diesel Oil+MOGAS (92Ron) 19000 တန်ချရန် | SINGAPORE | ၁၅.၃.၂၀၂၀ |
| MT.OCEANMARLIN | Mogas ( 92 Ron) 12000 တန်ချရန် | SINGAPORE | ၁၆.၃.၂၀၂၀ |
| MT.THERESA LEO | Mogas ( 92 Ron) 12000 တန်ချရန် | SINGAPORE | ၁၇.၃.၂၀၂၀ |
| MT.ANGEL NO.6 | Diesel Oil+MOGAS (92Ron) 26000 တန်ချရန် | SINGAPORE | ၁၇.၃.၂၀၂၀ |
| MT.DENKO BRIGHT | Diesel Oil 23000 တန်ချရန် | SINGAPORE | ၁ဂ.၃.၂၀၂၀ |
| MT.GLORY STAR | Diesel Oil 15000 တန်ချရန် | SINGAPORE | ၂၀.၃.၂၀၂၀ |
| MT.ORCA PACIFIC | Diesel Oil 16000 တန်ချရန် | SINGAPORE | ၂၄.၃.၂၀၂၀ |
| MT.BELLUGA PACIFIC | Diesel Oil 16000 တန်ချရန် | SINGAPORE | ၂၄.၃.၂၀၂၀ |

## စပါးဈေးနှုန်းအနည်းငယ်မြင့်တက်ပြီး ဆန်ဈေးနှုန်းတည်ငြိမ်

သာယာဝတီခရိုင်အတွင်း မြို့နယ်များအလိုက် စပါးအမျိုးအစားများစိုက်ပျိုးသည့်အနက် ဧည့်မထ၊ရတနာတိုး၊ ငွေတိုး အစရှိသည့်စပါးမျိုးများမှာ ယခုသီတင်းပတ်တွင်၄၆ ပေါင်တင်း ၁၀၀ လျှင် အနိမ့်ဆုံး ကျပ် ၅၀၆၀၀၀ မှ အမြင့်ဆုံး ကျပ် ၅၂၄၄၀၀ ခန့်အထိ အနည်းငယ်မြင့်တက်လာပြီး ကရင်မထိပ်ဆောင်းစပါးမျိုးမှာတော့ ယခင်သီတင်းပတ်တွင် ၄၆ ပေါင် တင်း ၁၀၀ လျှင် ကျပ် ၅၅၂၀၀၀ ခန့်ရှိရာမှ ယခုသီတင်းပတ်တွင် ကျပ် ၅၇၀၄၀၀ ခန့်ထိဈေးနှုန်းမြင့်တက်လာသည်။ ဆန်ဈေးနှုန်းမှာအနိမ့်ဆုံး ကျပ် ၁၉၅၀၀ ခန့်နှင့် အမြင့်ဆုံးကျပ် ၂၁၀၀၀ ခန့်ဖြင့် ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရသည်။

ဝေဝေဖြိုး(သာယာဝတီ)

## ကြက်သွန်

# ပြည်ကြက်သွန်နီဈေးကွက်အတွင်း ပစ္စည်းလက်ကျန်များနေ

ယခုတစ်ပတ်တွင် ပြည်ဈေးကွက်သို့ တောင်တွင်း၊ စစ်တလင်း၊ အောင်လံ၊ သရက်စသည့်နယ်များမှ ကြက်သွန်နီများနှင့် ပြည်ဒေသပတ်ဝန်းကျင်တစ်ဝိုက်ဖြစ်သော ကုန်းရိုး၊ မှော်ဇာ၊ တောင်လုံးညိုဒေသတို့၌ စိုက်ပျိုးလျက်ရှိသော ကြက်သွန်နီများ ပိဿာ ၃၀ ဝင်အိတ် ၁၀၀၀-၁၂၀၀ ခန့် နေ့စဉ်ဝင်ရောက်မှုရှိနေသည့်အတွက် ဝင်ရောက်မှုများနေကြောင်းသိရသည်။အဝင်များပေမယ့် အရောင်းအဝယ်မှာ အေးနေသည့်အတွက် ဈေးကွက်အတွင်းကုန်ပစ္စည်းလက်ကျန်များနေကြောင်းသိရသည်။

ဈေးနှုန်းများမှာပွဲရုံလက်ကားဈေး တစ်ပိဿာကို (ကြီး/လတ်/သေး) ကျပ် ၉၀၀/၉၀၀-၈၀၀/၇၀၀-၆၅၀ နှုန်းတို့ရှိပြီး လက်လီဈေးအသေးများတွင် (ကြီး/လတ်/သေး) ကျပ် ၁၃၀၀/၁၃၀၀-၁၂၀၀/၁၁၀၀-၁၀၀၀နှုန်းတို့ဖြင့် အသီးသီး ရောင်းဝယ်မှုရှိကြသည်။

**ဝင်းလဲ့ဝါ(ပြည်)**

# ရေနံချောင်း၌ ကြက်သွန် လက်ကားဈေးကျ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ကြက်သွန်ဈေးကျနေသော်လည်း လက်လီဈေးမှာ ပြန်မကျဘဲ ရောင်းချလျက်ရှိကြောင်း သိရသည်။ 'ယခုတစ်ပတ်တွင် ကြက်သွန်တစ်ပိဿာ ကျပ် ၁၂၀၀ သာ ဝယ်ယူခဲ့တယ်။ တောင်သူကလည်း ရတဲ့ဈေးနဲ့က မကိုက်ဘူး။ ဈေးကောင်းမယ်ထင်ပြီး မရောင်းကြဘူး။ မတ် ၉ ရက်နဲ့ ၁၀ ရက်နေ့ ညနေပိုင်းမှာ ကြက်သွန်တစ်ပိဿာ ကျပ် ၈၀၀ ဝန်းကျင် ဈေးပြန်ကျခဲ့တယ်။ ယခုတစ်ပတ် ကြက်သွန်ဈေးအကျမြန်တယ်။ ဝယ်ယူသည့်ပွဲစားလည်းများတယ်'ဟု ရေနံချောင်းမြို့နယ် တောင်သူကိုစိုးသန်းက ပြောသည်။

ရေနံချောင်းဒေသထွက် ကြက်သွန်သည် အရည်အသွေးကောင်းမွန်ခြင်းကြောင့် ပြည်တွင်းဈေးကွက်အပြင် ပြည်ပသို့တင်ပို့ရကြောင်းသိရသည်။ 'ရေနံချောင်းမှာ ကြက်သွန်စိုက်ကြတဲ့ဒေသပါ။ လက်ကားဈေးကျနေပေမယ့် လက်လီကမကျဘူးဖြစ်နေတယ်။ ရေနံချောင်းမြို့မဈေးမှာ လက်လီတစ်ပိဿာ ကျပ် ၁၅၀၀ ရောင်းနေကြတယ်။ လက်ကားကျရင် လက်လီကျဖို့လိုတယ်'ဟု စားသုံးသူ ဒေါ်မာမြင့်က ပြောသည်။

ရေနံချောင်းမြို့နယ် ပင်းဝကျေးရွာ၊ သုံးဆယ်မြောက်ကျေးရွာ၊ ဥသျစ်ကုန်းကျေးရွာ၊ စည်ပင်ကျေးရွာအုပ်စုများရှိ ကျေးရွာ ၂၀ ခန့်တွင် ဥစိုက်ကြက်သွန်ကို အဓိကစိုက်ကြောင်းသိရသည်။ ရေနံချောင်းမြို့နယ် ကြက်သွန်စိုက်ဧက ၃၀၀၀ ဝန်းကျင်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လျာထားစာရင်းအရ သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

# သာယာဝတီ၌ ကြက်သွန်ဈေးကျ

ပဲခူးတိုင်းဒေသကြီး အနောက် သာယာဝတီခရိုင်အတွင်းသို့ ပြည်၊အောင်လံ၊ တောင်တွင်းဘက်မှ ကြက်သွန်နီများ နေ့စဉ်ပိဿာ ၃၀ ဝင်အိတ်၁၅၀ခန့်စီးဝင်လျက်ရှိကြောင်း သိရသည်။

ယခင်သီတင်းပတ်များတွင် ကြက်သွန်နီဈေးနှုန်းများ မှာတစ်ပိဿာလျှင်အနိမ့်ဆုံးကျပ် ၂၀၀၀ခန့်မှ ၂၅၀၀ခန့်အထိရှိသော်လည်း ယခုအခါ တောင်သူများအနေဖြင့်ဈေးကောင်းရနေသောကြောင့် ရင့်မှည့်ချိန်အထိမစောင့်ဘဲ ဆွတ်ခူးရောင်းချရာ အရည်အသွေးမကောင်းခြင်းဝင်ရောက်မှု များနေသောကြောင့် ယခုအခါဈေးနှုန်းကျဆင်းပြီး အရောင်းအဝယ်အေးနေကြောင်း သိရှိရသည်။ ဈေးနှုန်းများအနေဖြင့် ကြီး၊ လတ်၊ သေး တစ်ပိဿာလျှင် ကျပ် ၁၅၀၀/၁၄၀၀/၁၂၀၀ ခန့်ဖြင့်အရောင်းအဝယ်ပြုလုပ်နေကြောင်းသိရသည်။

**ဝေဝေဖြိုး(သာယာဝတီ)**

# မြစ်သားမြို့နယ်၌ ကြက်သွန်များ ဈေးကောင်းရနေ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကြက်သွန်များနုတ်သိမ်းလျက်ရှိရာ ပွဲစားများက စိုက်ခင်းများအထိ လာရောက်ဝယ်ယူသောကြောင့် အရောင်းအဝယ်သွက်နေကြောင်း တောင်သူများထံမှ သိရသည်။

ယခုအချိန်တွင် ရွှေဖလားအပင်စိုက် ကြက်သွန်နီတွေ ခုနုတ်သိမ်းနေပါတယ်။ ရွှေဖလားမျိုး နှစ်ပြည်ကို တစ်ဧကစိုက်လို့ရကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပိဿာချိန် ၂၀၀၀ နှင့် ၂၅၀၀ ကြားထွက်ရှိကြောင်း၊ ပွဲစားများက အခင်းထဲအထိ လိုက်လံဝယ်ယူကြောင်း၊ တစ်ပိဿာလျှင် ကျပ် ၁၀၀၀ နှင့် ၁၂၀၀ ဝယ်ယူကြောင်း၊ အရင်နှစ်က ရွှေဖလားအပင်စိုက် ကြက်သွန်နီကို ဖေဖော်ဝါရီလမှပေါ်တာဖြစ်ကြောင်း၊ ယခုနှစ် ဇန်နဝါရီလတွင် အစောပေါ်သောကြောင့် ဒီနှစ်ကြက်သွန်ဈေးကောင်းတဲ့အတွက် တွက်ချေကိုက်တယ်ဟုရွာမုန်းကြီးကျေးရွာ တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ယခုနှစ်ကာလတူ ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၄၀၀ နှင့် ၅၀၀ ဝန်းကျင်သာ ရောင်းရကြောင်း၊ လက်ရှိမြစ်သားမြို့နယ်ထွက် ကြက်သွန်နီများမှာ အရည်အသွေးကောင်းမွန်သောကြောင့် မန္တလေးမြို့ ပွဲရုံများအထိ တင်ပို့နေကြောင်း သိရှိရသည်။

**စပယ်လှိုင်(ကျောက်ဆည်)**

## မန်ကျည်း

# မန်ကျည်းတန်ချိန် ၇၀၀ ကျော်တင်ပို့



မတ် ၁ ရက်မှ ၇ ရက်သီတင်းပတ်အတွင်း မန်ကျည်း ၇၄၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံသို့၁၇၅ တန်၊ ပါကစ္စတန်နိုင်ငံသို့ တန်ချိန် ၂၀၀၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၀၀၊ ထိုင်းနိုင်ငံသို့တန်ချိန် ၁၀၀ နှင့် ဗီယက်နမ်နိုင်ငံသို့ ၁၁၆ တန် တင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် ပါကစ္စတန်နှင့်မလေးရှားနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သည်။ ယခင်သီတင်းပတ်က မန်ကျည်း၃၉၅ တန်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင်တန်ချိန် ၃၅၀ ပိုမိုတင်ပို့နိုင်ခဲ့သည်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၁၄၃၀၀ ဒေါ်လာဝင်ငွေရရှိခဲ့သည်။ လချုပ်အနေဖြင့် ဖေဖော်ဝါရီတစ်လအတွင်းမန်ကျည်းစုစုပေါင်း၈၀၃ တန်တင်ပို့နိုင်ခဲ့သည်။ **သီတာဝင်း(DOT)**

## နနွင်း

# ယခုတစ်ပတ် နနွင်းတန်ချိန် ၆၀ ကျော် တင်ပို့

မတ် ၁ ရက်မှ ၇ ရက်သီတင်းပတ်အတွင်း နနွင်း ၆၀ ဒသမ ၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ပါကစ္စတန်နိုင်ငံသို့ ၂၈ ဒသမ ၄ တန်နှင့် အိန္ဒိယနိုင်ငံသို့ ၃၂ တန် တင်ပို့ ခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က နနွင်း၄၈ တန်ကျော်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့ မှုနှင့်နှိုင်းယှဉ်လျှင် နနွင်း ၁၀ တန်ကျော် တင်ပို့မှုပိုခဲ့ကြောင်း သိရသည်။

နနွင်းတစ်တန် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၈၀ ဝန်းကျင်ရရှိခဲ့ကြောင်းသိရသည်။ နနွင်း တင်ပို့မှုမှ စုစုပေါင်းအမေရိကန်ဒေါ်လာ ၅၃၁၄၀ ဒေါ်လာဝင်ငွေရရှိခဲ့ကြောင်း သိရသည်။ လချုပ်အနေဖြင့် ဖေဖော်ဝါရီလစုစုပေါင်းနနွင်း၂၂၂ ဒသမ ၁၂၅ တန် တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

**သီတာဝင်း(DOT)**

# နနွင်းတက်စိုက်ပျိုးမှုနှင့် ဈေးကွက်အခြေအနေ

ကျောက်ဆည်ခရိုင်အနေဖြင့် နနွင်း(မိုး)ကို ၂၆၈၁ ဧက စိုက်ပျိုးခဲ့ပြီး ၁၀၅၈ ဧကရိတ်သိမ်းပြီးဖြစ်ရာ တစ်ဧက အထွက်နှုန်းအနေဖြင့် ၁၂၄၈ ဒသမ ၆၂ တင်း အထွက်စုစုပေါင်း ၁၃၂၀၄၅ တင်းထွက်ရှိကြောင်း၊ ကျောက်ဆည်ခရိုင်အတွင်း နနွင်း(မိုး)များ ရိတ်သိမ်းနေပြီဖြစ်ရာဖေဖော်ဝါရီလကုန်အထိ မြို့နယ်များမှ ရိတ်သိမ်းပြီး ဧကများမှာ မြစ်သားမြို့နယ်တွင် ၁၀၀၈ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၅၀ ရိတ်သိမ်းပြီးကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရသိရှိရသည်။

ယခုအချိန်တွင် နနွင်းများတူးဖော်လျက်ရှိပြီး မြစ်သားမြို့နယ်တွင် နနွင်းတက် အခြောက်တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ရာသီပေါ် နနွင်းတက်အစိုလှည်းတစ်စီးလျှင် ကျပ် ၁၁၀၀၀၀ဖြင့်လည်းကောင်း၊ နနွင်းခေါင်း လှည်းတစ်စီးလျှင် ကျပ် ၁၄၀၀၀၀ ဖြင့်လည်းကောင်း ဈေးနှုန်းဖြစ်ပေါ် လျက်ရှိကြောင်း သိရှိရသည်။ နနွင်းတစ်ဧက အထွက်နှုန်းအနေဖြင့် နနွင်းအစိုလှည်း ၁၂ စီးခန့်ထွက်ရှိကြောင်း၊ နနွင်းတက်(အခြောက်) ကုန်ချိန် ၈၀၀ ပိဿာအထိ ထွက်ရှိကြောင်း၊ မြစ်သားမြို့နယ်၊ ဒါးရဲကောင်းကျေးရွာတောင်သူတစ်ဦး၏ ပြောကြားချက်အရသိရှိရသည်။

နနွင်းတက်အား အခြောက်လှန်းရန် စိုက်ခင်းထွက်နနွင်းများအား ရေနွေးဖျောပြီးမှ နေလှန်းအခြောက်ခံရခြင်းဖြစ်ကြောင်း၊ နနွင်းတစ်ဧက ကုန်ကျစရိတ်အနေဖြင့် လုပ်အားခမပါ ကျပ် ၇၅၀၀၀၀ ကျော်သာ ကုန်ကျမှုရှိသဖြင့် တောင်သူများအနေဖြင့် တွက်ခြေကိုက်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း သိရှိရသည်။

**နှင်းလဲ့လဲ့(ကျောက်ဆည်)**

## ချင်း



# ရှမ်းချင်း ပုံမှန်အရောင်းအဝယ်ဖြစ်

ဟိုပုံးဈေးကွက်၌ ချင်း(သစ်) အဝင်နည်းသော်လည်း ဝင်သလောက် ရောင်းနေရသည်။ အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိနေသည်။ ချင်း(စို)ကို ပြည်တွင်းသုံးနှင့် ဒေသတွင်းသာ ဝယ်ယူမှုများသည်။ ချင်း(ညှံ့စ) ကို ဒေသတွင်းဟင်းခတ်ရန်အတွက်သာ လက်လီအနေဖြင့် ရောင်းဝယ်မှုရှိသည်။ ချင်းခြောက်ကို ပြည်ပတင်ပို့ရန်အတွက် ရန်ကုန်ဝယ်လက်များက ဝယ်ယူမှုရှိနေသောကြောင့် တစ်ပတ် အတွင်း ပိဿာချိန် သုံးထောင်၊ လေးထောင်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ် ဟိုပုံးဈေးကွက်၌ ချင်း(စို) တစ်ပိဿာပေါက်ဈေး (ညှံ့စ) ကျပ် ၃၀၀ မှ ၆၀၀ ရှိပြီး ထိပ်စက ကျပ် ၁၀၀၀ ဈေးရှိသည်။ ချင်းခြောက်ကလည်း တစ်ပိဿာကို ကျပ် ၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။ အောင်ပန်းဈေးကွက်၌လည်း ချင်းက ပုံမှန်အဝင်ရှိသော်လည်း ပြည်ပတင်ပို့နိုင်သော တန်းဝင်ချင်းများ မဟုတ်သောကြောင့် ပြည်ပသို့ အနည်းငယ်သာ တင်ပို့နေရသည်။ တစ်ပိဿာပေါက်ဈေးက ကျပ် ၅၀၀ မှ အမြင့်ဆုံး ကျပ် ၁၆၀၀ ဈေးရှိကာ ချင်းခြောက် ကျပ် ၂၃၀၀မှ ၂၅၀၀ ဈေး ရှိကြောင်း သိရသည်။

**ဇေခိုင်(တောင်ကြီး)**

# မြန်မာ့ရေထွက်ပစ္စည်းများ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းလျက်ရှိ

ဒေါက်တာနုနုခိုင်(နှစ်နိုင်ငံ)

မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်းများ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပါအဝင် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရာတွင် ကုန်သွယ်မှုကို အဟန့်အတားဖြစ်စေမည့် ထိခိုက်နစ်နာမှုများ မဖြစ်ပေါ် စေရေးနှင့် မြန်မာနိုင်ငံမှ ရေထွက်ကုန်များ တရုတ်နိုင်ငံသို့ တင်သွင်းခွင့်ရှိ မရှိစိစစ်ရန်တို့အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC) နှင့် သံတမန်လမ်းကြောင်းမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ GACC သို့ မြန်မာနိုင်ငံ၏ ရေထွက်ကုန်ပစ္စည်း အမယ်ပေါင်း ၁၈၇ မျိုးနှင့်ပတ်သက်သည့် စာရင်းအချက်အလက်များ၊ မြန်မာလုပ်ငန်းကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက်များနှင့် တရုတ်နိုင်ငံဘက်မှ ပေးပို့လာသည့် ရေထွက်ပစ္စည်းများ တင်သွင်းရာတွင် ဘေးအန္တရာယ် အခြေအနေ လေ့လာအကဲဖြတ်ရန် မေးခွန်းများ (Questionnaire on Risk Assessment of Imported Aquatic Products) အပေါ် ဖြေကြား၍ သံတမန်နည်းလမ်းမှတစ်ဆင့် ပေးပို့ခဲ့ကြောင်း သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC)၏ အကြောင်းပြန်ကြားချက်အရ ရေထွက်ပစ္စည်းများတင်ပို့ရာတွင် ဘေးအန္တရာယ် အခြေအနေ လေ့လာအကဲဖြတ်ရန် မေးခွန်းများ (Questionnaire on Risk Assessment of Imported Aquatic Products) အပေါ် ဖြေကြားပေးပို့ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ကုမ္ပဏီလုပ်ငန်းများအား မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ယင်းကုမ္ပဏီများစာရင်းကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့(GACC) ၏ တရားဝင် website တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ရေထွက်ပစ္စည်းများ တင်ပို့ရောင်းချရန်ကိစ္စနှင့် ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေစီမံကွပ်ကဲမှုအဖွဲ့အစည်း၏ သွင်းကုန်နှင့် ပို့ကုန် အစားအစာ ဘေးကင်းလုံခြုံရေးဗျူရို (Bureau of Import and Export food Safety of the General Administration of Customs of China–GACC)မှ အဓိကအားဖြင့် တရုတ်နိုင်ငံသို့ ရေထွက်ပစ္စည်းများ တင်ပို့နိုင်ရန်အတွက် စီမံခန့်ခွဲရေးစနစ်အား သတ်မှတ်ကျင့်သုံးလျက်ရှိပြီး မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ရေထွက်ပစ္စည်းများ တင်ပို့ခွင့်ရှိသည့် ကုမ္ပဏီစာရင်း၊ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်သည့် ရေထွက်ပစ္စည်းစာရင်းတို့အား ၎င်းတို့၏ တရားဝင် Website ဖြစ်သည့် http//www. gaccfoodsafe. com တွင် ဖော်ပြထားကြောင်း သိရသည်။

အဆိုပါစာရင်းဇယားများအရ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ရေထွက်ပစ္စည်းများ တင်ပို့ခွင့်ရှိသည့် ကုမ္ပဏီစုစုပေါင်း ၁၁၁ ခုရှိပြီး ရေထွက်ပစ္စည်း အမျိုးအမယ်ပေါင်း ၁၀၁ မျိုး တင်ပို့နိုင်ကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်သည့် ရေထွက်ပစ္စည်းစာရင်းတို့ကို အောက်ပါအတိုင်း ဖော်ပြထားရှိပါသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်သည့်ရေထွက်ပစ္စည်းစာရင်း

| စဉ် | ကုန်ပစ္စည်းအမျိုးအမည် (ရေထွက်ကုန်) | ခွင့်ပြုပေးမှုအခြေအနေ | H.S Code | မှတ်ချက် |
|---|---|---|---|---|
| 1 | Trichiuruslepturus | Normal | 0303891000,0304990090 | Frozen |
| 2 | Argyrosomusargentatus | Normal | 0303899090,0304890090 | Frozen |
| 3 | Scomberomorusguttatus | Normal | 0303899090 | Frozen |
| 4 | Penaeusmonodon | Normal | 0306171900,0306299000 | Frozen |
| 5 | Priacanthuscruentatus | Normal | 0303899090 | Frozen |
| 6 | Pandalus borealis | Normal | 0306161200,0306161900 | Frozen |
| 7 | Pandalus borealis | Normal | – | Chilled |
| 8 | Pagellusbellottii | Normal | 0303899090 | Frozen |
| 9 | Pangasiusbocourti | Normal | 0303899090,0304629000, 0304930090,030599090, 0305790090 | Frozen |
| 10 | Ilishaelongata | Normal | 0303899090,0305599090 | Frozen |
| 11 | Urophycis spp. | Normal | 0303660000 | Frozen |
| 12 | Larimichthyscrocea | Normal | – | Chilled |
| 13 | Larimichthyscrocea | Normal | 0303892000,0304990090, 0305599090,0305692000 | Frozen |
| 14 | Clupeaharengus | Normal | 0303510000,0303899090, 0304890090,0304990090, 0305420000,0305610000, 0305699090 | Frozen |
| 15 | Gadusmorhua | Normal | – | Chilled |
| 16 | Paralichthysdentatus | Normal | 0303899090 | Frozen |
| 17 | AluterusMonoceros | Normal | 0303899090 | Frozen |
| 18 | Metapenaeusensis | Normal | 0306171900 | Frozen |
| 19 | Pleuronectesplatessa | Normal | 0303320000,304430000, 0304990090,0305699090 | Frozen |
| 20 | Uroteuthisduvauceli | Normal | 0307490000,0308909090 | Frozen |
| 21 | Priacanthusmacracanthus | Normal | 0303899090,0304990090 | Frozen |
| 22 | Thunnusobesus | Normal | 0303440000,0304890090, 0304990090 | Frozen |
| 23 | Sillagosihama | Normal | 0303899090 | Frozen |
| 24 | Apostichopus spp. | Normal | – | Frozen |
| 25 | Gadusogac | Normal | – | Chilled |
| 26 | Xenocypris spp. | Normal | 0303899090 | Frozen |
| 27 | Sinibramamelrosei | Normal | 0303899090,0305599090 | Frozen |
| 28 | Arius thalassinus | Normal | 0303899090,0304890090 | Frozen |
| 29 | Lutjanussanguineus | Normal | 0303899090,0304890090, 0304990090 | Frozen |
| 30 | Red shrimp | Normal | 0306161900 | Frozen |
| 31 | Cephalopholissonnerati | Normal | – | Chilled |
| 32 | Lethrinushaematopterus | Normal | 0303899090 | Frozen |
| 33 | Otolithesruber | Normal | 0303899090 | Frozen |
| 34 | Silurusasotus | Normal | 0303899090,0304890090, 0304990090 | Frozen |
| 35 | Nibeaalbiflora | Normal | 0303899090 | Frozen |
| 36 | Thunnusalbacares | Normal | 0303420000,0304890090, 0304990090 | Frozen |
| 37 | Monopterusalbus | Normal | 0303899090,0305599090, 0305699090 | Frozen |
| 38 | Thunnus spp. | Normal | 0303490000,0304890090, 0304990090,0305390090, 0305490090,0305590090, 0305690090 | Frozen |
| 39 | Nemipterusvirgatus | Normal | 0303899090,0304890090, 0304990090,0305390090, 0305599090 | Frozen |
| 40 | METAPENAEUS AFFINIS | Normal | 0306172100 | Frozen |
| 41 | Scylla serrata | Normal | 0306149000 | Frozen |
| 42 | Scylla serrata | Normal | 0306249900 | Chilled |
| 43 | Scomberomoruscommerson | Normal | 0303899090,0304890090, 0304990090,0305390090, 0305490090,0305699090 | Frozen |
| 44 | Alpheus bellulus | Normal | 0306171900 | Frozen |
| 45 | Lobster (common species: Chinese Lobster, Japanese lobster, variegated lobster, real lobster, etc.)Palinuridae | Normal | – | Frozen |

စာမျက်နှာ ၁၇ သို့

## ယခုတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ်တင်သွင်းမှုလျော့

မတ် ၁ ရက်မှ ၇ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၅၁၈၇၇၀၇ တန်ဖိုးရှိ ဓာတ်ဆီ ၅၂၆၁၉ ဒသမ ၃၇ တန်နှင့် အမေရိကန်ဒေါ်လာ ၃၃၁၂၁၇၃၀ တန်ဖိုးရှိ ဒီဇယ် ၆၅၆၆၁ ဒသမ ၉၄ တန် စုစုပေါင်း ၁၁၈၂၈၁ ဒသမ ၃၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဓာတ်ဆီ၇၂၅၉၈ ဒသမ ၅၀တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၁၉၉၇၉ ဒသမ ၁၃ တန်၊ ယခင်သီတင်းပတ်က ဒီဇယ်တန်ချိန် ၁၀၈၈၈၄ ဒသမ ၉၉ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၄၃၂၂၃ ဒသမ ၀၅ တန်တင်သွင်းမှု လျော့နည်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ်ဓာတ်ဆီရောဒီဇယ်ပါ အဝင်လျော့ခဲ့သည်။

နယ်စပ်စခန်းဖြစ်သည့် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၁၅၀၉၄ တန်ဖိုးရှိ ဒီဇယ် ၄၈၉ ဒသမ ၄၉ တန်နှင့် အမေရိကန်ဒေါ်လာ ၂၁၅၈၉၃ တန်ဖိုးရှိ ဓာတ်ဆီ ၇၀၈ ဒသမ ၃၂ တန် တင်သွင်းခဲ့ကြောင်းသိရသည်။

**သီတာဝင်း(DOT)**

## တည်းကုန်းဈေး၌ ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တည်းကုန်းလက်ကားဈေးကြီးအတွင်းသို့ မတ် ၂ ရက်မှ မတ် ၈ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော်တပ်ကုန်း၊ ရွှေဒါးမင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်များ အများဆုံးဝင်ရောက်ရောင်းချနေကြောင်း သိရသည်။

ထိုသို့ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး ထိုင်ဝမ် (ပိဿာ)ကျပ် ၂၅၀ မှ ၃၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၂၅၀ မှ ၅၀၀ အတွင်း၊ ပန်းဂေါ်ဖီ(တစ်ထုပ်) ကျပ် ၃၀၀ မှ ၄၀၀ အတွင်း၊ အာလူး(ပိဿာ) ကျပ် ၇၀၀ မှ ၈၀၀ အတွင်း၊ မုန်လာဥနီ (ပိဿာ) ကျပ် ၁၀၀၀ မှ ၂၄၀၀ အတွင်း၊ ရွှေဖရုံသီး(လုံး) ကျပ် ၈၀၀ မှ ၂၀၀၀ အတွင်း၊ ဘူးသီး (လုံး)ကျပ် ၅၀၀ မှ ၈၀၀ အတွင်း၊ မုန်ညင်း (ထုပ်)ကျပ် ၁၀၀၀၊ ကြက်သွန်နီ (ဆိပ်ဖြူ) (ပိဿာ) ကျပ် ၈၀၀ မှ ၁၀၀၀ အတွင်း၊ ကြက်သွန်ဖြူ (ရှမ်း) (ပိဿာ) ကျပ် ၂၈၀၀ မှ ၄၅၀၀ အတွင်း၊ ကြက်သွန်ဖြူ(ကြူကုတ်) (ပိဿာ) ကျပ် ၂၇၀၀ မှ ၂၈၀၀ အတွင်း၊ ချင်း (ပိဿာ)ကျပ် ၂၀၀၀ မှ ၂၅၀၀ အတွင်း၊ ဆလတ်ရွက် (စီး) ကျပ် ၇၀ မှ ၁၀၀ အတွင်း၊ ရုံပတီသီး(တောင့်) ကျပ် ၁၂ မှ ၁၅ အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၁၅၀ မှ ၂၇၀ အတွင်း၊ ချဉ်ပေါင်ရွက်(စီး) ကျပ် ၄၀ မှ ၅၀ အတွင်း၊ ခရမ်းသီး (ရှည်) (လုံး) ကျပ် ၅၀ မှ ၁၅၀ အတွင်း၊ သံပုရာသီး(လုံး) ကျပ် ၅၀ မှ ၁၅၀ အတွင်း၊ ပဲသီး (စီး) ကျပ် ၁၀၀ မှ ၂၅၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ) ကျပ် ၁၀၀၀၊ ဖရဲသီး(လုံး) (ကြီး)ကျပ် ၂၀၀၀မှ ၂၅၀၀ အတွင်း၊ ဖရဲသီး(လုံး)(လတ်)ကျပ် ၁၅၀၀၊ ဖရဲသီး (လုံး)(သေး)ကျပ် ၁၀၀၀ ယခုရက်သတ္တပတ်အတွင်း မုန်လာဥနီ၊ ကြက်သွန်နီ(ဆိပ်ဖြူ)၊ ကြက်သွန်ဖြူ(ကြူကုတ်)နှင့် ချဉ်ပေါင်ရွက်တို့မှာ ဈေးအနည်းငယ်ကျနေကြောင်း သိရှိရသည်။

**ခိုင်ရွှေ(ရန်ကုန်)**

## Energy NYMEX 13-3-2020

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 31.11 | 0.61 | 1.94 |
| Brent Crude Futr (USD/bbl) | 33.94 | 0.71 | 2.17 |
| Gasoline Rbob Fut (Cent/gal) | 92.62 | 2.87 | 3.20 |
| Natural Gas Futr (USD/MMBtu) | 1.87 | 0.03 | -1.41 |
| Heating Oil Futr (Cent/gal) | 115.28 | -0.70 | -0.60 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 9-March | 17.07 | 1900.73 | 1644.84 | 5494.13 | 877.00 |
| 10-March | 17.06 | 1991.53 | 1675.26 | 5585.16 | 874.00 |
| 11-March | 17.02 | 1984.04 | 1673.94 | 5572.81 | 875.00 |
| 12-March | 16.56 | 1942.38 | 1641.32 | 5415.67 | 859.00 |
| 13-March | 15.65 | 1944.59 | 1648.59 | 5430.21 | 796.00 |

## ပြန်လည်မြင့်တက်လာသည့် ပြည်တွင်းငွေလဲနှုန်း

မတ်လ ပထမပတ်ကစတင် ကျ ဆင်းခဲ့သည့် ပြည်တွင်းငွေလဲနှုန်းမှာ အကျဈေး ဖြင့်ရပ်တည်နေရာမှ ဒုတိယပတ်တွင် ပြန်လည်မြင့်တက်လာခဲ့ပြီဖြစ်ကြောင်း သိရသည်။ ထိုကဲ့သို့ ဈေးပြန်လည်မြင့်တက်လာခြင်းမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေဈေးပြိုင်လေလံဖြင့် ဝင်ရောက်ထိန်းပေးခဲ့ခြင်းကြောင့်ဖြစ်ပြီး မတ် ၁၂ ရက်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၉၈ ကျပ် သတ်မှတ်ထားပြီး ဈေးကွက်အနေအထားအရ ပြီးခဲ့သည့် တစ်ပတ်ကထက် မြင့်တက်လာကြောင်းသိရသည်။

'ဒီရက်ပိုင်းမှာ နိုင်ငံခြားငွေလဲလှယ်နှုန်းက ပမာဏတစ်ခုအထိ သိသိသာသာ ပြောင်းလဲလာတယ်။ အတက်အကျကလည်း တစ်ပတ်အတွင်းကို သိသိသာသာ ပြောင်းလဲနေတယ်။ အဲဒါက ပြည်တွင်းက စီးပွားရေးလုပ်ငန်းရှင်တွေ အပါအဝင် တောင်သူတွေကိုပါ ရိုက်ခတ်နိုင်ပါတယ်။ ငွေကြေးဂယက်ရိုက်မှုနဲ့ပတ်သက်ပြီး UMFCCI အနေနဲ့ ပြီးခဲ့တဲ့ရက်ပိုင်းကစပြီး အစိုးရကိုတင်ပြဖို့အတွက် ဆွေးနွေးမှုတွေလုပ်နေတယ်လို့လည်းသိရတယ်။ အဲဒါတွေကြောင့် ငွေဈေးကချက်ချင်းပြန်တက်လာတာဖြစ်နိုင်တယ်။ လတ်တလောအနေအထားက ဒေါ်လာဈေးအတက်အကျကြမ်းတဲ့အတွက် စောင့်ကြည့်နေကြတဲ့အနေအထားမှာရှိပါတယ်'ဟု ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် မတ် ၉ ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ကျပ် ၁၃၃၀၊ ဝယ်ဈေး ကျပ် ၁၃၀၀ မှ မတ် ၁၂ရက် တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ကျပ် ၁၄၀၀၊ ဝယ်ဈေးကျပ် ၁၃၈၀သို့မြင့်တက်ခဲ့ကြောင်း၊ မတ် ၁၃ ရက်တွင်မူ အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၄၁၅ ကျပ်၊ ဝယ်ဈေး ကျပ် ၁၃၉၀ သာရှိနေပြီး ယခင်ရက်သတ္တပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက မြင့်တက်လာကြောင်း သိရသည်။

**ချောစု**

## ကမ္ဘာ့ရွှေဈေးနှင့်အပြိုင် ကျဆင်းလာသည့် ပြည်တွင်းရွှေ

အကျဘက်ကိုဦးတည်နေသည့် ပြည်တွင်းရွှေဈေးနှုန်းမှာ ကမ္ဘာ့ရွှေဈေးနှင့် အပြိုင် ထပ်မံကျဆင်းနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ မတ်လမှစတင်၍ တအိအိကျ ဆင်းလာသည့် ရွှေဈေးကွက်မှာ အတက်အကျ မငြိမ်သေးသော်လည်း ယခင်ရက်သတ္တပတ်များနှင့်နှိုင်းယှဉ်ပါက ပိုမိုကျဆင်းသွားကြောင်း သိရသည်။

'ပြည်တွင်းရွှေက အနည်းငယ်ပြန်အေးလာပေမယ့် ၁၂သိန်းကျော် ပြန်ရောက်လာမယ်လို့ မျှော်မှန်းထားပါတယ်။ လက်ရှိက ရွှေဈေးကျပေမယ့် အလျော့တွက်နဲ့ လက်ရာရှိသေးတာကြောင့် စုဆောင်းတဲ့သူတွေ သတိထားရမယ်။ လက်ရာ သိပ်မရွေးဘဲ ပြောင်ပုံစံဆိုရင် ဝယ်စုတာက အဆင်ပြေတယ်။ပြည်တွင်းရွှေဆိုင်တွေရဲ့ ဈေးကွက်မှာ ရွှေအရည်အသွေး ကွာခြားမှုရှိလို့ ဈေးနှုန်းကွာခြားမှုလည်းရှိတယ်။ အဲဒါကို ပြောင်းလဲဖို့က ရွှေလုပ်ငန်းရှင်အသင်းရဲ့ထောက်ခံချက်နဲ့ အားလုံးတစ်ပြေးညီ သွားရတဲ့ပုံစံမျိုးလုပ်မှ အဆင်ပြေမယ်'ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးကွက်၌ မတ် ၉ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၁၆၉၀၀၀ ရှိခဲ့ပြီး မတ် ၁၂ ရက်တွင်မူ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၀၀၀၀၀ သို့မြင့်တက်ခဲ့ကြောင်း၊ မတ် ၁၃ ရက်တွင်မူ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၁၉၂၀၀၀ သို့ ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင်မူ မတ် ၉ ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၇၆ ဒေါ်လာရှိခဲ့ရာမှ မတ် ၁၂ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၃၇ ဒေါ်လာ သို့ ကျဆင်းခဲ့ပြီး မတ် ၁၃ ရက်တွင် တစ်အောင်စလျှင် အမေ ရိကန်ဒေါ်လာ ၁၅၈၆ ဒေါ်လာဈေးသို့ ကျဆင်းခဲ့ကြောင်း သိရသည်။

**ချောစု**

## ခြောက်ခုမြောက်စာရင်းဝင် EFR ကုမ္ပဏီ၏ အစုရှယ်ယာများကို မတ် ၂၀ ရက်တွင် စတင်ရောင်းချမည်

ဘက်စုံထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းနယ်ပယ်မှ ပထမဆုံးစာရင်းဝင် ကုမ္ပဏီဖြစ်သည့် Ever Flow River Group Public Co.,Ltd.(EFR) ၏ အစုရှယ်ယာများကို မတ် ၂၀ ရက်တွင် ဈေးကွက်တွင်း စတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထိုကဲ့သို့ ရောင်းချရာတွင် ဈေးကွက်စတင်ချိန်တွင် အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ပြီး အစုရှယ်ယာတစ်စုလျှင် မည်မျှနှင့် ရောင်းချသွားမည်ကို စတင်ရောင်းချပေးမည့်နေ့မှသာ တရားဝင်ကြေညာပေးသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၆ ရက်က ကျင်းပသည့် ရှင်းလင်းပွဲမှ သိရသည်။

'ကျွန်တော်တို့အနေနဲ့ နားလည်ထားတာက Logestic အားကောင်းလာရင်း နိုင်ငံရဲ့ Economy ကို တစ်နည်းတစ်ဖုံ အထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။ ပြည်တွင်းက ကုန်သည်တွေ တခြားနိုင်ငံက ကုန်သည်တွေနဲ့ယှဉ်ပြီးတော့ နိုင်ငံတကာကို ထိုးဖောက်တဲ့အခါမှာ Logestic အားကောင်းရင် ပိုပြီးတော့ အားသာချက်တွေရှိမယ်။ အဲဒါကို အဓိကရည်ရွယ်ပြီး လိုအပ်တဲ့ရင်းနှီးမြှုပ်နှံမှုကိုလည်း မှန်ကန်တဲ့နည်းလမ်းနဲ့ YSX ကတစ်ဆင့် မြှင့်တင်ပြီးတော့ ပရောဂျက်တွေကို ပြည်သူနဲ့အတူတူ အောင်အောင်မြင်မြင် လုပ်ကိုင်သွားဖို့ ရည်ရွယ်ပါတယ်'ဟု EFR ၏ စီအီးအို ဦးအောင်မင်းဟန်က ပြောသည်။

**ချောစု**

## Currency Exchange Rate

March 13, 2020
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.59 |
| BDT | Bangladesh Taka | 84.89 |
| CAD | Canada Dollars | 1.39 |
| CNY | China Yuan Renminbi | 6.98 |
| EUR | Euro | 0.89 |
| H KD | Hong Kong Dollars | 7.77 |
| I NR | India Rupees | 74.01 |
| I DR | Indonesia Rupiahs | 14816.29 |
| JPY | Japan Yen | 105.49 |
| MYR | Malaysia | 4.28 |
| PKR | Pakistan Rupees | 158.91 |
| PHP | Philippines Pesos | 51.02 |
| RUB | Russia Rubles | 73.97 |
| SGD | Singapore Dollars | 1.41 |
| KRW | South Korea Won | 1219.82 |
| LKR | Sri Lanka Rupe | 183.77 |
| THB | Thailand Baht | 31.65 |
| GBP | United Kingdom Pounds | 0.79 |
| VND | VietnamDon | 23170.24 |

*Source:xe.com*

## World Gold Price

March- 2020 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 9 | 1671 | 1673 | 1672 |
| 10 | 1665 | 1664 | 1664 |
| 11 | 1667 | 1663 | 1666 |
| 12 | 1640 | 1639 | 1639 |
| 13 | 1591 | 1590 | 1634 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 9-3.-2020 | 1176.00 | 1176.00 |
| 10-3-2020 | 1160.50 | 1160.80 |
| 11-3- 2020 | 1199.00 | 1200.00 |
| 12-3- 2020 | 1207.00 | 1211.00 |
| 13-3- 2020 | 1192.00 | 1192.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မတ်လ ၂၀၂၀ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 9 | 6.94 | 31.46 | 84.76 | 74.23 |
| 10 | 6.94 | 31.43 | 84.75 | 74.17 |
| 11 | 6.95 | 31.53 | 84.77 | 73.97 |
| 12 | 6.98 | 31.57 | 84.92 | 74.20 |
| 13 | 6.98 | 31.85 | 84.89 | 74.10 |

## ဘိလပ်မြေ

# ရေလမ်းမှဘိလပ်မြေ ယခင်တစ်ပတ်ထက် အဝင်လျော့

မတ် ၁ ရက် မှ ၇ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၂၄၈၂ တန်ဖိုးရှိဘိလပ်မြေ ၁၆၀ ဒသမ ၅၀၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် တရုတ်နိုင်ငံမှ ၁၀ ဒသမ ၅၀ တန်နှင့် ထိုင်းနိုင်ငံမှ ၁၅၀ဒသမ ၀၀၂ တန်တင်သွင်းခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က ဘိလပ်မြေ တန်ချိန် ၅၈၀ ကျော်အဝင်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင်တန်ချိန် ၄၀၀ ကျော်တင်သွင်းမှု လျော့နည်းခဲ့ကြောင်းသိရသည်။

ဖေဖော်ဝါရီ၂၉ ရက် မှ မတ် ၆ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၈၇၇၀ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၆၁၂၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၂၆၄၀ ကျော် အဝင်ပိုခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ်ရေကြောင်းလမ်းမှအဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့သည်။



# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်သွက်ကြောင်း သိရသည်။ ယခုတစ်ပတ်မှာ ဆင်မြန်မာက ကျပ် ၅၀၊ ကြံ့နှစ်ကောင်(နီ)ကျပ် ၁၀၀ ဈေးပြန်ကျလာကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ဆင်မြန်မာ ကျပ် ၆၀၀၀၊ ကြံ့တစ်ကောင် (မြန်မာ) ကျပ် ၅၇၅၀၊ ကြံ့နှစ်ကောင် (နီ) ကျပ် ၅၈၅၀၊ ကြံ့နှစ်ကောင်(ပြာ)ကျပ်၅၇၀၀ဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**တောင်ကြီးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်သွက်နေကြောင်း သိရသည်။ ယခုတစ်ပတ် အပါချီက ကျပ် ၂၀၀၊ နဂါးက ကျပ် ၁၀၀ဈေးမြင့်ပြီး စိန်ဘိလပ်မြေက ပစ္စည်းပြတ်ကာကျန်ဘိလပ်မြေများက ယခင်ဈေးအတိုင်းအရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၀၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၆၀၀၊ကမ္ဘောဇကျပ် ၄၆၀၀၊ ကြံ့ကျပ်၅၁၀၀၊ ကျားခေါင်း ကျပ် ၆၂၀၀၊ နဂါးကျပ် ၄၅၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်သွက်သော်လည်း ဈေးငြိမ်နေကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ်၄၆၀၀၊ ကြံ့နှစ်ကောင်ကျပ် ၅၄၀၀၊ အယ်လ်ဖာကျပ် ၄၈၀၀၊ ခရောင်း (၅၂၅) ကျပ် ၅၂၀၀၊ ခရောင်း (၄၂၅)ကျပ် ၄၇၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** အရောင်းသွက်ပြီး ဈေးငြိမ်နေကြောင်း အိမ်ဆောက်ပစ္စည်းဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီ ကျပ် ၅၀၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကြံ့ကျပ် ၅၀၀၀၊ ကမ္ဘောဇကျပ် ၅၅၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၅၀၀၀၊ အယ်လ်ဖာကျပ် ၅၅၀၀ နှင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

# ဓာတ်မြေဩဇာ ယခင်တစ်ပတ်ထက် အဝင်လျော့

မတ် ၁ ရက်မှ ၇ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၂၅၁၂၉၀ တန်ဖိုးရှိမြေဩဇာ ၂၁၃၅၉ ဒသမ ၁၇တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့သည်။ ယခုတစ်ပတ် တရုတ်နိုင်ငံမှ ၅၁၃ တန်၊ အီရန်နိုင်ငံမှ ၁၄၈၃ ဒသမ ၅၀ တန်၊ ကိုရီးယားနိုင်ငံမှ ၁၈၁၀ ဒသမ ၅၀ တန်၊ မလေးရှားနိုင်ငံမှ ၁၆၄၆၀ ဒသမ ၁၇ တန်နှင့်ရုရှားနိုင်ငံမှ ၁၀၉၂ တန်တင်သွင်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပြီး တရုတ်နိုင်ငံမှ အနည်းဆုံးတင်သွင်းခဲ့သည်။

တင်သွင်းခဲ့သည့်အမျိုးအစားများမှာ အမိုးနီးယားဆာလဖိတ်၊ ယူရီးယား (၄၆%)၊ ကွန်ပေါင်း(၁၅း၁၅း၁၅)နှင့်ကွန်ပေါင်း(၁၆း၁၆း၁၆)တို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေဩဇာတန်ချိန် ၂၆၄၂၀ ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန်၅၀၆၀ ကျော်တင်သွင်းမှု လျော့နည်းခဲ့ကြောင်း သိရသည်။

# မြေဩဇာဈေးကွက် အရောင်းပါး

ဖေဖော်ဝါရီ ၂၉ ရက်မှ မတ်၆ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၁၃၇၃၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာတန် ၁၁၁၃၀ ကျော် ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တွင်တန်ချိန် ၂၅၉၀ကျော် အဝင်လျော့ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ်ရေလမ်းရောနယ်စပ်လမ်းပါ အဝင်လျော့ခဲ့သည်။ပြည်တွင်းဈေးကွက်များဖြစ်သည့်မော်လမြိုင်မှာ အရောင်းပုံမှန်ရှိပြီး မကွေး၊ တောင်ကြီးနှင့် မန္တလေး၌အရောင်းပါးကြောင်းသိရသည်။

**မန္တလေးဈေးကွက်၌** စိုက်ပျိုးရာသီချိန်မဟုတ်သောကြောင့် အရောင်းအဝယ်ပါးကြောင်း သိရသည်။ ယခုတစ်ပတ် ယူရီးယား(ပန်းဖူး)ကကျပ် ၅၀၀၊တီစူပါ(၄၆%) ကကျပ် ၁၀၀၀၊ မြွားသီးစုံကကျပ် ၇၀၀၊ ပန်းသီးစုံက ကျပ် ၄၀၀၊ အာမို(၁၀း၁၀း၅) က ကျပ်၉၀၀၊ အာမို(၁၅း၁၅း၁၅)က ကျပ် ၃၀၀၊ မြွား(၁၅း၉း၈)က ကျပ်၈၀၀ ဈေးကျပြီး ပိုတက်က ကျပ် ၁၁၀၀ ဈေးမြင့်ကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်)ကျပ် ၂၅၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၄၀၀၀၊ တီစူပါ(၄၆%-တရုတ်)ကျပ်၂၁၀၀၀၊ မြွားသီးစုံကျပ် ၁၅၈၀၀၊ ပန်းသီးစုံကျပ် ၁၆၁၀၀၊ အာမို (၁၀း၁၀း၅) က ကျပ် ၁၇၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၉၅၀၀၊ ပိုတက်ကျပ် ၂၇၅၀၀၊ မြွားကမ္ဘာကျပ် ၁၅၈၀၀၊ မြွား(၁၅း၉း၈) က ကျပ် ၂၀၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**မော်လမြိုင်ဈေးကွက်၌** အရောင်းအဝယ်အေးကြောင်းသိရသည်။ဈေးကွက်ထဲအရောင်းအေးနေကာသင်္ကြန်ပြီးလောက်မှပြန်ပြီး အရောင်းတက်နိုင်ကြောင်း စိုက်ပျိုးရေးဆိုင်မှ တာဝန်ခံတစ်ဦးက ပြောသည်။ ယခုတစ်ပတ် ပုလဲ-အကြီး(ထိုင်း)(မြင်းပျံ)က ကျပ်၁၀၀၀၊ ပုလဲ-မြန်မာ(နဂါး-တရုတ်)က ကျပ် ၆၀၀၊ကွန်ပေါင်း(အစိမ်း)(၁၅း၁၅း၁၅)က ကျပ် ၂၅၀၀ ဈေးကျလာပြီး ကျန်မြေဩဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ် ဖြစ်ကြောင်း သိရသည်။ ပုလဲ- မြန်မာ(စုစံ)၊ပိုတက်(မာကိုတာ) နှင့် မြွားနီစသော တံဆိပ်အသစ်များ ဈေးကွက်ထဲဝင်လာကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာပုလဲ-အကြီး(ထိုင်း) မြင်းပျံ ကျပ် ၂၇၅၀၀၊ ပုလဲ-မြန်မာ(နဂါး-တရုတ်) ကျပ် ၂၈၀၀၀၊ ပုလဲ-မြန်မာ (စုစံ)ကျပ် ၂၅၀၀၀၊ ကွန်ပေါင်း(အစိမ်း)(၁၅း၁၅း၁၅)(ထိုင်း)ကျပ်၄၂၅၀၀၊တီစူပါ ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၅၅၀၀၊ ကွန်ပေါင်း(တရုတ်) (၁၀း၁၀း၅) ကျပ် ၂၀၅၀၀၊ ကွန်ပေါင်း (၄၆%) (စံပြ) ကျပ်၄၆၀၀၀၊ ပိုတက် (မာကိုတာ) ကျပ် ၂၉၅၀၀၊ မြွားနီကျပ် ၂၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

## နို့ဆီ/နို့မှုန့်

# နို့ဆီတန်ချိန် ၄၇၀ကျော်နှင့် နို့မှုန့်တန်ချိန်ဂ၀ကျော်တင်သွင်း

မတ် ၁ ရက်မှ ၇ ရက်အတွင်း အမေရိကန်ဒေါ်လာ ၅၄၆၄၄၄ တန်ဖိုးရှိနို့ဆီ၄၇၁ ဒသမ၃၁၂တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှ ၉၉ ဒသမ ၂၁၆ တန်နှင့်စင်ကာပူနိုင်ငံမှ ၃၇၂ ဒသမ ၀၉၆ တန် တင်သွင်းခဲ့ကြောင်း သိရသည်။ တင်သွင်းခဲ့သည့်တံဆိပ်များမှာ ကောင်းဘဲလ်၊ ဒွန်း၊ Hawk တို့ဖြစ်သည်။ ယခင်သီတင်းပတ်က နို့ဆီတန်ချိန် ၃၁၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင်တန်ချိန် ၁၆၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။

အမေရိကန်ဒေါ်လာ ၂၉၈၂၆၂ တန်ဖိုးရှိ နို့မှုန့်၈၆ ဒသမ ၀၅၀ တန်ကိုလည်း တင်သွင်းခဲ့သည်။ ယခုတစ်ပတ် နယူးဇီလန်နိုင်ငံမှ တင်သွင်းခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က နို့မှုန့်တန်ချိန် ၂၅၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၁၆၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့ခဲ့သည်။

**မကွေးဈေးကွက်၌** အရောင်းပါးပြီးဈေးငြိမ်နေကြောင်းသိရသည်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မြွားကမ္ဘာ-တရုတ်(၁၂း၁၃) ကျပ်၁၇၈၀၀၊ဆင်၁၀း၁၀း၅ကျပ် ၁၇၈၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၈၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၀၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၇၀၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၈၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၆၅၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၅၈၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၂၀၅၀၀၊ မြွားကမ္ဘာ(၁၅း၇း၈ကျပ် ၂၂၅၀၀၊တီစူပါက ကျပ် ၂၅၅၀၀၊ ဇာမနီကျပ် ၂၁၅၀၀၊ တောင်သူမ ကျပ် ၁၉၀၀၀၊ တက်တိုး ကျပ် ၂၃၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၂ မှ ၆/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၂ မှ ၂၈/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | ၉.၀၀ | (-) | ၉.၀၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၀.၀၀ | - | (+) | ၂၀.၀၀ |
| ၅။ | တာချီလိတ် | ၆၁၅၀.၀၀ | ၆၉၂၅.၀၀ | (-) | ၇၇၅.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ဂ၃၀၀.၀၀ | ၉၁၉၀.၀၀ | (-) | ဂ၉၀.၀၀ |
| ၈။ | မြိတ် | ၄၃၀၀.၀၀ | - | (+) | ၄၃၀၀.၀၀ |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၁ဂ၇၇၀.၀၀ | ၁၆၁၂၄.၀၀ | (+) | ၂၆၄၆.၀၀ |

အေးအေးသန့်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၂ မှ ၆/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၂ မှ ၂၈/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၆၃၅၀.၆၅ | ၂၅ဂ၃.၁၀ | (+) | ၃၇၆၇.၅၅ |
| ၂။ | လွယ်ဂျယ် | ၂၉၇.၀၀ | ၂၇၆.၂ဂ | (+) | ၂၀.၇၂ |
| ၃။ | ချင်းရွှေဟော် | ၆၄၄၀.၇၀ | ၇၉၀၄.၀၀ | (-) | ၁၄၆၃.၃၀ |
| ၄။ | ကန်ပိုက်တီ | ၆၄၃.၀၀ | ၇၅.၀၀ | (+) | ၅၆ဂ.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ဂ။ | ရိဒ် | - | ၃၀၀.၀၀ | (-) | ၃၀၀.၀၀ |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၁၃၇၃၁.၃၅ | ၁၁၁၃ဂ.၃ဂ | (+) | ၂၅၉၂.၉၇ |

ခင်မိုးသူ

# အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ Regional Consultation ကို တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နှင့် မြိတ်မြို့တို့တွင် ကျင်းပ

တနင်္သာရီတိုင်းဒေသကြီးမှ ဒေသခံစီးပွားရေးလုပ်ငန်းများ၏ ပို့ကုန်ဆောင်ရွက်ချက်ကို တိုးမြှင့်ရန်အတွက် မဟာဗျူဟာကျအခွင့်အရေးများကို အတည်ပြုအကောင်အထည်ဖော်ရန်အတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ(NES) ၂၀၂၀-၂၀၂၅ ဆွေးနွေးညှိနှိုင်းပွဲများကို မတ် ၁၀ ရက်တွင် မြိတ်မြို့ မြင့်မိုရ်ဟိုတယ်တွင်လည်းကောင်း၊ မတ် ၁၁ ရက်တွင် ထားဝယ်မြို့ Diamond Crown Hotel တွင်လည်းကောင်း ကျင်းပခဲ့သည်။

ဆွေးနွေးညှိနှိုင်းပွဲသို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချို၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး၊ ဒေသခံမြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ပညာရေးရပ်ဝန်းနှင့် တနင်္သာရီတိုင်းဒေသကြီး ကုန်သည်ကြီးများအသင်းမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာအစိုးရဌာနများနှင့် ပုဂ္ဂလိကကဏ္ဍမှ အကျိုးတူပူးပေါင်းဆောင်ရွက်သူများ တက်ရောက်ခဲ့သည်။

အဆိုပါညှိနှိုင်းဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချိုက ဆွေးနွေးပြောကြားရာတွင် တနင်္သာရီတိုင်းသည် စိုက်ပျိုးရေး၊ ရေထွက်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ပုလဲမွေးမြူရေး လုပ်ငန်း၊ ငှက်သိုက်ထုတ်လုပ်ခြင်းလုပ်ငန်းများနှင့်သစ်သီးဝလံ ကဲ့သို့ အဓိကကျသည့် မြန်မာ့ပို့ကုန်များကို ထုတ်လုပ်မှီခိုနေရသော ဒေသဖြစ်ပါကြောင်း၊ အချက်အချာကျသော တိုင်းဒေသကြီး ဖြစ်သောကြောင့် အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) ၂၀၂၀-၂၀၂၅မှ ကဏ္ဍအလိုက် မဟာဗျူဟာများကို ရေးဆွဲရာတွင် အထောက်အကူဖြစ်စေနိုင်ရန်အတွက် လာရောက်တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ နိုင်ငံတိုးတက်ရန်အတွက် အစိုးရကပဲ ဆောင်ရွက်ရန်မရကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အင်အားလည်း အရေးကြီးကြောင်း၊ အစည်းအဝေးတက်ရောက်လာကြသော သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်သူများ၏အကြံဉာဏ်၊ ပညာရပ်ပိုင်းဆိုင်ရာ လမ်းညွှန်မှုများကို ပေါင်းစပ်ပြီး ဆောင်ရွက်သွားပါက တနင်္သာရီတိုင်းဒေသကြီး၏ထုတ်လုပ်မှုနှင့် ပို့ကုန်ကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး ဒေသ၏စီးပွားရေးကို အထောက်အကူပြုနိုင်မည့်အပြင် မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း ကောင်းစွာ အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက ပြောကြားရာတွင် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့သည် ပို့ကုန်မြှင့်တင်ရေး လုပ်ငန်းတာဝန်များအပြင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အထူးစီးပွားရေးဇုန်များဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် လွယ်ကူရေး (Ease of Doing Business) လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှာ ကုန်သွယ်မှုမြှင့်တင်ဖို့ သယံဇာတနှင့် အခွင့်အလမ်းများစွာရှိသော်လည်း အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ကုန်သွယ်မှုပမာဏများစွာ နိမ့်ကျနေသည့်အတွက် မဟာဗျူဟာစီမံချက်များ စနစ်တကျရေးဆွဲချမှတ်ဆောင်ရွက်ရန် အထူးလိုအပ်လျက်ရှိပါကြောင်း၊ဒီလိုအပ်ချက်တွေဖြည့်ဆည်းနိုင်ဖို့အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့ပို့ကုန်များဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာဈေးကွက်မှာ ယှဉ်ပြိုင်ဝင်ရောက်နိုင်ရေးအတွက် အမျိုးသားအဆင့်ပို့ကုန်မဟာဗျူဟာကို အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနနဲ့ နည်းပညာအကူအညီ ရယူ၍ ၂၀၁၃ ခုနှစ်မှာ စတင်ရေးဆွဲခဲ့ပြီး ၂၀၁၅ ခုနှစ်မှာ အကောင်အထည်ဖော်ခဲ့ကြောင်း၊ ၂၀၁၅-၂၀၁၉ မှာ အဓိက ဦးစားပေးကဏ္ဍကြီး ၁၁ ရပ် ရွေးချယ်အကောင်အထည်ဖော်ခဲ့ပြီး လုပ်ငန်းရှင်များ တောင်းဆိုချက်အရ ကဏ္ဍအသစ် ငါးရပ်ကိုလည်း ထပ်မံထည့်သွင်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၀ မှ ၂၀၂၅ ထိ ငါးနှစ်အတွက် ဦးစားပေးဆောင်ရွက်မည့်ကဏ္ဍကြီး ၁၈ ရပ် အကောင်ထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဟာဗျူဟာများရေးဆွဲရာမှာ အထောက်အကူပြုနိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ထည့်သွင်းပါဝင်သင့်တဲ့အချက်အလက်များကို ညှိနှိုင်းရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ရေထွက်လုပ်ငန်းကဏ္ဍ၊ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်ကဏ္ဍ၊စားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ရာဘာကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာကဏ္ဍတို့ကို ညှိနှိုင်းဆွေးနွေးပွဲတက်ရောက်လာသူများက အဓိကထားဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **ရွှေဝယ်သား**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၃-၃-၂၀၂၀) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၆၈၀၀ | ၆၈၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၂၂၀၀ | ၂၀၀၀ | ▽ |
| ရန်ကုန် | ၈၅၀၀ | ၈၅၀၀ | □ | ၈၅၀၀ | ၈၅၀၀ | □ | ၁၉၀၀ | ၁၈၀၀ | ▽ |
| မန္တလေး | ၆၂၀၀ | ၆၂၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၆၈၀၀ | ၆၈၀၀ | □ | ၆၈၀၀ | ၆၈၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မကွေး | ၆၅၀၀ | ၆၅၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၁၇၈၀ | ၁၇၅၀ | ▽ |
| မုံရွာ | ၆၅၀၀ | ၆၅၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီအပတ်စဉ်ပျမ်းမျှ(FOB)ဈေးနှုန်း

၁၃-၃-၂၀၂၀ **US$/Ton**

| အမျိုးအစား | ဖေဖော်ဝါရီစတုတ္ထပတ် | မတ်ပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | - | ၆၂၁.၅၀ | - |
| **RBD P.Olein** | ၆၁၉.၅၀ | ၆၁၃.၅၀ | ▽ |
| **RBD P.Stearin** | ၆၃၀.၀၀ | ၆၁၈.၅၀ | ▽ |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၃-၃-၂၀၂၀) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၂၈.၇၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၅၇ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၁၄ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၈၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၂.၂၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၅.၇၄ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၈၆ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၅၇၈.၀၁၀ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၃-၃-၂၀၂၀ နေ့ (CIF ဈေး Cloud Point 8 ˚C Max 625 ဒေါ်လာနှင့် USD ဈေး ၁၃၉၉ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၃-၃-၂၀၂၀ နေ့ ဝယ်ယူပြီးနောက်၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၉၉ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

## စံပြငါးဈေး ငါး၊ ပုစွန်အဝင်နှင့် ဈေးနှုန်းအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် စံပြငါးဈေးတွင် မတ် ၃ ရက်မှ ၁၃ ရက်အထိ ငါးမျိုးစုံပိဿာချိန် ၂၁၈၃၃၄၆ ပိဿာနှင့် ပုစွန်ပိဿာချိန် ၁၁၈၂၅ ပိဿာဝင်ရောက်ခဲ့သည်။

ငါးအဝင်နှင့် ဈေးနှုန်းများမှာ ငါးခူ၊ ငါးကျည်း တစ်ပိဿာ ကျပ် ၆၅၀၀-၁၀၀၀၀ ဈေးနှင့် အဝင် ၂၁၉၁၇ ပိဿာ၊ ငါးရံ့တစ်ပိဿာ ကျပ် ၆၀၀၀-၉၀၀၀ ဈေးနှင့် အဝင် ၂၁၅၄၁ ပိဿာ၊ ငါးရှဉ့် တစ်ပိဿာ ကျပ် ၆၀၀၀-၈၀၀၀ ဈေးနှင့် အဝင် ၅၄၉ ပိဿာ၊ ငါးမြစ်ချင်း တစ်ပိဿာ ကျပ် ၂၅၀၀-၃၇၀၀ ဈေးနှင့် အဝင် ၅၉၅၇၂၄ ပိဿာ၊ ငါးကြင်း တစ်ပိဿာ ကျပ် ၄၀၀၀-၆၀၀၀ ဈေးနှင့်အဝင် ၄၇၇၃၂၇ ပိဿာ၊ ငါးခေါင်းပွ တစ်ပိဿာကျပ် ၂၂၀၀-၃၃၀၀ ဈေးနှင့်အဝင်၁၇၁၄၇၇ ပိဿာ၊ ငါးသလောက်တစ်ပိဿာ ကျပ် ၇၀၀၀-၂၀၀၀၀ ဈေးနှင့် အဝင် ၄၈၄၀၂ ပိဿာ၊ ငါးတန် တစ်ပိဿာကျပ် ၂၀၀၀-၄၅၀၀ ဈေးနှင့် အဝင် ၃၈၈၆၇၀ ပိဿာ၊ ကကတစ် တစ်ပိဿာ ကျပ် ၄၀၀၀-၆၀၀၀ ဈေးနှင့် အဝင် ၄၁၀၇ ပိဿာ၊ ကသပေါင်းတစ်ပိဿာ ကျပ် ၆၀၀၀-၈၅၀၀ ဈေးနှင့် အဝင် ၂၁၅၃ ပိဿာ၊ ငါးမျိုးစုံ တစ်ပိဿာကျပ်၁၈၀၀-၇၀၀၀ ဈေးနှင့်အဝင် ၄၅၁၄၇၉ ပိဿာ၊ ပုစွန်ကြော့ တစ်ပိဿာ ကျပ် ၃၅၀၀-၄၅၀၀ ဈေးနှင့် အဝင် ၅၅၀၆ ပိဿာ၊ ပုစွန်စပ်တုပ် တစ်ပိဿာကျပ် ၁၅၀၀၀-၁၈၀၀၀ ဈေးဖြင့် ၂၈၆၇ ပိဿာ၊ ပုစွန်တုပ်ကြီး တစ်ပိဿာ ကျပ် ၂၂၀၀၀-၃၀၀၀၀ ဈေးဖြင့် အဝင် ၃၄၅၂ ပိဿာ ဝင်ရောက်ခဲ့သည်။

လက်လီဈေးများဖြစ်သော ပုဇွန်တောင်ဈေးနှင့် သဃ်န်းကျွန်းစံပြဈေးတို့တွင် ငါးကြင်း တစ်ပိဿာ ကျပ် ၈၀၀၀-၁၀၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာကျပ် ၅၀၀၀၊ ပုစွန်ကြော့ တစ်ပိဿာကျပ် ၁၀၀၀၀-၁၂၀၀၀ ရောင်းချလျက်ရှိပြီး ယခင်လထက် ငါး တစ်ပိဿာလျှင် ကျပ် ၁၀၀၀ ခန့်ဈေးကျခဲ့ကြောင်း စုံစမ်းသိရှိရသည်။

**ခင်မာဌေး(ရန်ကုန်)**

# ကချင်ပြည်နယ်၏ ယခုတစ်ပတ် ကုန်သွယ်မှုအခြေအနေ


ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၆ ရက်အတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ စေ့ထုတ်ပြောင်း၊ ဧည့်မထဆန်၊ ကြံ၊ ငရုတ်သီးနှင့် ဆန်ကွဲများ တင်ပို့ခဲ့ကြောင်း သိရှိရသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၄၆၅၅၈၇၉ ဒသမ ၂၂ ကန်ဒေါ်လာဖြစ်ပြီး ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏမှာ ၉၈၂၄၆၇၀ ဒသမ ၀၆၆ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၁၄၄၈၀၅၄၉ ဒသမ ၂၈၆ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့သည်။

သွင်းကုန်ပစ္စည်းများမှာ ဓာတ်မြေဩဇာ၊ လျှပ်စစ်မော်တော်ဆိုင်ကယ်၊ ဘီလပ်မြေ၊လေးဘီးလယ်ထွန်စက်၊ သွပ်ပြား၊ PVCရေပိုက်၊ ကားတာယာ၊ သံပိုက်နှင့် တစ်သျှူးစက္ကူတို့ဖြစ်သည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၃၁၃၇၆၆ ဒသမ ၁ ဖြစ်ပြီး၊ ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၃၃၆၁၃၁ ဒသမ ၀၇ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၆၄၉၈၉၇ ဒသမ ၁၇ တင်သွင်းမှုရှိခဲ့သည်။

မတ် ၆ရက်အထိ တစ်ဖက်နိုင်ငံ တရုတ်ပြည်တွင် ဆန်မာတစ်အိတ်လျှင် ၁၀၈ ယွမ်၊ ဆန်ပျော့ တစ်အိတ်လျှင် ၁၂၇ ယွမ်ဈေးနှင့် စေ့ထုတ်ပြောင်းတစ်အိတ်လျှင် ၇၃ ယွမ်ဖြစ်ပြီး မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀လျှင် တရုတ်ယွမ် သုည ဒသမ ၄၉၈ ယွမ်ဖြစ်ပြီး ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ကျပ် ၂၀၀ ရှိကြောင်း သိရှိရသည်။

**ဌေးလှိုင်-မနောမြေကုန်သွယ်မှုဇာတိုဌာန**



# မန္တလေး ကြက်သွန်နီဈေးနှုန်းနှင့် ဈေးကွက်အခြေအနေ

မတ်လ ဒုတိယပတ်တွင် နယ်အစုံမှ ကြက်သွန်နီများ ဝင်ရောက်လျက်ရှိပြီး အရည်အသွေးပေါ်မူတည် အရောင်းအဝယ်ဖြစ်နေသည်။ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်ဝယ်လက်မှ အဝယ်နည်းသော်လည်း ဘင်္ဂလားဒေ့ရှ်မှ အနည်းငယ်ဝယ်မှုရှိနေ၍ ယခင်နှစ်လောက် ဈေးနှုန်းကျဆင်းခြင်းမရှိဘဲ အရောင်းအဝယ်ပုံမှန်ဖြစ်နေကြောင်း သိရသည်။

ယခုတစ်ပတ် မန္တလေးဈေးကွက်တွင် ကြက်သွန်နီတစ်ပိဿာ လက်ကားဈေးနှုန်းများမှာ ထိပ်စ ကျပ် ၁၂၀၀၊ အလတ်စ ကျပ် ၁၀၀၀၊ အနိမ့်စ ကျပ် ၈၀၀-၇၀၀၊ လက်လီဈေးနှုန်းများမှာ ထိပ်စ ကျပ် ၁၆၀၀၊ အလတ်စ ကျပ် ၁၄၀၀၊ အနိမ့်စ ကျပ် ၁၂၀၀ ဖြင့် နေ့စဉ် ကုန်ချိန်ပိဿာ အနည်းဆုံး ၂၀၀၀၀ မှ ၃၀၀၀၀ခန့်ထိ ဝင်ရောက် အရောင်းအဝယ်ဖြစ်နေသည်။ အရည်အသွေး အမျိုးအစားပေါ်မူတည်၍ ကြက်သွန်နီ တစ်ပိဿာ ကျပ် ၂၀၀ မှ ၃၀၀ ခန့် ယခင်တစ်ပတ်ထက်ဈေးကျလာသည်။

ကျောက်ဆည်ဈေးကွက်တွင် ကြက်သွန်နီ လက်ကားဈေးမှာ တစ်ပိဿာလျှင် အမြင့်စ ကျပ် ၈၀၀၊ အလတ်စ ကျပ် ၇၀၀၊ အနိမ့်စ ကျပ် ၆၀၀၊ လက်လီဈေးနှုန်း တစ်ပိဿာလျှင် ထိပ်စ ကျပ် ၁၀၀၀၊ အလတ်စ ကျပ် ၈၀၀၊ အနိမ့်စ ကျပ် ၇၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

မြင်းခြံကုန်စည်ဒိုင်ဈေးကွက်သို့ နေ့စဉ် ကုန်ချိန်ပိဿာ ကြက်သွန်နီ ၃၂၀၀၀ မှ ၆၇၂၅၀ ပိဿာခန့် ထိဝင်ရောက်မှုရှိပြီး ယခုတစ်ပတ် လက်ကားဈေးတစ်ပိဿာလျှင် ကြက်သွန်နီ ကျပ် ၄၅၀ မှ ၇၂၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ယခင်တစ်ပတ်ထက် တစ်ပိဿာ ၈၀ မှ ၁၀၀ ကျပ်ခန့်ဈေးနှုန်းကျလာကြောင်း သိရသည်။

**ချောစုဝင်း(ရတနာပုံ ကုန်သွယ်မှုဇာတိုဌာန)**

# မကွေးကုန်စည်ဒိုင်တွင် မတ်ပဲနှင့် ပဲကြီးဖြူဈေး သိသိသာသာ ကျဆင်း

မကွေးတိုင်းဒေသကြီးအတွင်း ကုန်စည်ဒိုင်များနှင့် ပွဲရုံများတွင် ပဲမျိုးစုံတို့ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မကွေးကုန်စည်ဒိုင် ယခုတစ်ပတ် မတ် ၁၁ ရက်တွင် မတ်ပဲနှင့် ပဲကြီးဖြူ ဈေးကျဆင်းသွားသည်။ မတ်ပဲ ၂၀ ပိဿာ တစ်တင်းလျှင် ကျပ် ၂၆၇၀၀၊ ပဲကြီးဖြူ ၁၉ ပိဿာတစ်တင်းလျှင် ကျပ် ၃၀၀၀၀ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

မတ် ၄ ရက်တွင် မတ်ပဲ ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၃၀၈၀၀၊ ပဲကြီးဖြူ ၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၃၂၅၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ကာလတူ နှိုင်းယှဉ်ပါက မတ်ပဲ ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၄၁၀၀၊ ပဲကြီးဖြူ ၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၂၅၀၀ ထိ ဈေးကျသွားကြောင်း သိရှိရသည်။

**လှမိုးခိုင် (ဖန်ခါးမြေကုန်သွယ်မှုဇာတိုဌာန)**

# မကွေးကုန်စည်ဒိုင်တွင် ကုလားပဲဈေး ပြန်ကျ

မကွေးတိုင်းဒေသကြီးအတွင်း ကုန်စည်ဒိုင်များနှင့် ပွဲရုံများတွင် ပဲမျိုးစုံတို့ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မကွေးကုန်စည်ဒိုင်၌ မတ် ၁၁ ရက်တွင် ကုလားပဲဝယ်လိုအားကြောင့်ဈေးကျကာ ကုလားပဲ (929) ၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၂၄၄၀၀၊ ကုလားပဲ (Hl) ၁၉ ပိဿာတစ်တင်းလျှင် ကျပ် ၂၃၇၀၀၊ ကုလားပဲသေး ၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၂၃၅၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်၊

ယခင်တစ်ပတ် မတ် ၄ ရက်တွင်ကုလားပဲ (929) ၁၉ ပိဿာတစ်တင်းလျှင် ကျပ် ၂၅၅၀၀၊ ကုလားပဲ ( Hl) ၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၂၅၂၀၀၊ ကုလားပဲသေး ၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၂၅၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ကာလတူနှိုင်းယှဉ်ပါက ကုလားပဲ (929) ၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၁၁၀၀၊ ကုလားပဲ (Hl) ၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၁၅၀၀၊ ကုလားပဲသေး ၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၁၅၀၀ စီ ဈေးပြန်ကျသွားကြောင်း သိရှိရသည်။

**လှမိုးခိုင်(ဖန်ခါးမြေကုန်သွယ်မှုဇာတိုဌာန)**

# မော်လမြိုင်ကုန်စည်ဒိုင်၏ ကုန်စည်ဈေးနှုန်းများ

မော်လမြိုင်ကုန်စည်ဒိုင်၏ မတ် ၁၀ ရက်တွင် ရော်ဘာ RSS-3 တစ်ပေါင် ၆၈၅ကျပ်၊ ၁၀၈ ပေါင် ဆန်တစ်အိတ် ဈေးနှုန်းများမှာ ဧည့်မထ ကျပ် ၂၅၅၀၀၊ ပေါ်ဆန်း ကျပ် ၃၄၅၀၀၊ ပေါ်ကွဲ ကျပ် ၂၈၅၀၀၊ ၂၀ ပိဿာဝင် ပဲတစ်တင်း ဈေးနှုန်းများမှာ ပဲတီစိမ်း ကျပ် ၃၂၅၀၀၊ မတ်ပဲ ကျပ် ၂၈၄၀၀၊ ပဲလွန်းဖြူကျပ် ၂၃၈၀၀၊ ဗိုလ်ကိတ်ကျပ် ၂၃၀၀၀၊ ပဲပုပ် ကျပ် ၂၂၀၀၀၊ ကွဲကောသီးပန်းရောင် တစ်လုံး ကျပ် ၂၀၀၀ မှ ၃၅၀၀၊ ကွဲကောသီးအဖြူ(ပုလဲ) ကျပ် ၁၂၀၀ မှ ၁၈၀၀၊ ရေထွက်ကုန် (အလတ်စ) တစ်ပိဿာဈေးနှုန်းများမှာ ကကတစ် ကျပ် ၈၀၀၀၊ ငါးပုဏ္ဏား(ထီး) ကျပ် ၅၅၀၀၊ ငါးတန် ကျပ် ၂၇၀၀၊ ငါးမြစ်ချင်း ကျပ် ၄၀၀၀၊ ငါးဖားမ ကျပ် ၂၉၀၀၊ တီလားပီးယား ကျပ် ၄၃၀၀၊ ငါးသလောက်(အာနီ) ကျပ် ၉၀၀၀၊ ကင်းမွန် ကျပ် ၉၀၀၀၊ ပုစွန်ပျော့ ကျပ် ၁၁၀၀၀-၁၃၀၀၀၊ ရေချိုပုစွန်ထုတ်စိမ်း ကျပ် ၂၃၀၀၀-၅၅၀၀၀၊ ဂဏန်း(ပန်း) ကျပ် ၁၂၀၀၀ မှ ၂၀၀၀၀ အသီးသီး ဖြစ်ပေါ်နေသည်။

ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ရော်ဘာဈေး အနည်းငယ်ကျဆင်းနေပြီး ဧည့်မထနှင့် ပေါ်ကွဲဆန် (၅၀၀ ကျပ်စီ)ဈေးတက်နေကြောင်း၊ ပဲတီစိမ်းနှင့်မတ်ပဲဈေးကျနေပြီး ကွဲကောသီးနှင့် ရေထွက်ကုန်များ ဈေးငြိမ်နေကြောင်း မော်လမြိုင်ကုန်စည်ဒိုင်မှ သိရသည်။

**ဝင်းမြတ်**
**(ရာမညကုန်သွယ်မှုဇာတိုဌာန)**

# မတ်ပဲဈေး အနည်းငယ်ပြန်တက်သော်လည်း တင်ပို့မှုလျော့ကျ

မတ် ၁ ရက်မှ ၅ ရက်အထိ ပင်လယ်ရေကြောင်းမှ မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၁၉၁၆၄ ဒသမ ၂ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၆၁၃၈၅၉ ဒသမ ၇၁ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

တင်ပို့ခဲ့သော နိုင်ငံများမှာ ၁၅ နိုင်ငံရှိပြီး ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ စင်ကာပူ၊ ဂျပန်၊ နီပေါ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ယူနိုက်တက်ကင်းဒမ်း၊ ထိုင်း၊ ဩစတြေးလျ၊ သီရိလင်္ကာ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်တို့ဖြစ်သည်။

အများဆုံးတင်ပို့ခဲ့သော နိုင်ငံမှာ အိန္ဒိယဖြစ်၍ တန်ချိန် ၁၆၂၁၀ ဒသမ ၇၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၃၃၅၄၈၀ ဒသမ ၇ ဖြစ်ပြီး အနည်းဆုံး တင်ပို့ခဲ့သောနိုင်ငံမှာ သီရိလင်္ကာဖြစ်၍ တန်ချိန် ဝ ဒသမ ၅၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၃၀ ဖြစ်ကြောင်း သိရသည်။

ယခင်တစ်ပတ် တင်ပို့မှုမှာ တန်ချိန် ၃၇၀၈၁ ဒသမ ၁၅၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၈၀၄၃၂၀၅ ဒသမ ၃၅ ဖြစ်သောကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၁၇၉၁၆ ဒသမ ၉၅၊ တန်ဖိုးအမေရိကန် ဒေါ်လာ ၁၃၄၂၉၃၄၅ ဒသမ ၆၄ လျော့နည်း တင်ပို့ခဲ့ကြောင်း သိရသည်။

မတ်ပဲတစ်တန် ပျမ်းမျှဈေးနှုန်းမှာ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၇၅၆ ဖြစ်ပြီး ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၇၆၂ ရရှိသောကြောင့် ယခုတစ်ပတ်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ခြောက်ဒေါ်လာခန့် မြင့်တက်ခဲ့ကြောင်း သိရသည်။

**စန်းစန်းမော်**
**(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် မတ် ၉ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၈ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း လေးနိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Latvia နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၁ ဒသမ ၇၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ တရုတ်၊ နီပေါ၊ ပါကစ္စတန်၊ ဘာဘေဒို၊ ဂျော်ဒန်၊ ကင်ညာ၊ မာလာဝီ၊ ကာတာ၊ တောင်အာဖရိကနှင့် ဆူဒန် စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၄၆ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ လာအို၊ ထိုင်း၊ မလေးရှား၊ တောင်ကိုရီးယား၊ ဂျပန်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ထိုင်ဝမ်၊ ဘရာဇီး၊ ယူကရိန်း၊ မက္ကဆီကို၊ ပီရူး၊ အီတလီ၊ ဆွစ်ဇာလန်နှင့် နယ်သာလန် စသည့်နိုင်ငံပေါင်း ၆၈ နိုင်ငံရှိ၍ ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁၃ ဒသမ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် မတ် ၉ ရက်တွင် Global Petrol Prices Website ၌ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၃ ဒသမ၆၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၅၀ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၃၀ရာခိုင်နှုန်း၊ လာအိုနိုင်ငံတွင် ၁ ဒသမ ၉၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၁ ဒသမ ၉၀ရာခိုင်နှုန်းနှင့် မလေးရှားနိုင်ငံတွင် ၉ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ် မတ် ၉ ရက်တွင် Global Petrol Prices Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၈ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း သုံးနိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ဇင်ဘာဘွေနိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၈ ဒသမ ၀၀ ရာခိုင်နှုန်း ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း အင်ဒိုနီးရှား၊ ဗီယက်နမ်၊ တရုတ်၊ ပါကစ္စတန်၊ ရုရှား၊ ဘာဘေဒို၊ အစ္စရေး၊ ဂျော်ဒန်၊ ကင်ညာ၊ မိုနာကို၊ နိုင်ဂျီးရီးယား၊ ကာတာ၊ တောင်အာဖရိကနှင့် ယူကရိန်း၊ စသည့် နိုင်ငံများ အပါအဝင် ၄၅ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်လျက်ရှိခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ စင်ကာပူ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်၊ မလေးရှား၊ ဟောင်ကောင်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ မက္ကဆီကို၊ ဩစတြေးလျ၊ ဘရာဇီး၊ အီတလီ၊ ပိုလန်၊ ဂရိနှင့် ကနေဒါ စသည့်နိုင်ငံပေါင်း ၇၀ ရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁၃ ဒသမ ၉၀ ရာခိုင်နှုန်း ထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရ သည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် မတ် ၉ ရက်တွင် Global Petrol Prices Website ၌ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၈ ဒသမ ၄၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၃၀ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံ တွင် ၂ ဒသမ ၄၀ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၃ ဒသမ ၁၀ ရာခိုင်နှုန်း၊ လာအိုနိုင်ငံတွင် ၃ ဒသမ ၂၀ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံ တွင် ၄ ဒသမ ၀၀ရာခိုင်နှုန်းနှင့် မလေးရှားနိုင်ငံတွင် ၈ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရ သည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် မတ် ၉ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၆၀ | ၀.၅၅ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၄ | ၀.၆၉ |

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ် မတ် ၁၀ ရက်တွင် International Rice Market Website ၌ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၃ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀% ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၇ ဖြင့် လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၁ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၉ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၁ ဒေါ်လာဖြင့်လည်းကောင်း အသီးသီးဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၈ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၃ ဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၈ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၆ ဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ဆန်ဈေးကွက်နှင့် ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် ဖိလစ်ပိုင်နိုင်ငံမှ ဆန်ဝယ်လိုအား လျော့နည်းလာသည့် အခြေအနေကြောင့် ယခင်တစ်ပတ်က တစ်နှစ်ကျော်အတွင်း အမြင့်ဆုံးအထိ ရောက်ရှိခဲ့သော ဗီယက်နမ်ဆန်ပို့ကုန်ဈေးများ ပြန်လည်ကျဆင်းလာခဲ့ပြီး အိန္ဒိယနိုင်ငံတွင်လည်း ဆန်ဈေးကျလာမည့် မျှော်လင့်ချက်ကြောင့် အဝယ်နှောင့်နှေးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် အိန္ဒိယဆန်ပို့ကုန် ဈေးများလည်း ကျဆင်းလာခဲ့သည်ကို တွေ့ရှိရသည်။ ဗီယက်နမ် ၅ မှတ်ဆန်ဈေးသည် ယခင်တစ်ပတ်က ၂၀၁၈ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း အမြင့်ဆုံးအဖြစ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၅-၃၉၃ သို့ရောက်ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တန်လျှင် ၃၆၅-၃၈၈ ဒေါ်လာသို့ လျော့ကျလာခဲ့သည်ကို တွေ့ရှိသည်။


ဖိလစ်ပိုင်နိုင်ငံသည် ပြည်တွင်းစပါး ထွက်ရှိနေချိန်ဖြစ်၍ ဆန်တင်သွင်းမှုကို ကန့်သတ်မည့် တရားဝင် ထုတ်ပြန်ကြေညာမှု တစ်စုံတစ်ရာ ပြုလုပ်ထားခြင်းမရှိသော်လည်း ဗီယက်နမ်ပို့ကုန် လုပ်ငန်းအချို့သည် တရုတ်နှစ်ကူး ရုံးပိတ်ရက်မတိုင်ခင် ချုပ်ဆိုထားသော ဆန်တင်ပို့မှုစာချုပ်များအတွက် ဖြည့်ဆည်းရောင်းချနိုင်ရေး တောင်သူထံမှ ဆန်ကိုဝယ်ယူရာတွင် ပမာဏပြည့်မီရေး အခက်တွေ့နေကြောင်း ဟိုချီမင်းစီးတီးမြို့ အခြေစိုက်ကုန်သည်များက ပြောကြားကြသည်ကို သိရှိရသည်။

ကမ္ဘာ့ဆန်တင်ပို့မှု ထိပ်သီးအိန္ဒိယနိုင်ငံတွင် ဆန်ဝယ်လိုအား လျော့နည်းနေခြင်းနှင့် ရူပီးငွေတန်ဖိုး ကျလာခြင်းတို့ကြောင့် ဖေဖော်ဝါရီလဆန်းပိုင်းက လေးလအတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည့် ဆန်ပို့ကုန် ဈေးနှုန်းများကျဆင်းလာခဲ့သည်ကို တွေ့ရှိသည်။ အိန္ဒိယ ၅ မှတ် ပေါင်းဆန်ဈေးသည် တစ်တန်လျှင် ၃၇၁-၃၇၆ ဒေါ်လာတွင် ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် ၃၆၉-၃၇၃ ဒေါ်လာသို့ လျော့ကျလာခဲ့သည်ကို တွေ့ရှိရသည်။

ထိုင်းနိုင်ငံ၏ ၅ မှတ်ဆန်ဈေးမှာ ယခင်တစ်ပတ်က တစ်တန်လျှင် ဒေါ်လာ ၄၃၀-၄၅၅ ဒေါ်လာအကြား ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် ၄၄၀ နှင့် ၄၇၁ ဒေါ်လာအကြား ရပ်တည်ခဲ့သည်ကို သိရှိရသည်။ ထိုင်းနိုင်ငံရှိ စပါးစိုက်ပျိုးရာပြည်နယ်များစွာ၌ မိုးခေါင်မှုကြုံတွေ့နေရသဖြင့် ဆန်ရောင်းလိုအား ကျဆင်းလာခြင်းကြောင့် ထိုင်းဆန်မှာ အခြားပြိုင်ဘက်နိုင်ငံများမှ ဆန်များထက် ဈေးနှုန်း ပိုကြီးမြင့်နေကြောင်း ကုန်သည်များက ပြောကြားခဲ့သည်ကို သိရှိရသည်။

ဆန်ဈေးကွက်နှင့် ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် တရုတ်နိုင်ငံမှ ဆန်ကွဲတင်သွင်းခြင်းကို အခွန် ၁၃ ရာခိုင်နှုန်းသာ ကောက်ခံတော့မည်ဖြစ်၍ ကုန်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့ရန် ဆန်ကွဲဝယ်ယူမှုများ ရှိလာပြီး ဈေးကွက် ပြန်လည်လှုပ်ရှားလာကြောင်း ကုန်သည်များထံမှ သိရှိရသည်။ ဆန်ကွဲကို တရုတ်နိုင်ငံမှ အခွန် ၁၃ ရာခိုင်နှုန်းသာ ကောက်ခံမည်ဟု သတ်မှတ်လိုက်ခြင်းကြောင့် နယ်စပ်မှ တင်ပို့နိုင်ရန်အတွက်လည်း ဝယ်ယူလာကြသည်ကို တွေ့ရှိရသည်။ ပင်လယ်ရေကြောင်းမှလည်း တရုတ်နိုင်ငံအပြင် တခြားနိုင်ငံများသို့လည်း တင်ပို့ရန်အတွက် ဝယ်ယူမှုများလာကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင် အတွင်းရေးမှူး ဦးသန်းဦးက ပြောကြားခဲ့သည်ကို သိရှိရသည်။

လက်ရှိတွင် ပြည်ပဈေးကွက်သို့ တင်ပို့နေသည့် ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဆန်ကွဲအဝင်နည်းနေခြင်းကြောင့် ကုန်သည်၊ ပွဲစားများက နယ်မြို့များရှိစက်ပိုင်များနှင့် ချိတ်ဆက်၍ ဝယ်ယူနေရကြောင်း သိရှိရသည်။ ဈေးကွက်အတွင်း ဆန်ကွဲအမျိုးအစားများဖြစ်



သည့် ဘီ၂၊ ဘီ ၃၊ ဘီ ၄ အမျိုးအစားတို့မှာ ၁၀၈ ပေါင်တစ်အိတ်လျှင် ကျပ် ၁၄၅၀၀ မှ ၁၄၆၀၀ ကျပ်ကြား၊ ဘီ ၁၊ ဘီ ၂ အမျိုးအစား တစ်အိတ်လျှင် ကျပ် ၁၅၂၀၀ မှ ကျပ် ၁၅၇၀၀ ကြား၊ ဘီ ၁ (အသန့်) တစ်အိတ်လျှင် ကျပ် ၁၇၀၀၀ အထိရှိကြောင်း သိရှိရသည်။

ဆန်ကွဲကို အာဖရိကနှင့် အီးယူနိုင်ငံများသို့ ပုံမှန်တင်ပို့လျက်ရှိပြီး တရုတ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ စင်္ကာပူ၊ ရုရှားနိုင်ငံသို့လည်း တင်ပို့လျက်ရှိသည်။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၈ ရက်အထိ ပြည်ပသို့ ဆန်ကွဲတင်ပို့ရာတွင် နိုင်ငံပေါင်း ၅၃ နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၄၂၆၆၃၈ ဒသမ ၁၅၀ တန်၊ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၁၀ ဒသမ ၃၂၂ သန်း ရရှိထားသည်ကို သိရှိရသည်။ မြန်မာနိုင်ငံမှ ဆန်ကွဲအများဆုံး တင်ပို့နေသည့် နိုင်ငံများမှာ ဆီနီဂေါ၊ ဘယ်လ်ဂျီယံ၊ အင်ဒိုနီးရှား၊ နယ်သာလန်၊ ဂီနီ၊ UK နှင့် တရုတ်နိုင်ငံတို့ ဖြစ်ကြသည်။

ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ စုစုပေါင်းတင်ပို့မှုအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာ ၁ ရက်မှ ဖေဖော်ဝါရီ ၂၈ ရက်အထိ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁ ဒသမ ၃၇၅ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအမေရိကန်ဒေါ်လာ ၃၉၆ သန်းကျော်ရရှိထားကာ ယခင်နှစ်ကာလတူထက် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၃ သိန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၁ သန်းကျော် ပိုမိုတင်ပို့နိုင်ကြောင်း ကုန်သွယ်မှုစာရင်းဇယားများအရ သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၀ ပြည့်နှစ် မတ် ၁၁ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၁၉၂ ကျပ်နှုန်းရှိပြီး၊ ဧည့်မထ ၂၅ မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၂၃၀၄၀ မှ ၂၄၀၀၀ ကြား ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။ မြန်မာ-ထိုင်းနယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၀ ပြည့်နှစ် မတ် ၁၁ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၈ ကျပ် နှုန်းပေါက်ဈေးရှိကြောင်း သိရှိရသည်။

**စာမျက်နှာ ၁၆ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၃ | ထိုင်း | လီတာ | ၁.၀၁ | ၀.၇၇ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၃ | ၀.၆၄ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၂ | ၁.၂၈ |
| ၆ | မလေးရှား | လီတာ | ၀.၄၅ | ၀.၄၆ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၉ | ၀.၇၅ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၅ | ၀.၇၇ |
| ၉ | လာအို | လီတာ | ၁.၀၉ | ၀.၈၉ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၀ ပြည့်နှစ် မတ် ၉ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၈ နှင့် ဒီဇယ်ဆီတစ် လီတာတွင် အမေရိကန်ဒေါ်လာ ၀ ဒသမ ၉၉ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၀ ဒေါ်လာနှုန်းဖြင့် ၂၁ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၅ ဒေါ်လာနှုန်းဖြင့် ၂၀ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/ အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာ ဈေးနှုန်းများဖြင့် တစ်ဖက် ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၉ | ဟောင်ကောင် | လီတာ | ၂.၂၃ |
| ၂ | ဆူဒန် | လီတာ | ၀.၁၄ | Monaco | လီတာ | ၁.၉၆ |
| ၃ | Angola | လီတာ | ၀.၃၃ | C.A. Republic | လီတာ | ၁.၉၁ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | နယ်သာလန် | လီတာ | ၁.၈၈ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | Iceland | လီတာ | ၁.၈၀ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၂ | Monaco | လီတာ | ၁.၉၈ |
| ၂ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၁.၈၃ |
| ၃ | ဆူဒန် | လီတာ | ၀.၁၆ | Iceland | လီတာ | ၁.၇၃ |
| ၄ | အယ်ဂျီရီးယား | လီတာ | ၀.၁၉ | Yemen | လီတာ | ၁.၇၂ |
| ၅ | Ecuador | လီတာ | ၀.၂၇ | Wallis and Futuna | လီတာ | ၁.၇၀ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်း များအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၀.၉၈ | ၀.၈၆ |
| ၂ | ဂျပန် | လီတာ | ၁.၃၇ | ၁.၁၈ |
| ၃ | အိန္ဒိယ | လီတာ | ၀.၉၉ | ၀.၈၈ |


Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ် ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၆.၂.၂၀၂၀ | စည် | ၄၅.၉၀ |
| ၂ | ၉.၃.၂၀၂၀ | စည် | ၃၁.၁၃ |
| ၃ | ၁၀.၃.၂၀၂၀ | စည် | ၃၄.၃၆ |
| ၄ | ၁၁.၃.၂၀၂၀ | စည် | ၃၂.၉၈ |
| ၅ | ၁၂.၃.၂၀၂၀ | စည် | ၃၁.၅၀ |

source : http://www.oil-price.net/

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၃ ရက်မှ ၂၀၂၀ ပြည့်နှစ် မတ် ၉ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်းပြောင်းလဲ မှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




**ကေသွယ်(တန့်ဆည်မြေ)**

**စာမျက်နှာ ၁၇ သို့**

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့နိုင်ငံအားလုံး၏ ထက်ဝက်ကျော်ထိ ပျံ့နှံ့နေသော Covid-19 ဗိုင်းရပ်စ်ကူးစက်မှုသည် နိုင်ငံအများစု၏ ကုန်သွယ် ရေးနှင့် စီးပွားရေးကို အကျိုးသက်ရောက်မှုရှိလာပြီး ကမ္ဘာလုံး ဆိုင်ရာ စီးပွားရေးကို ထိခိုက်သည်အထိ ရှိလာနေပြီဖြစ်သည်။ ဗိုင်းရပ်စ်၏ ဂယက်နှင့်အတူ ဒေါ်လာငွေကြေးတန်ဖိုး ကျဆင်း ခြင်း၊ လောင်စာဆီဈေးကွက် ဝယ်လိုအားနှင့် ဈေးနှုန်းများ ကျ ဆင်းခြင်းနှင့် ကမ္ဘာ့ရွှေဈေးများ ကျဆင်းခြင်းများ ဖြစ်ပေါ်လာခဲ့ သည်။ ယင်းအခြေအနေများက ကိုရိုနာဗိုင်းရပ်စ်၏ ကမ္ဘာလုံး ဆိုင်ရာ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှု ကြီးမားလာနေ သည်ကို ဖော်ပြနေသည့် အခြေအနေများလည်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ အုပ်ချုပ်မှုဒါရိုက်တာ Kristalina GeorgievaKinova ကလည်း Covid-19 ကြောင့် တစ်ကမ္ဘာလုံးဆိုင်ရာစီးပွားရေးသည် အဆိုး ဆုံး မရေမရာမှုများဖြစ်နေသည်ဟု ပြောဆိုထားပြီး ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးညီလာခံ အဖွဲ့အစည်းကလည်း Covid- 19 ဖြစ်ပွားနေမှု လှိုင်းဂယက်သည် ၂၀၂၀-၂၀၂၁ ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု လမ်းကြောင်းအပေါ် ၅ ရာခိုင် နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ဖိအားရှိလာနိုင်သည်ဟု အဖွဲ့ဝင် နိုင်ငံများအသီးသီးကို ကြေညာချက်ပေးပို့ခဲ့သည်ကို တွေ့ရှိရ သည်။

အမေရိကန်ဒေါ်လာဈေး၊ ကမ္ဘာ့ရေနံဈေး ကျဆင်းလာ မှုနှင့်အတူ ကမ္ဘာ့ရွှေဈေးသည်လည်း ဖေဖော်ဝါရီလ နောက်ဆုံး ပတ်အတွင်း အခေါက်ရွှေ တစ်အောင်စလျှင် ၁၆၈၂ ဒေါ်လာ အထိ မြင့်တက်ခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဖြစ် ပေါ်ခဲ့ပြီး မတ် ၁၂ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၆၃၇ ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးနှုန်းသည် ဖေဖော်ဝါရီလ နောက်ဆုံးပတ်အတွင်း အခေါက်ရွှေ တစ်ကျပ် သားလျှင် ကျပ် ၁၂၆၀၀၀၀ အထိ ဖြစ်ပေါ်ခဲ့ပြီး မတ် ၁၂ ရက် တွင် ကျပ် ၁၂၁၀၀၀၀ ပေါက်ဈေးရှိကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

**စာမျက်နှာ ၁၆ သို့**

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်းကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar)တစ်တန်လျှင် မတ် ၃ ရက်တွင် အမေရိကန်ဒေါ်လာ ၄၁၂ ဒသမ ၅၀ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး မတ် ၁၁ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၆ ဒသမ ၄၅ ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 11-Mar-20 | 12.32 cts/lb | 13.89 cts/lb | 356.45 $/T | 16.17 cts/lb |
| 10-Mar-20 | 12.60 cts/lb | 14.08 cts/lb | 360.00 $/T | 16.33 cts/lb |
| 9-Mar-20 | 12.67 cts/lb | 14.24 cts/lb | 355.60 $/T | 16.13 cts/lb |
| 6-Mar-20 | 13.09 cts/lb | 14.37 cts/lb | 369.35 $/T | 16.75 cts/lb |
| 5-Mar-20 | 13.45 cts/lb | 14.48 cts/lb | 380.80 $/T | 17.27 cts/lb |
| 4-Mar-20 | 13.52 cts/lb | 14.58 cts/lb | 382.30 $/T | 17.34 cts/lb |
| 3-Mar-20 | 13.80 cts/lb | 14.69 cts/lb | 387.20 $/T | 17.56 cts/lb |
| 2-Mar-20 | 13.86 cts/lb | 14.78 cts/lb | 388.95 $/T | 17.64 cts/lb |
| 28-Feb-20 | 14.22 cts/lb | 14.84 cts/lb | 393.65 $/T | 17.86 cts/lb |
| 27-Feb-20 | 14.25 cts/lb | 14.88 cts/lb | 395.95 $/T | 17.96 cts/lb |
| 26-Feb-20 | 14.60 cts/lb | 14.90 cts/lb | 403.15 $/T | 18.29 cts/lb |
| 25-Feb-20 | 14.84 cts/lb | 14.89 cts/lb | 409.45 $/T | 18.57 cts/lb |
| 24-Feb-20 | 14.87 cts/lb | 14.87 cts/lb | 410.75 $/T | 18.63 cts/lb |
| 21-Feb-20 | 15.21 cts/lb | 14.86 cts/lb | 419.10 $/T | 19.01 cts/lb |
| 20-Feb-20 | 15.04 cts/lb | 14.80 cts/lb | 416.05 $/T | 18.87 cts/lb |
| 19-Feb-20 | 15.23 cts/lb | 14.76 cts/lb | 418.20 $/T | 18.97 cts/lb |
| 18-Feb-20 | 14.95 cts/lb | 14.70 cts/lb | 413.40 $/T | 18.75 cts/lb |
| 17-Feb-20 | 14.69 cts/lb | 14.67 cts/lb | 407.15 $/T | 18.47 cts/lb |
| 14-Feb-20 | 14.69 cts/lb | 14.63 cts/lb | 409.10 $/T | 18.56 cts/lb |
| 13-Feb-20 | 14.87 cts/lb | 14.60 cts/lb | 422.05 $/T | 19.14 cts/lb |
| 12-Feb-20 | 15.24 cts/lb | 14.58 cts/lb | 440.30 $/T | 19.97 cts/lb |
| 11-Feb-20 | 15.12 cts/lb | 14.53 cts/lb | 429.75 $/T | 19.49 cts/lb |
| 10-Feb-20 | 14.81 cts/lb | 14.49 cts/lb | 423.65 $/T | 19.22 cts/lb |
| 7-Feb-20 | 14.73 cts/lb | 14.47 cts/lb | 422.15 $/T | 19.15 cts/lb |
| 6-Feb-20 | 14.58 cts/lb | 14.45 cts/lb | 410.85 $/T | 18.64 cts/lb |
| 5-Feb-20 | 14.55 cts/lb | 14.43 cts/lb | 410.20 $/T | 18.61 cts/lb |
| 4-Feb-20 | 14.52 cts/lb | 14.43 cts/lb | 409.90 $/T | 18.59 cts/lb |
| 3-Feb-20 | 14.64 cts/lb | 14.41 cts/lb | 412.50 $/T | 18.71 cts/lb |

သကြားဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် အိန္ဒိယနိုင်ငံ၏ ကြံအဓိကစိုက်ပျိုးရာဒေသများတွင် အထွက် နှုန်း ကျဆင်းနိုင်ခြင်းကြောင့် လက်ရှိ ၂၀၁၉-၂၀၂၀ ဈေးကွက်ရာသီအတွင်း အိန္ဒိယနိုင်ငံ၏ စုစုပေါင်း သကြားထုတ်လုပ်မှုမှာ ၁၈ ရာခိုင်နှုန်းကျဆင်းကာ တန်ချိန် ၂၇ ဒသမ ၃ သန်းသို့ ရောက်ရှိနိုင်ကြောင်း

**စာမျက်နှာ ၂၈ သို့**

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၆.၃.၂၀၂၀ | ၉.၃.၂၀၂၀ | ၁၀.၃.၂၀၂၀ | ၁၁.၃.၂၀၂၀ | ၁၂.၃.၂၀၂၀ |
| ၁ | ရက်(၉၀) | 90 (Raw) | ၂၃၀၀၀ | ၂၂၈၀၀ | ၂၂၄၀၀ | ၂၂၅၀၀ | ၂၁၅၀၀ |
| ၂ | သီးထပ် | 90 (Raw) | ၂၂၂၀၀ | ၂၁၈၀၀ | ၂၁၅၀၀ | ၂၁၅၀၀ | ၂၀၅၀၀ |
| ၃ | ညှော့မထ | 70(Raw) | ၁၉၈၀၀ | ၁၉၇၀၀ | ၁၉၅၀၀ | ၁၉၂၀၀ | ၁၉၀၀၀ |
| ၄ | ညှော့မထ | 65(Raw) | ၁၉၅၀၀ | ၁၉၄၀၀ | ၁၉၂၀၀ | ၁၉၀၀၀ | ၁၈၆၀၀ |
| ၅ | ကရင်မ | 90(Raw) | ၂၁၅၀၀ | ၂၁၃၀၀ | ၂၁၄၀၀ | ၁၉၈၀၀ | ၁၉၅၀၀ |
| ၆ | ကရင်မ | 80(Raw) | ၂၁၀၀၀ | ၂၀၈၀၀ | ၂၀၅၀၀ | ၁၉၅၀၀ | ၁၉၃၀၀ |

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ဘုရင့်နောင် ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ ဆန်ဈေးနှုန်းများကို လေ့လာရာတွင် မတ် ၆ ရက်မှ ၁၂ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ညှော့မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ညှော့မထဆန် တစ်ပြည်လျှင် ကျပ် ၂၈၀၀၊ မုံရွာမြို့တွင် ညှော့မထဆန် တစ်ပြည်လျှင် ကျပ် ၁၉၀၀ ဖြင့် အမြင့်ဆုံး ဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး ပုသိမ်နှင့် ပျဉ်းမနားမြို့တို့တွင် ညှော့မထဆန် တစ်ပြည် လျှင် ကျပ် ၁၀၀၀၊ မော်လမြိုင်၊ ရန်ကုန်၊ စစ်တွေမြို့တို့တွင် ညှော့မထဆန် တစ်ပြည်လျှင် ကျပ် ၉၅၀၊ ပြည်မြို့တွင် ညှော့မထဆန်တစ်ပြည်လျှင် ကျပ် ၉၀၀ တို့ဖြင့် အနိမ့်ဆုံးဈေးနှုန်းများဖြစ်ခဲ့သည်ကို တွေ့ရှိရ သည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၀ ဒသမ ၉၂ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ၂၀၂၀ ပြည့်နှစ် မတ်လဒုတိယပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်/ အကျ ပြောင်းလဲမှုများရှိသကဲ့သို့မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/ အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၂ ရက်မှ မတ် ၁၂ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၂.၂.၂၀၂၀ | ၁၂၂၆၀၀၀ | ၁၅၈၉ |
| ၂ | ၃.၂.၂၀၂၀ | ၁၂၁၈၀၀၀ | ၁၅၇၉ |
| ၃ | ၄.၂.၂၀၂၀ | ၁၂၁၄၀၀၀ | ၁၅၇၁ |
| ၄ | ၅.၂.၂၀၂၀ | ၁၂၁၃၅၀၀ | ၁၅၅၃ |
| ၅ | ၆.၂.၂၀၂၀ | ၁၂၁၆၅၀၀ | ၁၅၆၄ |
| ၆ | ၇.၂.၂၀၂၀ | ၁၂၁၈၀၀၀ | ၁၅၆၇ |
| ၇ | ၉.၂.၂၀၂၀ | ၁၂၁၈၀၀၀ | ၁၅၇၁ |
| ၈ | ၁၀.၂.၂၀၂၀ | ၁၂၂၂၀၀၀ | ၁၅၇၅ |
| ၉ | ၁၁.၂.၂၀၂၀ | ၁၂၁၈၀၀၀ | ၁၅၆၈ |
| ၁၀ | ၁၂.၂.၂၀၂၀ | ၁၂၁၆၀၀၀ | ၁၅၆၆ |
| ၁၁ | ၁၃.၂.၂၀၂၀ | ၁၂၂၀၅၀၀ | ၁၅၇၅ |
| ၁၂ | ၁၄.၂.၂၀၂၀ | ၁၂၁၈၀၀၀ | ၁၅၇၆ |
| ၁၃ | ၁၅.၂.၂၀၂၀ | ၁၂၂၁၀၀၀ | ၁၅၈၄ |
| ၁၄ | ၁၇.၂.၂၀၂၀ | ၁၂၂၀၀၀၀ | ၁၅၈၀ |
| ၁၅ | ၁၈.၂.၂၀၂၀ | ၁၂၂၄၀၀၀ | ၁၅၈၉ |
| ၁၆ | ၁၉.၂.၂၀၂၀ | ၁၂၃၁၀၀၀ | ၁၆၀၉ |
| ၁၇ | ၂၀.၂.၂၀၂၀ | ၁၂၃၀၀၀၀ | ၁၆၁၁ |
| ၁၈ | ၂၁.၂.၂၀၂၀ | ၁၂၄၁၀၀၀ | ၁၆၃၄ |
| ၁၉ | ၂၃.၂.၂၀၂၀ | ၁၂၄၅၅၀၀ | ၁၆၄၄ |
| ၂၀ | ၂၄.၂.၂၀၂၀ | ၁၂၆၀၀၀၀ | ၁၆၈၂ |
| ၂၁ | ၂၅.၂.၂၀၂၀ | ၁၂၄၄၀၀၀ | ၁၆၅၄ |
| ၂၂ | ၂၆.၂.၂၀၂၀ | ၁၂၄၇၀၀၀ | ၁၆၄၈ |
| ၂၃ | ၂၇.၂.၂၀၂၀ | ၁၂၄၆၀၀၀ | ၁၆၄၇ |
| ၂၄ | ၂၈.၂.၂၀၂၀ | ၁၂၃၃၀၀၀ | ၁၆၂၆ |
| ၂၅ | ၂၉.၂.၂၀၂၀ | ၁၂၁၆၀၀၀ | ၁၅၈၆ |
| ၂၆ | ၂.၃.၂၀၂၀ | ၁၂၁၄၅၀၀ | ၁၆၀၉ |
| ၂၇ | ၃.၃.၂၀၂၀ | ၁၂၁၃၀၀၀ | ၁၅၉၇ |
| ၂၈ | ၅.၃.၂၀၂၀ | ၁၂၁၅၅၀၀ | ၁၆၄၈ |
| ၂၉ | ၆.၃.၂၀၂၀ | ၁၂၁၃၀၀၀ | ၁၆၈၇ |
| ၃၀ | ၇.၃.၂၀၂၀ | ၁၁၉၉၀၀၀ | ၁၆၇၄ |
| ၃၁ | ၉.၃.၂၀၂၀ | ၁၁၆၉၀၀၀ | ၁၆၇၆ |
| ၃၂ | ၁၂.၃.၂၀၂၀ | ၁၂၁၀၀၀၀ | ၁၆၃၇ |

Source: estimate of world's exchange rate and gold price page

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံဗဟိုဘဏ်ဥပဒေပုဒ်မ ၄၁ (ဈ)အရ မြန်မာနိုင်ငံဗဟိုဘဏ်၏ အတိုးနှုန်း (Bank Rate)ကို တစ်နှစ်လျှင် ၁၀ ရာခိုင်နှုန်း မှ ၉ ဒသမ ၅ ရာခိုင်နှုန်းသို့ ပြင်ဆင်သတ်မှတ်လိုက်ကြောင်း မတ် ၁၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြည်တွင်းဘဏ် အတိုးနှုန်းများကို သုည ဒသမ ၅ ရာခိုင်နှုန်းသို့ လျှော့ချလိုက်ခြင်းဖြစ်ပြီး ပြင်ဆင်ထုတ်ပြန်လိုက်သော နှုန်းထားများအရ အပ်ငွေအပေါ် ဘဏ်များက ပေးရမည့် အတိုးနှုန်းကို ၇ ဒသမ ၅ ရာခိုင်နှုန်းထက်မနည်း ပေးရမည်ဖြစ်ပြီး ထုတ်ချေးသည့် ချေးငွေအပေါ် ဘဏ်များကယူသည့် အတိုးနှုန်းကို ၁၂ ဒသမ ၅ ရာခိုင်နှုန်းအထက်မကျော်ရဟု သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ယခင်မူလ အတိုးနှုန်းသည် အပ်ငွေအပေါ် ၈ ရာခိုင်နှုန်းနှင့် ထုတ်ချေးငွေအပေါ် ၁၃ ရာခိုင်နှုန်းဖြစ်ပြီး ယခုကဲ့သို့ လျှော့ချခြင်းသည် ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးမှု အထောက်အကူပြုရန် ရည်ရွယ်သည်ဟုလည်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်ကို သိရှိရသည်။ အတိုးနှုန်း လျှော့ချသည့် ပမာဏနည်းခြင်းများခြင်းထက် တိုင်းပြည်၏ စီးပွားရေးအပေါ်တွင် ဗဟိုဘဏ်က ဝင်ရောက်ပါဝင်ပေးလာသည်ကို ကြိုဆိုရမည်ဖြစ်ကြောင်း၊ အတိုးနှုန်းပမာဏ အများကြီး လျှော့ချပါက ငွေအပ်နှံထားသူများမှ အပ်ငွေများကို ပြန်လည်ထုတ်ယူနိုင်သည့် အခြေအနေကြောင့် အတိုးနှုန်းလျှော့ချခြင်းကို တဖြည်းဖြည်းချင်း ဆောင်ရွက်လာခြင်းသည် ကောင်းမွန်သည့် လက္ခဏာဖြစ်ကြောင်း စီးပွားရေး လုပ်ငန်းရှင် ဒေါက်တာစိုးထွန်းက ပြောကြားခဲ့သည်ကို သိရှိရသည်။

COVID-19 ဗိုင်းရပ် ကူးစက်ပြန့်ပွားခြင်းကြောင့် နောက်ဆက်တွဲ ရိုက်ခတ်လာသော ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျပ်တည်းမှုများ ကုစားနိုင်ရန် အင်အားကြီးနိုင်ငံများတွင်လည်း ငွေကြေးမူဝါဒပြောင်းလဲခြင်းဖြင့် စီးပွားရေးလုပ်ငန်းများကို တွန်းအားပေးမှုများရှိနေကြောင်း သိရှိရသည်။ မတ်လဆန်းပိုင်းက အမေရိကန်ဗဟိုဘဏ်သည် ဘဏ်အတိုးနှုန်း သုည ဒသမ ၅ ရာခိုင်နှုန်းသို့ လျှော့ချကြောင်း ကြေညာခဲ့ပြီး မတ် ၁၀ ရက်တွင် အင်္ဂလန်ဗဟိုဘဏ်ကလည်း ဘဏ်အတိုးနှုန်းကို သုည ဒသမ ၇၅ ရာခိုင်နှုန်းမှ သုည ဒသမ ၂၅ ရာခိုင်နှုန်းသို့ လျှော့ချပြင်ဆင်ခဲ့သည်။

မြန်မာနိုင်ငံသည်လည်း COVID-19 ပြဿနာကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျပ်တည်းမှု နောက်ဆက်တွဲ အကျိုးဆက်ရိုက်ခတ်မှုကိုခံနေရပြီး အထူးသဖြင့် ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှု ပိုမိုကြီးစေခဲ့ခြင်းနှင့်အတူ လက်ခစားလုပ်ငန်းများ ဖြစ်သော အထည်ချုပ်စက်ရုံများ ကုန်ကြမ်းမရ၍ ပိတ်သိမ်းရသည့် ဖြစ်စဉ်များလည်း ရှိလာခဲ့သည်ကို တွေ့ရှိရသည်။ လက်ရှိအခြေအနေ မျိုးတွင် ဘဏ်အတိုးနှုန်းကို လျှော့ချပြီး စီးပွားရေးမောင်းနှင်မှု လုပ်ဆောင်ခြင်းသည် အကောင်းဆုံး အချိန်ဖြစ်ကြောင်း၊ နိုင်ငံ တကာတွင် လုပ်ဆောင်မှုမြန်ဆန်ခြင်းကြောင့်လည်း စီးပွားရေးက ထိခိုက်နစ်နာမှုနည်းခြင်းဖြစ်ကြောင်း ကမ္ဘောဇဘဏ် အကြီးတန်းအရာရှိ ဦးသန်းလွင်က ပြောကြားခဲ့သည်ကို သိရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.30 %, Annual Rate of Inflation 8.81 %, Year on Year Inflation 9.45% ရှိသည်ကို လေ့လာသိရှိရသည်။

၂၀၂၀ပြည့်နှစ် မတ် ၆ ရက်မှ မတ် ၁၂ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်း များကို အထက်ပါဇယားဖြင့်ဖော်ပြအပ်ပါသည်။


တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၆-၃-၂၀ | ၁၀-၃-၂၀ | ၁၁-၃-၂၀ | ၁၂-၃-၂၀ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၃၇၀.၆ | ၁၃၂၄.၇ | ၁၃၇၃.၉ | ၁၃၉၈.၆ | ၂.၀၄ | ⬆ |
| ၂ | Thai Baht | THB | ၃၁.၄၅၅ | ၃၁.၄၃၀ | ၃၁.၄၄၀ | ၃၁.၆၂၀ | ၀.၅၂ | ⬆ |
| ၃ | Singapore Dollar | SGD | ၁.၃၈၁ | ၁.၃၈၉ | ၁.၃၉၀ | ၁.၄၀၂ | ၁.၅၂ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၁၇၅ | ၄.၂၃၈ | ၄.၂၂၉ | ၄.၂၆၂ | ၂.၀၈ | ⬆ |
| ၅ | Indonesian Rupiah | IDR | ၁၄၂၃၀ | ၁၄၃၄၆ | ၁၄၃၅၂ | ၁၄၅၂၂ | ၂.၀၅ | ⬆ |
| ၆ | Chinese Yuan | CNY | ၆.၉၃၄ | ၆.၉၄၈ | ၆.၉၄၈ | ၆.၉၉၁ | ၀.၈၂ | ⬆ |
| ၇ | Indian Rupee | INR | ၇၃.၆၀၅ | ၇၄.၁၅၁ | ၇၃.၇၄၇ | ၇၄.၁၉၆ | ၀.၈၀ | ⬆ |
| ၈ | Japanese Yen | JPY | ၁၀၅.၇၇၂ | ၁၀၄.၄၆၃ | ၁၀၅.၁၈၃ | ၁၀၃.၆၄၆ | -၂.၀၁ | ⬇ |
| ၉ | Australian Dollar | AUD | ၁.၅၀၆ | ၁.၅၂၃ | ၁.၅၃၂ | ၁.၅၅၅ | ၃.၂၅ | ⬆ |
| ၁၀ | Euro | EUR | ၀.၈၈၇ | ၀.၈၈၀ | ၀.၈၈၃ | ၀.၈၈၇ | ၀.၀၀ | |
| ၁၁ | Pound Sterling | GBP | ၀.၇၇၁ | ၀.၇၆၆ | ၀.၇၇၃ | ၀.၇၈၃ | ၁.၅၆ | ⬆ |

Source- Central Bank of Myanmar

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ မတ် ၆ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၇၀ ဒသမ ၆၀ ကျပ်ရှိခဲ့ရာမှ မတ်လ ၁၂ ရက် တွင် ၁၃၉၈ ဒသမ ၆၀ ကျပ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း ၂ ဒသမ ၀၄ % ပြန်လည်မြင့်တက်လာခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၃ ရက်မှ မတ် ၁၂ ရက်အထိ နေ့အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်းတန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြည်တွင်းရှိ ပြင်ပဒေါ်လာငွေကြေးဈေးကွက်ကို လေ့လာရာတွင်မတ် ၆ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၇၂ ကျပ်၊ မတ် ၁၀ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၅၀ ကျပ်၊ မတ် ၁၁ ရက်တွင် တစ်ဒေါ်လာလျှင် ၁၃၇၅ ကျပ်၊ မတ် ၁၂ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၁၄၁၀ အသီးသီးပေါက်ဈေးများဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

## စာမျက်နှာ (၈) မြန်မာ့ရေထွက်ပစ္စည်းများ . . . မှအဆက်

| | | | | |
|---|---|---|---|---|
| 46 | Lobster (common species: Chinese Lobster, Japanese lobster, variegated lobster, real lobster, etc.)Palinuridae | Normal | – | Chilled |
| 47 | Thamnaconusmodestus | Normal | 0303899090 | Frozen |
| 48 | Thamnaconus spp. | Normal | 0303899090 | Frozen |
| 49 | Anguilla spp. | Normal | 0303260090,0304930090, 0305490090 | Frozen |
| 50 | Engraulisringens | Normal | 0303899090,0304990090, 0305390090,0305599090 | Frozen |
| 51 | Miichthysmiiuy | Normal | 0303899090,0304890090, 0305390090,0305599090 | Frozen |
| 52 | Penaeusmerguiensis | Normal | 0306172900,0306299000 | Frozen |
| 53 | Zeus faber | Normal | 0303899090,0304890090 | Frozen |
| 54 | Nemipterusjaponicus | Normal | 0303899090 | Frozen |
| 55 | Engraulisjaponicus | Normal | 0303899090,0305390090, 0305490090,0305599090, 0305630000 | Frozen |
| 56 | Portunustrituberculatus | Normal | 0306249200 | Chilled |
| 57 | Lepturacanthussavala | Normal | 0303891000 | Frozen |
| 58 | Sardinapilchardus | Normal | 0304890090,0305300090, 0305599090,0305699090 | Frozen |
| 59 | Placopecta(Placopecten)magellanicus | Normal | – | Frozen |
| 60 | Placopecta(Placopecten)magellanicus | Normal | – | Chilled |
| 61 | Epinephelus spp. | Normal | – | Chilled |
| 62 | Epinephelus spp. | Normal | 0303899090,0304890090, 0304990090 | Frozen |
| 63 | Tenualosareevesii | Normal | 0303899090,0304890090, 0304990090 | Frozen |
| 64 | Tenualosareevesii | Normal | – | Chilled |
| 65 | Sprattussprattus | Normal | 0303530000 | Frozen |
| 66 | Discogobiotetrabarbatus | Normal | 0305599090 | Frozen |
| 67 | Eleutheronemarhadinum | Normal | 0303899090,0305599090 | Frozen |
| 68 | Larimichthyspamoides | Normal | – | Chilled |
| 69 | Larimichthyspamoides | Normal | 0303892000,0305692000 | Frozen |
| 70 | Soleasolea | Normal | 0303330000 | Frozen |
| 71 | Clupeapallasii | Normal | 0303510000,0305420000, 0305610000 | Frozen |
| 72 | Gadusmacrocephalus | Normal | – | Chilled |
| 73 | Gadusmacrocephalus | Normal | 0303630000,0304890090, 0304990090,0305510000, 0305620000 | Frozen |
| 74 | Sepiida spp. | Normal | 0307490000 | Frozen |
| 75 | Sepiida spp. | Normal | 0307419000 | Chilled |
| 76 | Megalobramaamblycephala | Normal | 0303899090,0305699090 | Frozen |
| 77 | Alosaalosa | Normal | 0303530000,0303899090 | Frozen |
| 78 | Lithognathusmormyrus | Normal | 0303899090 | Frozen |
| 79 | Larimichthyspolyactis | Normal | 0303892000,0305599090, | Frozen |
| | | | 0305692000 | |
| 80 | Larimichthyspolyactis | Normal | – | Chilled |
| 81 | Sardinella spp. | Normal | 0303530000,0305390090 | Frozen |
| 82 | Hapalogenysnitens | Normal | 0303899090 | Frozen |
| 83 | Pinjalopinjalo | Normal | 0303899090 | Frozen |
| 84 | Lethrinusnebulosus | Normal | 0303899090,0304890090 | Frozen |
| 85 | Raninaranina | Normal | 0306149000,0306249900 | Frozen |
| 86 | Merlucciusbilinearis | Normal | 0303660000 | Frozen |
| 87 | Polydactylusindicus | Normal | 0303899090 | Frozen |
| 88 | Platycephalusindicus | Normal | 0303899090 | Frozen |
| 89 | Loligo | Normal | 0307490000,0308909090 | Frozen |
| 90 | Loligospp | Normal | 0307429100 | Chilled |
| 91 | Penaeusmarginatus | Normal | 0306171100 | Frozen |
| 92 | Sardinopssagax (Sardinopsmelanostictus) | Normal | 0303530000 | Frozen |
| 93 | Lamprisguttatus | Normal | 0303899090 | Frozen |
| 94 | Octopus | Normal | 0307590000 | Frozen |
| 95 | Pagrus major | Normal | 0303899090,0304890090, 0304990090,0305390090 | Frozen |
| 96 | Solenoceracrassicornis | Normal | 306161900 | Frozen |
| 97 | Peprilusmedius | Normal | 0303893000 | Frozen |
| 98 | Solenstrictus | Normal | 0308901990 | Frozen |
| 99 | Mugilcephalus | Normal | 0303899090 | Frozen |
| 100 | Porphyra | Normal | – | Refrigerate |
| 101 | Porphyra | Normal | – | Frozen |

ထို့ပြင် မြန်မာ့ရေထွက်ပစ္စည်းများ တရုတ်နိုင်ငံသို့ တိုးချဲ့ တင်ပို့နိုင်ရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ရေထွက် ပစ္စည်းများ လွယ်ကူစွာတင်ပို့နိုင်ရေးအတွက် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့တို့အကြား ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့် ရောဂါပိုးမွှားကင်းစင်ရေးဆိုင်ရာ သဘောတူစာချုပ် (မူကြမ်း)အပေါ် နှစ်ဖက်စလုံးမှ သဘောတူညီ ချက်များရရှိ၍ လက်မှတ်ရေးထိုးပြီးစီးပါက မြန်မာနိုင်ငံမှ ထွက်ရှိသည့် ရေထွက်ပစ္စည်းများအား တရုတ်နိုင်ငံသို့ တိုးချဲ့တင်ပို့ရောင်းချနိုင်မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

ကိုရိုနာဗိုင်းရပ်စ်၏ ရိုက်ခတ်မှုကြောင့် တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးထိခိုက်မှုဖြစ်စဉ်တွင် ခရီးသွားလာမှုကဏ္ဍနှင့် စက်မှုလုပ်ငန်းများ လည်ပတ်မှုအပေါ်တွင် အကျိုးသက်ရောက်မှု ကြီးမားခဲ့သည်ကို တွေ့ရှိရသည်။ ထို့ပြင် လေယာဉ်ဆီ၊ ဒီဇယ်၊ ဓာတ်ဆီ အသုံးပြုခြင်းများ ကျဆင်းသွားပြီး ကမ္ဘာ့ရေနံဝယ်လိုအားကိုလည်း ကြီးမားစွာ ထိခိုက်မှု ရှိလာစေခဲ့သည်။ သက်ရောက်မှုအနေဖြင့် ကမ္ဘာ့ရေနံ ဝယ်လိုအားသည် တစ်ရက် ရေနံဝယ်လိုအား စည်ပေါင်း ၁ ဒသမ ၈ သန်း (1.1mb/d) အထိ ကျဆင်းသွားနိုင်သည်ဟု အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ (IEA)၏ ၂၀၂၀ ပြည့်နှစ် မတ် ၁၀ ရက်က ထုတ်ပြန်သည့် ရေနံဈေးကွက်အစီရင်ခံစာတွင် ဖော်ပြထားသည်ကို သိရှိရသည်။

ကမ္ဘာ့ရေနံဈေးနှုန်းသည် ဇန်နဝါရီလဆန်းတွင် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၄ ဒေါ်လာကျော်ရှိခဲ့ရာမှ မတ် ၁၀ ရက်တွင် ၃၃ ဒေါ်လာကျော်အထိ ဆက်တိုက်ကျဆင်းလာခဲ့သည်ကို တွေ့ရှိရသည်။ ရေနံဝယ်လိုအားများ ကျဆင်းနေချိန် တစ်ဖက်တွင်မူ ရေနံတင်ပို့သော နိုင်ငံများအသင်း(OPEC) ၏ အသင်းဝင်နိုင်ငံများသည် ရေနံထုတ်လုပ်မှုကိုလျှော့ချရန် စာချုပ်ချုပ်ဆိုမှု ပျက်ပြယ်သွားခြင်းကြောင့် ကမ္ဘာ့ရေနံဈေးကွက်၏ ဈေးနှုန်းကျဆင်းမှုကို စိုးရိမ်ဖွယ်ဖြစ်နေစေသည်ဟု CNBC သတင်းဌာနက ဖော်ပြချက်အရ သိရှိရသည်။

မြန်မာနိုင်ငံ၏ပြည်တွင်း (ရန်ကုန်) စက်သုံးဆီ လက်လီဈေးနှုန်းသည် ဇန်နဝါရီ ၂ ရက်က 95 ဓာတ်ဆီ တစ်လီတာလျှင် အမြင့်ဆုံးဈေး ကျပ် ၉၈၅ ဈေးနှုန်းမှ မတ် ၁၁ ရက်တွင် ကျပ် ၇၅၀ အထိ ကျဆင်းလာခဲ့ပြီး ယင်းပမာဏသည် နှစ်လကျော်ကာလအတွင်း တစ်လီတာလျှင် ၂၃၅ ကျပ်အထိ ကျဆင်းခဲ့ခြင်းဖြစ်သည်။ အလားတူပင် 92 ဓာတ်ဆီသည် ၈၉၅ ကျပ်မှ ကျပ် ၆၃၀၊ ရိုးရိုးဒီဇယ် 500 ppm သည် ၉၇၅ ကျပ်မှ ကျပ် ၇၀၀၊ ပရီမီယံဒီဇယ် 50 ppm သည် ကျပ် ၉၈၅ ကျပ်မှ ၇၁၀ ကျပ်သို့ အသီးသီးကျဆင်းသွားခဲ့သည်ကို တွေ့ရှိရသည်။

ကမ္ဘာ့ရေနံဈေးအပြင် ဒေါ်လာဈေးပါ ကျဆင်းနေသည့်အတွက် ပြည်တွင်းဈေးကလည်း လိုက်ပါကျဆင်းလာခြင်းဖြစ်သည်။ လက်ရှိအခြေအနေတွင် ကမ္ဘာ့စီးပွားရေး မတည်ငြိမ်သည့်အတွက် ဈေးကွက်ကိုသုံးသပ်ရန် ခက်ခဲနေပြီး စောင့်ကြည့်နေရသည့် အနေအထားဖြစ်နေကြောင်း စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးကုမ္ပဏီတစ်ခု၏ မန်နေဂျာတစ်ဦးကပြောကြားခဲ့သည်ကို သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ဟားခါးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၀၄၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၃၉၅၀၊ လားရှိုးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၉၀၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၇၀၀၊ မုံရွာမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၈၀၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၀၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ပဲခူးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၂၈၆၅ ကျပ်၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၃၁၃၀ နှင့် မကွေးမြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၂၉၀၀၊ ဒီဇယ် တစ်ဂါလန်လျှင် ကျပ် ၃၂၅၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

၂၀၂၀ ပြည့်နှစ် မတ် ၁၂ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ် တစ်လီတာလျှင် ကျပ် ၆၉၀၊ ပရီမီယမ်ဒီဇယ် တစ်လီတာလျှင် ကျပ် ၇၀၀၊ အောက်တိန်း 92 တစ်လီတာလျှင် ကျပ် ၆၂၀၊ အောက်တိန်း 95 တစ်လီတာလျှင် ကျပ် ၇၄၀ ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်း အနည်းငယ်ကျဆင်းလျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်သည်။

# ပြည်တွင်း ဆန်စပါးဈေးကွက် တည်ငြိမ်စေရေး အစည်းအဝေးကျင်းပ

ကမ္ဘာတစ်ဝန်းတွင် COVID-19 ကူးစက်ရောဂါဖြစ်ပွားလျက်ရှိပြီး ယင်းအခြေအနေများကြောင့် ပြည်တွင်း၌ ဆန်စပါးဈေးကွက်တည်ငြိမ်စေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆန်စပါး စိုက်ပျိုးထွက်ရှိမှုအခြေအနေ၊ ဆန်စပါး လက်ကျန်အခြေအနေ၊ ပြည်ပသို့ တင်ပို့မှုအခြေအနေများနှင့်စပ်လျဉ်း၍ အစည်းအဝေးကို မတ် ၁၄ ရက် နေ့လယ်ပိုင်း၌ ရန်ကုန်မြို့ ကုန်သည်လမ်းပေါ်ရှိMyanmar International Trade Center ၌ ကျင်းပပြုလုပ်သည်။



အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးတိုးအောင်မြင့်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်တွင်းဆန် လက်ကျန်အခြေအနေ၊ နွေစပါးစိုက်ပျိုးထွက်ရှိမှု အခြေအနေ၊ ဈေးကွက် ဝယ်လိုအားကို အလျှင်မီအောင် ဖြည့်တင်းပေးနိုင်ရေး၊ ဈေးကစားမှုများ မရှိစေရေး၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကုန်စည်စီးဆင်းမှု လျင်မြန်သွက်လက်စေရေး၊ ဒေသတစ်ခုတွင် ဆန်လိုအပ်ပါက အရေးပေါ်ပို့ဆောင်နိုင်ရေး အစီအမံများ၊ ဆန်ပြည်ပတင်ပို့မှုအား ဈေးကွက်အခြေအနေအပေါ် မူတည်၍ နိုင်ငံတော်က ထိန်းကျောင်းဆောင်ရွက်သွားမည့် အစီအမံများ၊ နိုင်ငံတော်အရန်ဆန် ထားရှိရေး စီမံဆောင်ရွက်သွားမည့် အခြေအနေများကို ဝိုင်းဝန်းဆွေးနွေးကြပြီး ဆန်စပါးအသင်းအဖွဲ့များအနေဖြင့် လိုအပ်ပါက ရပ်ကွက်များ၊ စက်မှုဇုန်များ၊ စက်ရုံများသို့ လက်ကားဈေးဖြင့် တိုက်ရိုက်ရောင်းချပေးနိုင်ကြောင်း၊ ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းအဆမတန် မြင့်တင်ရောင်းချမှုများရှိပါက နိုင်ငံတော်အနေဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိအခြေအနေအရ ပြည်တွင်းရှိ ဆန်လက်ကျန်ပမာဏမှာ ပြည်သူများလုံလောက်စွာ စားသုံးနိုင်သည့်အပြင် ပိုလျှံလျက်ရှိကြောင်း သတင်းရရှိသည်။

**DOCA (ရန်ကုန်)**







## SANNY & BROTHERS INTERNATIONAL TRADING CO.,LTD

DAIMARU    NUMANNI myanmar

**BAGS & LUGGAGE**

အိတ် နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး
လက်လီလက်ကား ရောင်းဝယ်ရေးလုပ်ငန်း
လူကြီးမင်းတို့ ၏ နေ့စဉ်သုံးအိတ်အမျိုးမျိုးကို
တင်သွင်းရောင်းချလျှက်ရှိသောကုမ္ပဏီဖြစ်ပါသည်။

ဝယ်ယူအားပေးကြသော မိတ်သစ် မိတ်ဟောင်း
များအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

Sanny & Brothers
Group

Add : No.(17), Room (7/8), Sable Street, Yuzana Plaza,
Tamwe Township, Yangon, Myanmar.
Ph : 09-454588881, 09-454599991
Email : numanni39@gmail.com

## KNIGHT MYANMAR
GROUP OF COMPANIES

Business & Company Consultancy

**ဝန်ဆောင်မှုများ**

- ကုမ္ပဏီအသစ် ဖွဲ့စည်းခြင်း။
- ဥပဒေရေးရာကိစ္စများ ဆွေးနွေးအကြံပေးခြင်း။
- ဘဏ္ဍာရေးနှစ်အလိုက် စာရင်းများ ရေးဆွဲပေးခြင်း။
- Export/ Import လိုင်စင်ပါမစ်များ လျှောက်ထားပေးခြင်း။
- Money Changer ကောင်တာလိုင်စင် လျှောက်ထားပေးခြင်း။
- ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းလိုင်စင် လျှောက်ထားပေးခြင်း။
- ကုန်အမှတ်တံဆိပ်၊ အစားအသောက်နှင့် ဆေးဝါးမူပိုင်ခွင့် လျှောက်ထားပေးခြင်းနှင့် အခြားသောစီးပွားရေးဆိုင်ရာများ အကြံပေးဆောင်ရွက်လျှက်ရှိပါသည်။

09-403367033, 44, 55, 66, 77
info@knightmyanmargroup.com
Knight Myanmar Group
www.knightmyanmargroup.com
No.26/B, Kamarkyi Road, Yangonthit Ward, (Thuwana), Thingangyun Township, Yangon, Myanmar.
Postal Code: 11072 (Thingangyun)

Your Success Is Our Goal





Kan Tharyar Residence
Mingalar Taung Nyunt Township, Yangon.

## AVIVA
INTERIORS

No. 43/44, Strand Road, #03-B, MMM Building, Alone Township, Yangon, Myanmar (11121)
(+95)-1218532, (+95)-95108736, (+95)-9421016596
inquiry@avivainteriors.com
www.facebook.com/avivainteriors
www.avivainteriors.com

DESIGN & BUILD




Gonyi Residence
Myanmar Gonyi Road,
Mingalar Taung Nyunt Township,
Yangon.



ပါဝင်ပစ္စည်းများ

MFD -
Exp; D -
Lot; No. -

| Nutrition Facts 1 package (100 g) | | |
|---|---|---|
| Energy | 329 | Kcal |
| [illegible] | [illegible] | [illegible] |
| Protein | 1 | g |
| [illegible] | [illegible] | [illegible] |
| Fat | 0.5 | g |
| [illegible] | [illegible] | [illegible] |
| Carbohydrate | 80 | g |
| [illegible] | [illegible] | [illegible] |

Product of Myanmar

5 974250 331656

# ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အကြောင်း တစေ့တစောင်း

၁၉၆၂ ခုနှစ် မတ် ၁၅ ရက်တွင် အမေရိကန်သမ္မတဖြစ်သူ ဂျွန်အက်(ဖ်)ကနေဒီက "စားသုံးသူတွေဆိုတာ ကျွန်တော်တို့အားလုံး ပါဝင်ပါတယ်။ အဲဒီစားသုံးသူတွေဆိုတာဟာ ကမ္ဘာပေါ် မှာစီးပွားရေး အရ အင်အားအကြီးဆုံးအုပ်စုတစ်စု၊ အစိုးရဘက်ကရော၊ ပုဂ္ဂလိက ဘက်ကပါ စီးပွားရေးနှင့်ပတ်သက်လို့ ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက်မှန် သမျှရဲ့ ကောင်းမွေ၊ ဆိုးမွေကို ခံစားရတဲ့သူတွေပါ။ အဲဒီစားသုံးသူတွေ ဟာ အဲဒီလောက်ကိုအရေးကြီးတဲ့အုပ်စုပေါ့။ ဒါပေမဲ့ အဲဒီလူတွေရဲ့ အသံကိုကျတော့ နားမထောင်ဘဲ မေ့နေကြပါတယ်"ဟု အမေရိကန် ကွန်ကရက်တွင် ပြောကြားခဲ့ပါသည်။

အမေရိကန်သမ္မတဂျွန်အက်(ဖ်)ကနေဒီသည် စားသုံးသူများ ၏အခွင့်အရေးများနှင့်ပတ်သက်၍ ပြောကြားခဲ့သည့် မတ် ၁၅ ရက် ကို ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့အဖြစ် သတ်မှတ်ကာ ကမ္ဘာ့ နိုင်ငံအသီးသီးတွင် ထိုနေ့ကျရောက်တိုင်း ကမ္ဘာ့စားသုံးသူ အခွင့် အရေးများနေ့ အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပ ကြပါသည်။ မြန်မာနိုင်ငံတွင်လည်း မတ် ၁၅ ရက် ကျရောက်တိုင်း ကမ္ဘာ့စားသုံးသူများနေ့ အခမ်းအနားများကို ကျင်းပ၍ စားသုံးသူ ပြည်သူများ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ တိုးတက် လာစေရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူ ရေးရာဦးစီးဌာနသည် မြန်မာနိုင်ငံရှိ ၅၁ သန်းကျော်သော စားသုံး သူပြည်သူများအတွက် နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက် ရှိသော စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ ထုတ်ကုန် များ လုံခြုံစိတ်ချရမှုရှိစေရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော ကုန်စည်ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်ရေး၊ ဆုံးရှုံးနစ်နာမှုများကို ကုစားဖြေရှင်းပေးနိုင်ရေးအတွက် ဆက်စပ်ဌာနများ၊ အသင်းအဖွဲ့ များ၊ လုပ်ငန်းရှင်များ၊ စားသုံးသူကိုယ်စားလှယ်များနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့နိုင်ငံများတွင် စားသုံးသူများ၏ စားသုံးသူရေးရာအခွင့် အရေးများ ပိုမိုရရှိရေး၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော၊ ကျန်းမာ ရေးနှင့်ညီညွတ်သော၊ စိတ်ကျေနပ်မှုရရှိစေသော၊ အာမခံချက်ပေး နိုင်သည့် အရည်အသွေးမြင့်မား၍ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက် များနှင့် ကိုက်ညီသည့် လူသုံး၊ အိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ် ငန်းများ ရယူသုံးစွဲနိုင်ရန် နှစ်စဉ် မတ် ၁၅ ရက် ရောက်တိုင်း ကမ္ဘာ့ စားသုံးသူအခွင့်အရေးများနေ့ကို နှစ်စဉ်ကျင်းပ၍ အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ နိုင်ငံတွင်လည်း စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီး၍ ပထမအကြိမ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို ၂၀၁၆ ခုနှစ် မတ် ၂၆ ရက်တွင် ရန်ကုန်မြို့၌ လည်းကောင်း၊ ဒုတိယအကြိမ် ကမ္ဘာ့ စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို ၂၀၁၇ ခုနှစ် မတ် ၁၅ ရက်မှ ၁၇ရက်အထိ မန္တလေးမြို့တွင်လည်းကောင်း၊ တတိယ အကြိမ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို ၂၀၁၈ ခုနှစ် မတ် ၁၅ ရက်တွင် နေပြည်တော်၌လည်းကောင်း၊ စတုတ္ထအကြိမ် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အခမ်းအနားကို ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌လည်းကောင်း ကျင်းပခဲ့သည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ယခင်က ကုန်စည်ထုတ်လုပ် တင်သွင်းဖြန့်ဖြူးရောင်းချသူများ၏ စီးပွားရေး ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်မှုမရှိခြင်းကြောင့် စားသုံးသူပြည်သူ အမြောက်အမြားသည် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းမှုမရှိသော၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုမရှိသော လူသုံးအိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများကြောင့် ရောဂါဆန်းများ၊ သေကျေဒဏ်ရာ ရရှိမှုများကို အလူးအလဲခံစားခဲ့ရသည်။ အခြားဖွံ့ဖြိုးပြီးနိုင်ငံများရှိ စားသုံးသူပြည်သူများကဲ့သို့ အခွင့်အရေးမရကြ၊ တိုင်တန်းရန် နေရာ မရှိ၊ ထိခိုက်နစ်နာဆုံးရှုံးမှုများကို သိလျက်နှင့် ရင်စည်းခံစားခဲ့ကြရ သည်။ ယခုမူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉)

နိုင်ဦး (DOCA)

ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တစ်နိုင်ငံလုံးလွှမ်းခြုံကာ အချိန်ယူ အသိပညာပေးဆောင်ရွက်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ နစ်နာ ဆုံးရှုံးမှုများကို ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိသဖြင့် စားသုံးသူများ၊ စားသုံးသူအခွင့်အရေးအရရရှိမည့် အကျိုးခံစားခွင့်များ၊ ကုစားပိုင် ခွင့်များကို ပိုမိုသိရှိလာကြသည်။ စားသုံးသူရေးရာ ဦးစီးဌာနနှင့် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင် လာကြသည်။ နစ်နာဆုံးရှုံးမှုများကိုအချိန်နှင့်တစ်ပြေးညီ တိုင်တန်း လာကြသည်။ စားသုံးသူ အကာအကွယ်ပေးရေးအတွက် အလေ့ အကျင့်ကောင်းများ ပိုမိုရရှိလာကြသည်။ စားသုံးသူ အခွင့်အရေးများ ကို ပိုမိုနားလည်လာကြသည်။

**စားသုံးသူအခွင့်အရေးများအစ**

ကမ္ဘာပေါ်တွင် ရှေးယခင်က လက်ခံကျင့်သုံးခဲ့ကြသော Caveat Emptor (ဝယ်ယူသော ပစ္စည်းကောင်းမကောင်းစစ်ဆေး ကြည့်ရှုရန် မှာ ဝယ်ယူသူ၏ တာဝန်သာဖြစ်သည်) သို့မဟုတ် Let The Buyer Beware (ဝယ်သူများသာ သတိပြုရန်)စသည့် ဥပဒေသများသည် စားသုံးသူအကာအကွယ်ပေးရေးကို စိုးမိုးချုပ်ကိုင်ထားခဲ့ကြသည်။ တစ်နည်းဆိုရလျှင် စားသုံးသူများသည် မမျှတသည့် ကုန်စည်များနှင့် လိမ်လည်ရောင်းချသည့် ကုန်စည်များ၏ အကျိုးသက်ရောက်မှု များကို မိမိထိခိုက်နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် ကာကွယ်ရန် အခွင့်အရေးမရကြပေ။ ဝယ်ယူခြင်းမပြုမီ (သို့မဟုတ်) အသုံးပြုခြင်း မပြုမီ ကြည့်ရှုစစ်ဆေးသည့် အလေ့အကျင့်များ ပြုလုပ်ခွင့်မရရှိကြ ပေ။ ကုန်သွယ်ကုန်ငန်းရှင်များ၏ စိတ်ကြိုက်ရောင်းချသော ပစ္စည်း များကိုသာ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသည်ဖြစ်စေ၊ မရှိသည်ဖြစ် စေ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ ဝယ်ယူ သုံးစွဲခဲ့ကြရသည်။

နောက်ပိုင်းတွင် တဖြည်းဖြည်းနှင့် စားသုံးသူများ နစ်နာဆုံးရှုံး မှု ပိုမိုများပြားလာခြင်းကြောင့် သက်ဆိုင်ရာအစိုးရများက စားသုံးသူ အခွင့်အရေး ရရှိစေရေးအတွက် စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်း ထုတ်ပြန်ကာ တားမြစ်လာကြသည်။ သို့သော် လုံးလုံးလျားလျား အောင်မြင်မှုများ ရရှိမှုနည်းပါးခဲ့သည်။ စားသုံးသူပြည်သူများသည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ငွေကြေးပိုင်းဆိုင်ရာ ထိခိုက်နစ်နာ ဆုံးရှုံးမှုများ ကြုံတွေ့နေရဆဲပင်ဖြစ်သည်။ ကုန်စည်ထုတ်လုပ်ရောင်းချ ဖြန့်ဖြူးသူများသည် ရိုးသားသော စားသုံးသူများကို Media လုပ်ငန်း များအသုံးပြု၍ လိမ်လည်လှည့်ဖြားရောင်းချနေမှုများကို ဆက်လက် ဆောင်ရွက်နေဆဲပင်ဖြစ်သည်။ စားသုံးသူအခွင့်အရေးများအား အပြည့်အဝ ရရှိစေရေးအတွက်အကာအကွယ်ပေးမည့် ထိရောက် လုံလောက်သော စည်းမျဉ်း၊ ဥပဒေများမရှိသဖြင့် စားသုံးသူနှင့် ထုတ်လုပ်သူများကြားတွင် ပြဿနာများပိုမိုကြီးထွား ကျယ်ပြန့်လာပါ သည်။

ထိုကြောင့်ပင် စားသုံးသူများစားသုံးသူ အခွင့်အရေးများကို အကာအကွယ်ပေးရန်နှင့် ကုန်စည်ထုတ်လုပ်သူ၊ လုပ်ငန်းရှင်တို့၏ ကုန်စည်ဝန်ဆောင်မှုလုပ်ငန်းများအပေါ် မသမာမှုပြုမှုမှ ကာကွယ် ရန် ၁၉၀၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၊ ကွန်ဂရက်မှ အစား အသောက်နှင့် ဆေးဝါးသီးသန့် အက်ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့သည်။ ထိုဥပဒေအတိုင်း လိုက်နာဆောင်ရွက်စေခဲ့သည်။ သို့သော် ကုန်စည် ဝန်ဆောင်မှုပြုသူ လုပ်ငန်းရှင်များသည် ပန်းပန်လျက်ဆဲပင်ဖြစ်သည်။ စားသုံးသူများ နစ်နာဆုံးရှုံးမှုများ ခံစားနေဆဲပင်ဖြစ်သည်။ သို့သော် အက်ဥပဒေပြဋ္ဌာန်းပြီးဖြစ်၍ အရှိန်လျော့သွားကြသည်။ အခြားနိုင်ငံ များမှလည်း အမေရိကန်ပြည်ထောင်စုတွင် ပြဋ္ဌာန်းကျင့်သုံးလျက်ရှိ သော အစားအသောက်နှင့် ဆေးဝါးသီးသန့်အက်ဥပဒေကို အတု ယူကာ မိမိနိုင်ငံများတွင် ပြဋ္ဌာန်းကျင့်သုံးလာကြသည်။

၁၉၆၀ ပြည့်နှစ်တွင် စားသုံးသူအကာအကွယ်ပေးခြင်းများ သည် ဥရောပနှင့် မြောက် အမေရိကတို့ တွင်စတင်ခဲ့သည်။ ထိုကာလ အတွင်း အင်းအားကြီးမားသည့် အဖွဲ့အစည်းကြီးများသည် ကမ္ဘာ့ စီးပွားရေးကို ချုပ်ကိုင်လွှမ်းမိုးနိုင်ရန် ဦးတည်ဆောင်ရွက်လာကြ သည်။ ထို့ကြောင့်ပင် စားသုံးသူများသည် ၎င်းတို့ရရှိမည့်အခွင့်အရေး များနှင့် နစ်နာဆုံးရှုံးမှုများကို ၎င်းတို့ကိုယ်တိုင် ဖြေရှင်းဆောင်ရွက်ရန် ကြိုးစားလာကြသည်။ စီးပွားရေးလုပ်ငန်းရှင်နှင့် စားသုံးသူအကြား မျှတသည့် စည်းမျဉ်းစည်းကမ်းများကို အစိုးရမှထုတ်ပြန်ခဲ့ကြသည်။ ၁၉၇၀ ပြည့်နှစ်တွင် နိုင်ငံတကာအဆင့်အထိ ပျံ့နှံ့ရောက်ရှိသွားကြ သည်။ စားသုံးသူအကာအကွယ်ပေးရေးနယ်ပယ်တွင် ကမ္ဘာ့ ကုလ သမဂ္ဂအမျိုးသားရေးဆိုင်ရာ ဖွဲ့စည်းမှုနှင့်ဥပဒေပြဋ္ဌာန်းခြင်းများကို လေ့လာဆန်းစစ်မှုပြုရန် စီးပွားရေးနှင့် လူမှုရေးကောင်စီမှ အထွေ ထွေအတွင်းရေးမှူးချုပ်ထံ မေတ္တာရပ်ခံခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂမှ စီးပွားရေးနှင့် လူမှုရေးကောင်စီသည် နိုင်ငံတကာပြည်သူများ၏ စားသုံးသူ အခွင့်အရေးများအား အကာအကွယ်ပေးနိုင်ရေးအတွက် လည်းကောင်း၊ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် လည်းကောင်း၊ ကျန်းမာရေးဘေးကင်းလုံခြုံမှုနှင့် စားသုံးသူများ ကောင်းကျိုးရရှိစေရန် ဆောင်ရွက်နိုင်သည့် အရေးကြီးသည့် အစိတ် အပိုင်းဖြစ် အသိအမှတ်ပြုလာခဲ့သည်။

၁၉၈၁ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂ၊ စီးပွား ရေးနှင့် လူမှုရေးကောင်စီသည် အထွေထွေအတွင်းရေးမှူးချုပ်ထံ စားသုံးသူ အကာအကွယ်ပေးရေးအတွက် ဆက်လက်ဆောင်ရွက်ရန် အကြံပြုချက်များ၊ အသေးစိတ်သုံးသပ်ချက်များနှင့် အတူအထွေထွေ လမ်းညွှန်ချက်တစ်စုံ ပြုစုတင်ပြရန် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ မေတ္တာရပ်ခံ ခဲ့ပါသည်။ ၁၉၈၃ ခုနှစ်တွင် စားသုံးသူအကာအကွယ်ပေးရေးအတွက် လမ်းညွှန်ချက်မူကြမ်းအား ကမ္ဘာ့ကုလသမဂ္ဂ (ECOSOC) သို့ တင်ပြ ခဲ့သည်။ ၁၉၈၄ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂမှ စားသုံးသူ အကာအကွယ်ပေးရေးအတွက် လမ်းညွှန်ချက်များအား လက်ခံရန် ဆုံးဖြတ်ခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာ့နိုင်ငံများတွင် စားသုံး သူအကာအကွယ်ပေးရေး ဆိုင်ရာမူဝါဒများနှင့် ဥပဒေပြဋ္ဌာန်းမှုများ ဖွံ့ဖြိုးတိုးတက်မှုနှင့် ခိုင်မာတောင့်တင်းစေမှုတို့ကို အကူအညီပေး နိုင်ရန် ကုလသမဂ္ဂ၏ အထွေထွေညီလာခံမှ ၁၉၈၅ ခုနှစ် ဧပြီ ၁၆ ရက်တွင် ဆုံးဖြတ်ချက် အမှတ် ၃၀/၂၄၈ဖြင့် စားသုံးသူ အကာ အကွယ်ပေးရေးအတွက် ကုလသမဂ္ဂ၏ လမ်းညွှန်ချက်များဖြစ်သည့် 'United Nations Guidelines For Consumer Protection ' ကို ချမှတ် နိုင်ခဲ့သည်။ ထိုလမ်းညွှန်ချက်များတွင် စားသုံးသူ အကာအကွယ်ပေး ခြင်းနှင့်ပတ်သက်၍ စားသုံးသူများ၏ အခြေခံလိုအပ်ချက်များပြည့်စုံ စေနိုင်မှု (Basic needs )၊ လုံခြုံစိတ်ချစွာဖြင့် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစေနိုင်မှု ( Safety )၊ သတင်းအချက်အလက်ပြည့်စုံစွာရရှိ နိုင်စေမှု ( Information )၊လွတ်လပ်စွာ ရွေးချယ်နိုင်စေမှု ( Choice )၊ နစ်နာဆုံးရှုံးမှုများအတွက် ပြောဆိုတင်ပြကြားနာနိုင်စေမှု( Representation )၊ ထိခိုက်နစ်နာမှုများအတွက် လျော်ကြေးရနိုင်စေမှု (Redress)၊ စားသုံးသူ ကိစ္စရပ်များ သင်ယူလေ့လာနိုင်မှု (Consumer education) ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်ကို ရရှိစေ နိုင်မှုစသည့် စားသုံးသူအခွင့်အရေး ရှစ်ချက်ကို သတ်မှတ် ပြဋ္ဌာန်းနိုင် ခဲ့ပါသည်။

၁၉၈၅ခုနှစ်တွင် ကျင်းပသည့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အစည်းအဝေးမှ စားသုံးသူအကာအကွယ်ပေးရေးအတွက် နိုင်ငံ အသီးသီးတွင် စားသုံးသူ အကာအကွယ်ပေးရေးမူဝါဒနှင့် ဥပဒေ ပြဋ္ဌာန်းချက်များ ရှင်သန်းဖွံ့ဖြိုးတိုးတက်စေရေး၊ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးရန် အများဆန္ဒဖြင့် လက်ခံဆုံးဖြတ်ခဲ့ကြသည်။ ထိုကြောင့်ပင် ၁၉၈၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂမှ စားသုံးသူတို့၏ အခွင့်အရေးများကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုအချိန်မှစ၍ ကမ္ဘာ့ နိုင်ငံအသီးသီးတွင် ကမ္ဘာ့ကုလသမဂ္ဂ၏ လမ်းညွှန်ချက်အရ စားသုံး သူ အကာအကွယ်ပေးရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လာကြသည်။ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သဘော ထားကာ အရှိန်အဟုန် မြှင့်တင်လာကြသည်။ **စာမျက်နှာ (၂၅)သို့**

# ကုန်စည်ထောက်ပံ့သယ်ယူပို့ဆောင်ရေး အချက်အချာကျလာမည့် မန္တလေးနှင့် ချမ်းမြရွှေပြည် ကားဆိပ်သစ်ကြီး

| မောင်လွင်ပြင် |

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းမဘေး၌ တည်ရှိသော ချမ်းမြရွှေပြည် (ကွဲဆည်ကန်) ကားကြီးဝင်းကို မြန်မာနိုင်ငံ၏ ပထမဆုံး နိုင်ငံတကာ အဆင့်မီ ဘတ်စ်ကားဆိပ်ကြီး (Bus Terminal) အဖြစ် နှစ်နှစ်အတွင်း ပြီးစီးအောင် အကောင်အထည်ဖော် တည်ဆောက်သွားမည်ဟု သိရသည်။ ယင်းသတင်းကို နိုင်ငံပိုင်သတင်းစာကြေမုံတွင် မတ်လ ၅ ရက်က ဖော်ပြပါရှိသည်။ နိုင်ငံတကာအဆင့်မီ ချမ်းမြရွှေပြည် (ကွဲဆည်ကန်) ဘတ်စ်ကားဆိပ်ကြီးကို တင်ဒါအောင်မြင်ထားသည့် စီမံကိန်းလုပ်ကိုင်ခွင့်ရ M Development ကုမ္ပဏီက ဖော်ဆောင်အကောင်အထည်ဖော်မည်ဖြစ်သည်။ ယင်းချမ်းမြရွှေပြည်အဆင့်မြင့် ဘတ်စ်ကားဆိပ်ကြီးသည် မြန်မာ-တရုတ်-အိန္ဒိယသုံးနိုင်ငံ ချိတ်ဆက်မည့် စီးပွားရေးအဝန်းအဝိုင်းအတွက် များစွာအရေးပါသည့် သယ်ယူပို့ဆောင်ရေး ကားဆိပ်ကြီးဖြစ်လာမည်။

ချမ်းမြရွှေပြည်အဆင့်မြင့် ကားဆိပ်ကြီး စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်ရန် လက်ရှိ ကွဲဆည်ကန်ကားကြီးဝင်းမှ ကားဂိတ်များကို ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်အဝိုင်းအနီးရှိ ယာယီကားကြီးဝင်းသို့ မတ်လ ပထမပတ်အတွင်း နောက်ဆုံးထားပြောင်းရွှေ့ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ ချမ်းမြရွှေပြည် အဆင့်မြင့်ကားဆိပ်ကြီးတည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်ပြီး စီမံကိန်းလုပ်ကိုင်ခွင့်ရ တင်ဒါအောင်မြင်ထားသည့် M Development ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက ယခုလို ရှင်းပြသည်။ 'ကွဲဆည်ကန်ကားကြီးဝင်းကို အဆင့်မြင့် တည်ဆောက်ဖို့ ယာယီကားကြီးဝင်းကို ကျွန်တော်တို့ ၁၀ ဧကရှိတဲ့ မြေကိုငှားရမ်းတည်ဆောက်ခဲ့တာပါ။ အားလုံးပြီးစီးသွားလို့ ပြောင်းရွှေ့ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ပြောင်းမယ်ဆို ပြောင်းလို့ရနေပါပြီ။ ဒါပေမဲ့ အမြန်ဆုံး ပြောင်းရွှေ့နိုင်ရင်တော့ ချမ်းမြရွှေပြည်ကားကြီးဝင်း စီမံကိန်းကို အမြန်ဆုံး စတင်နိုင်မှာပါ'ဟု ဆိုသည်။

M Development သည် ချမ်းမြရွှေပြည် (ကွဲဆည်ကန်) ကားကြီးဝင်းအား ခေတ်မီနိုင်ငံတကာအဆင့်မီ ကားကြီးဝင်း ကားဆိပ်ကြီး အဖြစ် ပြည်ပကုမ္ပဏီတစ်ခုနှင့် ဖက်စပ်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် ၂၀၁၅ ခုနှစ်က တင်ဒါအောင်မြင်ခဲ့သည့် တည်ဆောက်ရေးကုမ္ပဏီ တစ်ခုဖြစ်သည်ဟု သိရသည်။

တင်ဒါအောင်မြင်သည့်အတွက် ပရီမီယံကြေးအဖြစ် ကျပ်နှစ်ဘီလီယံ (ကျပ်သန်းနှစ်ထောင်) ပေးသွင်းခဲ့ပြီးဖြစ်သည်။ မြေငှားရမ်းခ (မြေအသုံးပြုခ) အဖြစ် တစ်နှစ်လျှင် ကျပ်သိန်းသုံးထောင် နိုင်ငံတော်ကို ပေးသွင်းရမည်ဟု သိရသည်။ ခေတ်မီအဆင့်မြင့်ကားဆိပ်ကြီး စီမံကိန်းတစ်ခုလုံးအတွက် ရင်းနှီးမြှုပ်ပမာဏတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၃ သန်းခန့်ရှိမည်ဟူ၍လည်း သိရသည်။ ပြည်ပကုမ္ပဏီ တစ်ခုနှင့် ဖက်စပ်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်မည့် M Development သည် ချမ်းမြရွှေပြည်အဆင့်မြင့်ကားကြီးဝင်း ကားဆိပ်သစ်ကြီး စီမံကိန်း ပြီးစီးပါက ကားဂိတ်ပေါင်း ၂၁၃ ဂိတ်နှင့် ဈေးဆိုင်ခန်းပေါင်း ၁၀၀ ကျော်ကို ပြန်လည်နေရာချထားပေးရမည်။ အခြားကားကြီးဝင်းအတွက် မရှိမဖြစ်လိုအပ်သော ပစ္စည်းသိုလှောင်ရာ ဂိုဒေါင်များကိုလည်း စီမံပေးရဦးမည် သဘောတူထားပြီးဖြစ်သည်ဟု သိရသည်။ ချမ်းမြရွှေပြည် နိုင်ငံတကာအဆင့်မီကားဆိပ်ကြီး တည်ဆောက်ရာတွင် ဘတ်စ်ကားအပါအဝင် ကားကြီးအစီးပေါင်း ၆၄ စီး တစ်ပြိုင်နက်တည်း ရပ်နားထွက်ခွာနိုင်ရန် တည်ဆောက်မည်။ ခရီးသည်များ လုံခြုံရေး၊ သက်သောင့်သက်သာရှိစေရေးတို့အတွက်လည်း ဦးစားပေးတည်ဆောက်မည်ဟု သိရသည်။ ထို့ပြင် အနာဂတ်ကာလတွင် ဖြစ်လာနိုင်သည့်ကားအရွယ်အစားနှင့် နှစ်ထပ်ဘတ်စ်ကားကြီးများ ဝင်ထွက်ရပ်နား အသုံးပြုနိုင်သည့် နိုင်ငံတကာအဆင့်မီ ကားဆိပ်ကြီး တစ်ခုဖြစ်ရန်အတွက်လည်း ရည်ရွယ်တည်ဆောက်မည်။ ထို့ကြောင့် ကားဆိပ်သစ်ကြီး ဒီဇိုင်းပုံစံကို စင်ကာပူဒီဇိုင်းကုမ္ပဏီတစ်ခုဖြစ်သော SJ ကုမ္ပဏီကို ဒီဇိုင်းအပ်နှံရေးဆွဲစေသည်။ ထို့ကြောင့် ကားဆိပ်သစ်ကြီး ဒီဇိုင်းပုံစံနှင့်ပတ်သက်၍ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး နာမည်ကြီး စင်ကာပူဒီဇိုင်းကုမ္ပဏီ SJ ၏ ဒီဇိုင်းလက်ရာကို နှစ်ဖက်သဘောတူညီမှုဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။ သို့သော် စီမံကိန်းစတင်နိုင်ရေး ကားဂိတ်များ၏ တောင်းဆိုမှုများဖြစ်သော နေရာချထားရေးကိစ္စညှိနှိုင်းဆွေးနွေးနေရပြန်သေးသဖြင့် လက်ရှိတွင် စီမံကိန်းလုပ်ငန်းများစတင်ရန် အနည်းငယ် နှောင့်နှေးကြန့်ကြာနေရသည်ဟုလည်း သတင်းဖော်ပြချက်အရ သိရသည်။

ချမ်းမြရွှေပြည် (ကွဲဆည်ကန်) ကားကြီးဝင်းသည် လက်ရှိတွင် မြေဧက ၁၄ ဧကကိုသာ အသုံးပြုလည်ပတ်နေရပြီး စီမံကိန်းအသစ်အရ လေးထပ်ဘတ်စ်ကားဆိပ်ကြီး တည်ဆောက်မည်ဖြစ်၍ မြေ ၁၇ ဒသမ ၂ ဧကအထိ တိုးချဲ့ကာ ကားဂိတ်များနှင့် ခရီးသွားပြည်သူများ ကျယ်ဝန်းစွာ အဆင်ပြေပြေ အသုံးပြုခွင့်ရအောင် တည်ဆောက်သွားမည်ဟု M Development မှ တာဝန်ရှိသူက ပြောသည်။ ထို့ပြင် ထိုကားဆိပ်သစ်ကြီးသည် မြန်မာအဝေးပြေးကားလုပ်ငန်းရှင်များနှင့် လက်လီလက်ကား လုပ်ငန်းရှင်များအတွက်လည်း စီးပွားရေးအခွင့်အလမ်းများ ပေါ်ထွက်လာမည်ဟုလည်း ဆိုပါသေးသည်။ အမှန်တော့ မန္တလေးမြို့သည် မြန်မာ-တရုတ်-အိန္ဒိယသုံးနိုင်ငံ ချိတ်ဆက်မည့် အဝေးပြေးကားလမ်းပေါက်သွားပြီဆိုလျှင် ဗဟိုဆုံမှတ်ကျသည့် ဒေသဖြစ်လာမည်။ ထို့ကြောင့် မန္တလေးတွင် နိုင်ငံတကာအဆင့်မီ Bus Terminal ကြီးတစ်ခု လိုအပ်လာသည်။ သုံးနိုင်ငံအဝေးပြေး ကားလမ်း ချိတ်ဆက်မိသွားလျှင် မန္တလေးတွင် ဆုံရပ်ကျလာမည်ဖြစ်လာသည်မို့ သုံးနိုင်ငံခရီးသည် သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်းဆောင်ရွက်ရေး၊ သုံးနိုင်ငံ ကုန်စည်များ အပြန်အလှန်သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်ရေးလုပ်ငန်းများကို ချမ်းမြရွှေပြည်ကားဆိပ်သစ်ကြီးက ဝန်ဆောင်မှုများစွာပေးနိုင်လိမ့်မည်ဖြစ်သည်။ ယခုအခါ မြန်မာ-တရုတ်- အိန္ဒိယ အိမ်နီးချင်းသုံးနိုင်ငံတို့သည် သုံးနိုင်ငံချိန်ဆက်မည့် မော်တော်ကားလမ်းမကြီး ဖောက်လုပ်ရန်စီစဉ်နေကြသည်။ ယင်းသုံးနိုင်ငံချိတ်ဆက်သည့် အဝေးပြေးလမ်းမကြီး အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းသည် မြန်မာ-တရုတ်-အိန္ဒိယ စီးပွားရေးစင်္ကြံလမ်းကြောင်း စီမံကိန်း အကောင်အထည်ဖော်ဖို့အတွက် ဖြစ်သည်။ မြန်မာ-တရုတ်-အိန္ဒိယ စီးပွားရေးစင်္ကြံလမ်းကြောင်း အကောင်အထည်ဖော်ဖြစ်မည်ဆိုလျှင် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အတွက် မြန်မာနိုင်ငံသည် အာဆီယံဝင်ပေါက်နိုင်ငံအဖြစ် ဒေသတွင်း အရေးပါလာမည်။

၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်အရ တရုတ်-မြန်မာ-အိန္ဒိယ ဆက်သွယ်မည့် အတိုဆုံးလမ်းကြောင်းဖြစ်သည့် တမူးမှ မူဆယ်သို့ ချိတ်ဆက်ရေး ဆောင်ရွက်နေသည်ဟု သိရသည်။ မြန်မာနိုင်ငံတွင်း စစ်ကိုင်းတိုင်းဒေသကြီး တမူးမှ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်သို့ ချိတ်ဆက်ရေး အတိုဆုံးလမ်းကြောင်း ရှာထားပြီး စုစုပေါင်း ၃၈၉ မိုင် ရှည်လျားမည်။ လက်ရှိသွားနေသည့် တမူးမှ ကလေး၊ ကလေးမှ မုံရွာ-မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ်သည် ၆၄၅ မိုင် ရှည်လျားသည်။ တမူး-မူဆယ်လမ်း ဖောက်လုပ်ပြီးစီးလျှင် အိန္ဒိယနှင့်တရုတ်သို့ အချိန်တိုအတွင်း သွားလာနိုင်ပြီး မြန်မာနိုင်ငံ စီးပွားကူးသန်းကုန်သွယ်မှုဖွံ့ဖြိုးလာမည်။ မြန်မာ-တရုတ်-အိန္ဒိယ သုံးနိုင်ငံစီးပွားရေး စင်္ကြံလမ်း ချိတ်ဆက်ကုန်သွယ်မှုတွင်လည်း မန္တလေးမြို့သည် ဗဟိုအချက်အချာဆုံရပ်ကျပြီး ကုန်စည်သယ်ယူပို့ဆောင်ရေးတွင် ခရီးတစ်ထောက်နားရာ စခန်းတစ်ခုဖြစ်လာမည်။ ထိုအခြေအနေတွင် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် မရှိမဖြစ် လိုအပ်လာမည်က အခြေခံအဆောက်အအုံလည်းဖြစ်သော မော်တော်ကား ရပ်နားရာစခန်းများ၊ ကားဂိတ်များ၊ ကုန်လှောင်ရုံများပါဝင်သည့် ကားဆိပ်ကြီးများသည် အရေးပါလာမည်။ ထို့ပြင် မန္တလေးမြို့သည် ယူနန်ပြည်နယ် ကူမင်းမြို့နှင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တို့သို့ ဆက်သွယ်မည့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံလမ်းကြောင်းတွင်လည်း အချက်အချာကျရာဒေသဖြစ်နေပြန်သည်။ ကူမင်းနှင့်ကျောက်ဖြူချိတ်ဆက်ဖို့ ယခုဖောက်လုပ်ရန်စီစဉ်နေသော မူဆယ်-မန္တလေး အမြန်ရထားလမ်း စီမံကိန်းတွင်လည်း အချက်အချာကျရာဒေသဖြစ်နေပြန်သည်။ တစ်နည်းဆိုရလျှင် မန္တလေးမြို့သည် စီးပွားရေးစင်္ကြံလမ်းကြောင်းများအတွက် ကုန်စည်ထောက်ပံ့သယ်ယူပို့ဆောင်ရေး၊ တရုတ်-မြန်မာစီးပွားရေးစင်္ကြံ စီမံကိန်းများအတွက် ကုန်စည်သယ်ယူပို့ဆောင်ရေးတို့တွင် အဓိကအချက်အချာကျနေပါသဖြင့် မန္တလေးတွင် ကားဆိပ်သစ်ကြီးများ ထပ်မံတိုးချဲ့တည်ဆောက်ဖို့ လိုအပ်နေဦးမည်ဟု ယူဆပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## Commerce ကာတွန်း



# ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) သိကောင်းစရာ

စားသုံးသူကာကွယ်ရေးနှင့် ပတ်သက်၍ အနောက်နိုင်ငံများတွင် ၁၉၆၀ ပြည့်နှစ် နောက်ပိုင်း အရေးဆို ဆောင်ရွက်လာမှုများအပေါ် အမေရိကန်ပြည်ထောင်စုသမ္မတ ဂျွန်အက်(ဖ်)ကနေဒီမှစတင်၍ စားသုံးသူအခွင့်အရေးများနေ့ကို ၁၉၆၂ ခုနှစ်၊ မတ်လ (၁၅)ရက်နေ့ကို သတ်မှတ်ပေးခဲ့ပါသည်။ 'စားသုံးသူ အခွင့်အရေးများနေ့'ကို ကမ္ဘာ့စားသုံးများအဖွဲ့ (Consumer International) မှ ဦးဆောင်၍ နှစ်စဉ် မတ်လ (၁၅) ရက်နေ့ ရောက်တိုင်း စားသုံးသူများ၏ အခွင့်အရေးများကို အလေးထား ဂရုပြုမြင့်တင်သည့်အနေဖြင့် ကျင်းပပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရသည်။

ASEAN Economic Community - AEC Blueprint အရ အာဆီယံနိုင်ငံများသည် ၂၀၁၅ ခုနှစ်တွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပြဋ္ဌာန်းနိုင်ရေး ဦးစားပေးရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် မတ်လ (၁၄)ရက်နေ့ ပြဋ္ဌာန်းသည့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့် ၂၀၁၉ ခုနှစ် မတ်လ (၁၅)ရက်နေ့တွင် အသစ်ပြဋ္ဌာန်းသည့် စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ အာဆီယံစားသုံးသူ အကာအကွယ်ပေးရေးကော်မတီ ASEAN Committee on Consumer Protection ACCP) တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နေပြီး စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများကို အာဆီယံနိုင်ငံများနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပထမဆုံးအကြိမ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကို ၂၀၁၆ ခုနှစ် မတ်လ (၂၆)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင်လည်းကောင်း၊ ဒုတိယအကြိမ် ၂၀၁၇ ခုနှစ် မတ်လ (၁၅) ရက်နေ့၊ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကို မန္တလေးတိုင်းဒေသကြီး၊ မြို့တော်ခန်းမတွင်လည်းကောင်း၊ တတိယအကြိမ် ၂၀၁၈ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့တွင် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရှိ Horzion Lake View Resort Hotel တွင်လည်းကောင်း၊ စတုတ္ထအကြိမ် ၂၀၁၉ ခုနှစ်၊ မတ်လ (၁၅)ရက်နေ့က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အလှည့်ကျ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့(World Consumer Rights Day)ဆောင်ပုဒ်မှာ 'စားသုံးသူ အရေး စဉ်ဆက်မပြတ်ဆောင်ရွက်ပေး' (The Sustainable Consumer) ဖြစ်ပါသည်။ ယခုနှစ် ပဥ္စမအကြိမ် ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၁၅) ရက် နေ့တွင် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ (World Consumer Rights Day)ကို မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပြည်နယ်ခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ ပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ယခုအချိန်အခါ တွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၀၁ နိုင်ငံ၌ ပြန့်ပွားလျက်ရှိသော Coronavirus Disease (COVID-19)ကြောင့် လူစုလူဝေးပွဲလမ်းသဘင်များ ရှောင်ကြဉ်ကြရန်အတွက် နှိုးဆော်မှုများကြောင့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကို မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပြည်နယ်ခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်မည် မဟုတ်တော့ပါ။ သို့သော် မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် မတ် ၁၉ ရက်တွင် ကျရောက်မည့် (၄၆)ကြိမ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ်တွင် စားသုံးသူရေးရာဦးစီးဌာန ပြခန်းများ ဖွင့်လှစ်ဆောင်ရွက်မည့်အပြင် ကမ္ဘာ့ စားသုံးသူ အခွင့်အရေးများနေ့ Campaign အဖြစ် အသိပညာ ပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စားသုံးသူကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသွားမည့် အစီအစဉ်များရှိပြီး၊ စားသုံးသူများ၏ အခွင့်အရေးများကို အလေး ထား ဂရုပြုမြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့အကြောင်း ရေးသားလိုက်ရပါသည်။

**ခင်ကြည် (မွန်ပြည်နယ်)**

# လောင်စာတောင့်ထုတ်လုပ်နေမှုအခြေအနေကို သွားရောက်လေ့လာ





ပြည်တွင်း ထုတ်ကုန်များ၏ သတင်းအချက်အလက်များ ပံ့ပိုးပေးရန်နှင့် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် မျှော်မှန်းချက်ဖြင့် ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ကော့ကရိတ်မြို့နယ် တာဝန်ခံနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တာဝန်ခံတို့သည် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကျုံဒိုးမြို့၊ အမှတ်(၄) ရပ်ကွက်ရှိလောင်စာတောင့် ထုတ်လုပ်သည့်လုပ်ငန်းသို့ သွားရောက်လေ့လာခဲ့သည်။

လောင်စာတောင့် ထုတ်လုပ်သည့် လုပ်ငန်းရှင် ဦးမင်းမင်းသောင်းထိုက်နှင့် တွေ့ဆုံ၍ ကုန်ကြမ်းစုဆောင်းမှု အခြေအနေ၊ ဈေးနှုန်း၊ ဈေးကွက်အခြေအနေ၊ ထွက်ရှိမှုအခြေအနေနှင့် တွက်ခြေကိုက်မှု အခြေအနေများအား မေးမြန်း ဆွေးနွေးခဲ့ရာ လုပ်ငန်းရှင် ဦးမင်းမင်းသောင်းထိုက်သည် ကရင်ပြည်နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းမှ ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ဟာလာဆန်စက်လုပ်ငန်းရှင်တစ်ဦးဖြစ်ရာ အဆိုပါ လောင်စာတောင့်သည် မိမိစပါးကြိတ်ခွဲခြင်းမှ ရရှိသော စပါးခွံတစ်မျိုးတည်းဖြင့်သာ လောင်စာတောင့် ပြုလုပ်လျက်ရှိကြောင်း၊ လောင်စာတောင့်လုပ်ငန်း လုပ်ကိုင်ရန်အတွက် အရင်းအနှီးအနေဖြင့် ကျပ် သိန်း ၇၅ သိန်းကုန်ကျကြောင်း၊ လုပ်ငန်း စတင်သည်မှာ ၂၀၁၈ ခုနှစ်မှဖြစ်ပြီး မိသားစု တစ်နိုင်တစ်ပိုင်သာ လုပ်ကိုင်လျက်ရှိကြောင်း၊ ထုတ်လုပ်မှုပမာဏအနေဖြင့် တစ်နာရီလျှင် ပိဿာ ၅၀ ထွက်ရှိပြီး တစ်နေ့လည်ပတ်ချိန်သည် ရှစ်နာရီသာ လည်ပတ်လျက်ရှိသောကြောင့် တစ်နေ့လျှင် ပိဿာ ၄၀၀ ထွက်ရှိကြောင်း၊ လောင်စာတောင့် ပိဿာ ၄၀၀ ရရှိရန်အတွက် စပါးခွံကို တင်း ၁၅၀ အသုံးပြုရကြောင်း၊ လောင်စာတောင့်တစ်တောင့်လျှင် အလုံး သုံးလက်မ၊ အရှည်တစ်ပေရှိပြီး၊ အလေးချိန်အနေဖြင့် ခန့်မှန်း ၇၅ ကျပ်သားခန့်ရှိကြောင်းနှင့် ထွက်ရှိလာသော လောင်စာတောင့်များကို မြို့နယ်အတွင်း၌သာ ရောင်းချလျက်ရှိသည်။

တစ်ပိဿာလျှင် ကျပ်၃၀၀ ဖြင့် ရောင်းချကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်လလျှင် နှစ်သိန်းကျော်ခန့် ရရှိကြောင်း၊ တွေ့ကြုံရသည့် အခက်အခဲသည် မီးအားမနိုင်ခြင်း၊ မီးအားနည်းခြင်းများဖြင့် ကြုံတွေ့ရပါကြောင်း သိရှိရသည်။

သို့ဖြစ်ရာ ကရင်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ကော့ကရိတ်မြို့နယ်တာဝန်ခံမှ မိမိတို့ဌာနသည် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ဆောင်ရွက်နေကြောင်း၊ ဈေးကွက်ခိုင်မာအားကောင်းလာစေရန်အတွက် ဈေးကွက်ချိတ်ဆက် ဆောင်ရွက်ပေးကြောင်း၊ မိမိတို့လုပ်ကိုင်ရသည့် လုပ်ငန်းများတွင် လုပ်ငန်းစဉ်တစ်ခုလုံးကို ရေတိုသာမက ရေရှည်အထိ စဉ်းစားသင့်ကြောင်း၊ နိုင်ငံ၏အဓိကမောင်းနှင်အားမှာ ပုဂ္ဂလိကကဏ္ဍပင်ဖြစ်၍ မိမိတို့ဌာနအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းများ ဖွံ့ဖြိုးစေရေးအားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**အေးအေးစိုး (ကရင်)**

# ပခုက္ကူနှင့် ရေစကြိုကုန်စည်ဒိုင်တို့တွင် ထောပတ်ပဲဖြူနှင့် ပြောင်းဖူးစေ့ (CP) အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ်ပခုက္ကူနှင့်ရေစကြိုကုန်စည်ဒိုင်တို့တွင်အညာဒေသ၏ ဒေသထွက်ပဲတစ်မျိုး ထောပတ်ပဲနှင့် ပြောင်းဖူးစေ့ (CP)တို့ အရောင်းအဝယ်ဖြစ်နေသည်။ ယခုတစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သောဈေးနှုန်းများမှာ ထောပတ်ပဲဖြူ(ကျွန်း) တစ်တင်းလျှင် ကျပ် ၁၈၀၀၀-၁၈၅၀၀ ဖြင့် အိတ် ၃၀၀၊ ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၂၀၅၀၀ ဖြင့် အိတ် ၁၀၀၊ ယခုတစ်ပတ်၏ ကုလားပဲသုံးမျိုး ဈေးနှုန်းများမှာ ကုလားပဲဝါလုံးကြီး (929)သစ် တစ်တင်းလျှင် ကျပ် ၂၄၇၀၀ ဖြင့် အိတ် ၅၀ ၊ ကုလားပဲဖြူလုံးကြီး (V2) တစ်တင်းလျှင် ကျပ် ၂၃၅၀၀ ဖြင့် အိတ် ၂၅၊ ကုလားပဲဖြူ (V6) တစ်တင်းလျှင် ကျပ် ၂၃၅၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲဝါ (HL) သစ်တစ်တင်းလျှင် ကျပ် ၂၄၂၀၀ ဖြင့် အိတ် ၃၀၊ ပဲယင်း (မြစ်ခြေ) တစ်တင်းလျှင် ကျပ် ၁၇၀၀၀ ဖြင့် အိတ် ၇၀၊ စားတော်ပဲ (ထီးလင်း) တစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဖြင့်အိတ် ၅၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၆၆၀၀ ဖြင့် အိတ် ၃၀၀၊ စွန်တာနီ(ကျွန်း)တစ်တင်းလျှင် ကျပ် ၁၅၁၀၀ ဖြင့် အိတ် ၅၀၊ ပြောင်းဖူးစေ့ (CP) တစ်တင်းလျှင် ကျပ် ၇၀၀၀ ဖြင့် အိတ် ၅၀၀၊ နှမ်းနက်စမုံ(ရှယ်)တစ်တင်းလျှင် ကျပ် ၇၃၀၀၀ ဖြင့် အိတ် ၂၀၀၊ နှမ်းနက်စမုံ(ရိုးရိုး)တစ်တင်းလျှင် ကျပ် ၃၀၀၀၀-၆၅၀၀၀ ဖြင့်အိတ် ၂၀၀ ဥပုသ်နေ့မှလွဲ၍ပုံမှန် အရောင်းအဝယ်ဖြစ်နေသည်။

ရေစကြိုကုန်စည်ဒိုင်တွင် ယခုတစ်ပတ်၏ ပဲဈေးနှုန်းများမှာ ပြောင်းဖူးစေ့ (CP)တစ်တင်းလျှင် ကျပ်၇၀၀၀ဖြင့် အိတ် ၁၀၀၀၊ မြေပဲနီလုံးဆန်တစ်ပိဿာလျှင် ကျပ် ၂၈၀၀-၃၀၀၀ ၊ မြေပဲနီလုံးဆန် (ကျွန်း)တစ်ပိဿာလျှင် ကျပ် ၂၇၀၀၊ မြေပဲဖြူလုံးဆန်တစ်ပိဿာလျှင် ကျပ် ၂၇၀၀၊ ပဲပုတ်တစ်တင်းလျှင် ကျပ် ၁၆၅၀၀၊ မတ်ပဲတစ်တင်းလျှင် ကျပ် ၂၈၀၀၀ ပေါက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

**လှိုင်ဥမ္မာဦး (ပခုက္ကူ)**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာ(ဗစ်) (၂၀၁၁) | L | ၁၇၅ သိန်း | ၁.၃ ဓါတ်ဆီ ၊ နယ်လိုင်စင် |
| ၂။ | နီဆန်းနုတ် (၂၀၁၄) | ယာယီ | ၂၇၀ သိန်း | ၁.၃ ဓါတ်ဆီ ၊ နယ်လိုင်စင် |
| ၃။ | မာဇဒါ/ဒီမီယို (၂၀၁၄) | ယာယီ | ၂၄၅ သိန်း | ၁.၃ ဓါတ်ဆီ ၊ နယ်လိုင်စင် (နီ) |
| ၄။ | ဟွန်ဒါ/အင်ဆိုက် (၂၀၁၂) | P | ၂၅၀ သိန်း | ၁.၃ ဓါတ်ဆီ ၊ နယ်လိုင်စင် |
| ၅။ | မတ်(ခ်)အိပ်(စ်) (၂၀၁၃) | N | ၇၀၀ သိန်း | ၂.၅ ဓါတ်ဆီ ၊ ရန်ကုန် |
| ၆။ | အေဒီဗင် (၂၀၁၁) | ယာယီ | ၂၃၀ သိန်း | ၁.၅ ဓါတ်ဆီ ၊ နယ်လိုင်စင် |
| ၇။ | ကလူဂျာ (၂၀၀၆) | O | ၄၇၅ သိန်း | ၂.၄ ဓါတ်ဆီ ၊ ရန်ကုန် |
| ၈။ | အာလ်ဖတ် (၂၀၀၅) | L | ၅၇၀ သိန်း | ၃.၀ ဓါတ်ဆီ ၊ ရန်ကုန် |
| ၉။ | အပ်ကား (နှစ် ၂၀) | - | ၉၇ သိန်း | |

# အင်းတော်ကြီး ရွှေမဉ္ဇူရေလယ်ဘုရားပွဲတော်၌ စားသုံးသူရေးရာဦးစီးဌာန ပြခန်းဖွင့်လှစ်ပြသ

မတ် ၁ ရက်မှ ၈ ရက်အထိ ကျင်းပသည့် (၁၅၁) ကြိမ်မြောက် အင်းတော်ကြီး ရွှေမဉ္ဇူရေလယ်ဘုရားပွဲတော်တွင် ကချင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ စားသုံးသူကာကွယ်ရေး အသိပညာပေးပြခန်း ဖွင့်လှစ်ပြသခဲ့သည်။

အဆိုပါပြခန်းတွင် စားသုံးသူ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ တာဝန်များ၊ တားမြစ်ချက်များနှင့် ပြစ်မှုပြစ်ဒဏ်များ၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုများအတွက် အရေးဆိုတိုင်တန်းရန် နည်းလမ်းများ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ သိကောင်းစရာများ၊ ညွှန်ကြားချက်အမှတ် (၁/၂၀၁၉) တို့ကို ဗီနိုင်းကား ချပ်များဖြင့်လည်းကောင်း၊ စားသုံးသူတို့ ရွေးချယ်သုံးစွဲတတ်စေရန် နမူနာပစ္စည်းများ ခင်းကျင်း၍လည်းကောင်း ပြသလျက်ရှိရာ ပွဲတော်လာပြည်သူလူထုများ ဝင်ရောက်ကြည့်ရှုလေ့လာနေကြောင်း၊ နေ့စဉ်ပွဲတော်လာသူများအား မိတ်ဖက်ဌာနဆိုင်ရာ အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေး သိကောင်းစရာ လက်ကမ်းစာစောင်များ၊ ညွှန်ကြားချက်အမှတ်(၁/ ၂၀၁၉) လက်ကမ်းစာစောင်များနှင့် (2019-nCov) အဆုတ်ရောင်ရောဂါဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခြင်းများ ပြုလုပ်ခဲ့သည်။ အဆိုပါ စားသုံးသူကာကွယ်ရေးအသိပညာပေးပြခန်းသို့ ပွဲတော်လာ ပြည်သူ ၁၅၂၀ ခန့် ဝင်ရောက် လေ့လာကြည့်ရှုခဲ့ပြီး သိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။

**ဝင်းလဲ့လဲ့မွန် (မိုးညှင်း၊ ကချင်)**

## ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနရုံး၌ စီးပွားရေးလုပ်ငန်းရှင်များအား ရှင်းလင်းဆွေးနွေး

ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီလ နောက်ဆုံးပတ်က စားသုံးသူကာကွယ်ရေးဥပဒေရေးရာ ကုန်အညွှန်းအမှတ်သား ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ကုန်စည်အမျိုးအစားအလိုက် စီးပွားရေးလုပ်ငန်းရှင်များကို ရှင်းလင်းဆွေးနွေးခြင်းနှင့် စားသုံးသူ ကာကွယ်ရေးနည်းဥပဒေ (မူကြမ်း) နှင့် စပ်လျဉ်း၍ စစ်ဆေးရေးအရာရှိများကို ဆွေးနွေးရှင်းလင်းခြင်းကို ရုံးချုပ်(နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်က နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲကိုစီးပွားရေးလုပ်ငန်းရှင်များ၊ ခရိုင်ဦးစီးမှူးများ၊ စစ်ဆေးရေးမှူးများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၁၂၀ ခန့်တက်ရောက်ခဲ့သည်။

**ရောမြေ (ပုသိမ်)**

## မြိတ်မြို့ပေါ်ရှိ ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် မှူခင်းတပ်ဖွဲ့ဝင်များ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ မတ် ၄ ရက်မှ ၁၀ ရက်အထိ မြိတ်မြို့ပေါ်ရှိ ဆေးဆိုင်များအား ရှောင်တခင် ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အများပြည်သူသောက်သုံးရန် မသင့်သော တားမြစ်ဆေးများ၊ တရားမဝင် လိုင်စင်မဲ့ ဆေးဝါးများ၊ စပ်ဆေးများ၊ သက်တမ်းလွန်ဆေးဝါးများ ရောင်းချမှု ရှိ/မရှိ စစ်ဆေးခြင်းနှင့် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် ညွှန်ကြားချက်အမှတ်(၂/ ၂၀၁၉)နှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးရောင်းချသော ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခုသို့မဟုတ် တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ဖော်ပြပေးရမည့် အချက်များအား ရှင်းလင်းပြောကြားပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မိုးသီသီ (မြိတ်)**



## ရေစကြိုမြို့နယ် ကြက်ဆူကျင်းကျေးရွာ၌ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကြက်ဆူကျင်းကျေးရွာ သက်ဦးစံ သနပ်ခါးမှုန့်စက်ရုံ၌ သနပ်ခါး၊ လျှော်ဖြူနှင့် ထန်းတောင်သူအသင်းအဖွဲ့များကို မူပိုင်ခွင့်မှသည် ကုန်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ အလုပ်ရုံဆွေးနွေးပွဲကို စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင် ဦးစီးမှူးရုံးက ကြီးမှူးပြီး မတ် ၆ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန၊ မူပိုင်ခွင့်ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မိုးမိုးသွယ်က မူပိုင်ခွင့်သဘောတရားနှင့် လျှောက်ထားရမည့် အချက်အလက်များကို ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် မကွေးတိုင်းဒေသကြီး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်မြင့်မြင့်သိန်း၊ ရေစကြိုမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ငွေးနှင့် အစားအသောက်နှင့် ဆေးဝါးကွက်ကဲရေးဦးစီးဌာနမှ ဒေါ်တင်နီလာငွေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဦးစီးအရာရှိ ဒေါ်လှမိုးခိုင်တို့က ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာမှ ဝန်ထမ်း ၁၀ ဦးနှင့် အသင်းအဖွဲ့ဝင် ၁၆၅ ဦးတို့ တက်ရောက်ခဲ့သည်။

**မြတ်မင်း(ရေစကြို)**


### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**




**တနင်္ဂနွေသားသမီးများ** ဒီရက်တွေအတွင်းမှာ ယာဉ်ရထားကိစ္စ၊ စက်ပစ္စည်းကိစ္စ ပြတ်ပြတ်သားသား ပြောဆိုဖြေရှင်းရမယ့် ကိစ္စတွေကို ဦးစားပေးသင့်ပါတယ်။ လုပ်ငန်းပြိုင်တွေ၊ အတိုက်အခံတွေ များတတ်ပါတယ်။ ဆွေမျိုးသားချင်းတို့အတွက် စိတ်ညစ်စရာ ကြုံတတ်ပါတယ်။ မတော်တဆ ထိမိခိုက်မိ ဖြစ်တတ်တာကို သတိပြုပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ ညှိနှိုင်းရခက်တာတွေ များနေ တတ်ပါတယ်။ **၇၄ ဂဏန်းအစ ထီထိုးပါ။**

**ယတြာ။** ။ ကံဇာတာပွင့်လန်းရန် မြတ်စွာဘုရားမှာ သပြေ ၂၁ ညွန့်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ဇော်စိမ်း ၈ ညွန့်နဲ့ ရိုက်ပါလေ . . . ။

**တနင်္လာသားသမီးများ** ဒီရက်တွေအတွင်းမှာ မရေမရာ၊ မတင်မကျတွေ များနေတတ်ပါတယ်။ ဟိုဟာလုပ်ရကောင်းနိုးနိုး၊ ဒီဟာလုပ်ရကောင်းနိုးနိုးနဲ့ အချိန်ကုန်နေတတ်ပါတယ်။ အရောင်းမှား၊ အဝယ်မှား၊ ကတိပေးမှား၊ စကားမှား တာတွေကို သတိပြုပါလေ။ ခရီးတို၊ ခရီးနီး ကိစ္စတွေကို ဦးစားပေးသင့်ပါတယ်။ ခြေထောက်ပိုင်းကျန်းမာရေး သတိပြုပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ အခုတစ်မျိုး၊ တော်ကြာတစ်မျိုး ဖြစ်နေတတ်ပါတယ်။ **၄၀ ဂဏန်းအစ ထီထိုးပါ။**

**ယတြာ။** ။ ကံဇာတာပွင့်လန်းရန် ကလေးများကို မုန့်ဝေကျွေးရင်း ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ဆီးသီးနဲ့ ခေါက်ပါလေ . . . ။

**အင်္ဂါသားသမီးများ** ဒီရက်တွေအတွင်းမှာ လုပ်ငန်းသစ်စခြင်း၊ အစီအစဉ်အသစ်စခြင်း၊ ခရီးသွားလာခြင်းနှင့် သယ်ယူပို့ဆောင်ရေးအလုပ်တွေကို ဦးစားပေးသင့်ပါတယ်။ ငွေကြေး၊ ပစ္စည်း၊ စာရင်းဇယားအရှုပ်အထွေး ဖြစ်တတ်တာကိုတော့ သတိပြုပါ။ လက်မှာ ထိမိခိုက်မိဖြစ်ခြင်း ကြုံတတ်ပါတယ်။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ ရုတ်တရက် အပြောင်းအလဲတွေ များတတ်ပါတယ်။ **၁၄ ဂဏန်းအစ ထီထိုးပါ။**

**ယတြာ။** ။ ကံဇာတာပွင့်လန်းရန် မြတ်စွာဘုရားမှာ သံပုရာရည် ကပ်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ဘဲဥနဲ့ ခေါက်ပါလေ . . . ။

**ဗုဒ္ဓဟူးသားသမီးများ** ဒီရက်တွေအတွင်းမှာ အလှူပွဲ၊ မင်္ဂလာပွဲ၊ ပျော်ပွဲရွှင်ပွဲတွေ ကြုံရတတ်ပါတယ်။ ငွေကြေးကိစ္စနှင့် စာချုပ်စာတမ်းကိစ္စ၊ ကားကိစ္စတွေ ဦးစားပေးသင့်ပါတယ်။ ဘာမဆို နှစ်မျိုးနှစ်ခွ ကြုံရတတ်ပါတယ်။ ကျန်းမာရေးအတွက် ငွေကုန်ကြေးကျများမယ်။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ဝမ်းသာစရာ ကြုံမယ်။ **၂၇ အစ ထီကိုထိုးပါ။**

**ယတြာ။** ။ ကံဇာတာပွင့်လန်းရန် မြတ်စွာဘုရားမှာ နှင်းဆီ ၉ ပွင့် လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ရွက်လှ ၄ ညွန့်နဲ့ ရိုက်ပါလေ . . . ။

**ကြာသပတေးသားသမီးများ** ဒီရက်တွေအတွင်းမှာ ပညာရေးကိစ္စ၊ လျှောက်လွှာကိစ္စ၊ ရာထူးကိစ္စ၊ ကြီးကဲသူများနှင့် ဆက်ဆံပြောဆိုရမည့်ကိစ္စများကို ဦးစားပေးသင့်ပါတယ်။ မိန်းမကြီးတစ်ယောက်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရပါတယ်။ ဆီး၊ မျက်စိ၊ အစာအိမ် ကျန်းမာရေး ဂရုစိုက်ပါ။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ဆွေမျိုးတွေကဝင်ရောက်ကူညီတတ်ပါတယ်။ **၁၉ အစ ထီထိုးပါ။**

**ယတြာ။** ။ ကံဇာတာပွင့်လန်းရန် နွားနို့နှင့်ပေါင်မုန့် လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို သပြေ ၆ ညွန့်နဲ့ ရိုက်ပါလေ . . . ။

**သောကြာသားသမီးများ** ဒီရက်တွေအတွင်းမှာ ဆုံးဖြတ်ချက် ပြတ်ပြတ်သားသားချခြင်း၊ ငွေကြေးကိစ္စ၊ စာရင်းဇယားကိစ္စ ရှင်းလင်းစရာရှိသည်များကို ရှင်းလင်းခြင်းတွေကို ဦးစားပေးသင့်ပါတယ်။ ရုံးပြင်ကန္နားလို ပြဿနာမျိုးတွေနဲ့ လာပြီး ပတ်သက်ရတတ်ပါတယ်။ ခြေထောက်၊ ခါး၊ အကြော၊ အဆစ် ကျန်းမာရေး ဂရုစိုက်ပါ။ အချစ်ရေး၊ အိမ်ထောင်ရေးမှာ လူကြီးမိဘတွေ ဝင်ပါလာတတ်ပါတယ်။ **၄၁ ဂဏန်း အစထီထိုးပါ။**


**ယတြာ။** ။ ကံဇာတာပွင့်လန်းရန် ကြီးကဲသူတစ်ဦးဦးကို ပူဇော်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ကံ့ကော် ၁၅ ညွန့်နဲ့ ရိုက်ပါလေ . . . ။

**စနေသားသမီးများ** ဒီရက်တွေအတွင်းမှာ ဘာသာရေးကိစ္စ၊ ပညာရေးကိစ္စ၊ စေ့စပ်ညှိနှိုင်းရေးကိစ္စ၊ ငွေဟောင်း၊ ကြွေးဟောင်းကိစ္စများကို ဦးစားပေးသင့်ပါတယ်။ ပစ္စည်းပျောက်ခြင်း၊ အခိုးခံရခြင်းများကို သတိပြုပါ။ အကြော၊ အာရုံကြော ကျန်းမာရေး သတိပြုပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးမှာ ဆွေမျိုးအသိုင်းအဝိုင်းတို့ရဲ့ အကူအညီကောင်းကို ရတတ်ပါတယ်။ **၅၂ ဂဏန်းအစ ထီထိုးပါ။**

**ယတြာ။** ။ ကံဇာတာပွင့်လန်းရန် မြတ်စွာဘုရားမှာ အုန်းသီး ၃ စိပ်လှူပြီး ဆုတောင်းပါလေ။ ရောင်းချင်သောပစ္စည်းတွေကို ဂမုန်း ၅ ညွန့်နဲ့ ရိုက်ပါလေ . . . ။

# တစ်နိုင်တစ်ပိုင် ဝင်ငွေရနေသည့် ဝါးခမောက်လုပ်ငန်း





ပုလဲမြို့နယ်၊ ရွာသစ်ကျေးရွာတွင် ဝါးခမောက်လုပ်ငန်းများကို ရှေးယခင်ကတည်းက မိရိုး ဖလာလုပ်ကိုင် ဆောင်ရွက်လျက်ရှိသည်။ ရွာသစ်ကျေးရွာရှိ ဝါးခမောက် လုပ်ငန်းရှင် ဒေါ်ယဉ်မြနှင့် တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မေးမြန်းလေ့လာခဲ့ရာ ဝါးခမောက်ယက်လုပ်ရာတွင် ကုန်ကြမ်းအဖြစ်အသုံးပြုသည့်ဝါးများကို ပုံတောင်ပုံညာ ဒေသမှ ဝယ်ယူစုဆောင်းပြီး နှီးဖျာခြင်းများ ပြုလုပ်၍ ရက်လုပ်ကြသည်။

အဆိုပါဒေသတွင် ဝါးခမောက်လုပ်ငန်းကိုစီးပွားဖြစ်တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းမရှိသေးသော်လည်းမိသားစုအလိုက် တစ်ပိုင်တစ်နိုင် ဝင်ငွေရနေသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ရှေးယခင်က မိဘဘိုးဘွားများ၏ လက်မှုလုပ်ငန်းအမွေအနှစ်ကို ထိန်းသိမ်းခြင်းဖြင့် သားစဉ်မြေးဆက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ကုန်ကြမ်းဝါးနှစ်တောင်ခန့်တစ်လုံးလျှင် ကျပ် ၃၀၀ ပေး၍ ဝယ်ယူစုဆောင်းရပါ ကြောင်း၊ သိုက်ဝါးတစ်ပိဿာလျှင် ကျပ် ၁၃၀၀၊ ပေရွက် တစ်ပိဿာလျှင် ကျပ် ၁၅၀၀ ဖြင့် ဝယ်ယူရကြောင်း တစ်ရက်လျှင် ခမောက် အချပ်ရေ ၁၅ ချပ် ခန့်ပြီးစီးကြောင်း၊ ဝါးများကို ပုံတောင်ပုံညာဒေသမရင်းကျေးရွာမှ အဓိကဝယ်ယူရကြောင်း၊ အချို့သော တောင်သူများမှလည်း ကိုယ်တိုင်ခုတ်၍ ဝါးများကိုစုဆောင်းကြရကြောင်း၊ စုဆောင်းရရှိသည့် ကုန်ကြမ်းဝါးများကိုနှီးဖျာ၍ အခြောက်လှန်းရကြောင်း၊ ဈေးကွက်ရာသီဖြစ်သည့် နွေရာသီတွင် အဓိကရက်လုပ်ကြကြောင်း၊ မိမိတို့ မိသားစုစားဝတ်နေရေးကို အထောက်အကူပြုစေပြီး မိဘများ၏ ရိုးရာအမွေအနှစ်ကို ထိန်းသိမ်းခြင်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်စဉ် နွေရာသီကာလတွင် ပုံမှန်ရက်လုပ်သော လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း မေးမြန်းသိရှိရသည်။

ဈေးနှုန်းအနေဖြင့် ခမောက်တစ်ချပ်လျှင် ကျပ် ၁၃၀၀ ဖြင့် ရောင်းချရပြီး တန်ဖိုး သင့်၍ မျှတစွာရောင်းဝယ်လျက်ရှိကြောင်း၊ ဈေးကွက်တင်ပို့မှုအနေဖြင့် ယင်းမာပင်၊ ဆားလင်းကြီး၊ ပုလဲနှင့် မုံရွာမြို့နယ်များရှိတစ်ဆင့်ခံလက်ကား ရောင်းချသူများထံသို့ တင်ပို့ရောင်းချလျက် ရှိကြောင်း တင်ပြလိုက်ပါသည်။

**ဝင်းနုဆွေ (ပုလဲ)**

# စစ်ကိုင်းမြို့နယ် ရှမ်းတပ်ကျေးရွာ၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော၊ ဝါစိုက်တောင်သူ အစုအဖွဲ့ ဖွဲ့စည်း

စားသုံးသူရေးရာ ဦးစီးဌာန စစ်ကိုင်းခရိုင်ဦးစီးမှူးရုံး၊ ခရိုင်ဦးစီးမှူး၏ လမ်းညွှန်ချက်အရ စစ်ကိုင်းမြို့နယ် တာဝန်ခံ ဦးခင်မောင်ဝင်းနှင့် ဝန်ထမ်းများသည် မတ် ၆ ရက်တွင် စစ်ကိုင်းမြို့နယ်၊ ရှမ်းတပ်ကျေးရွာတွင် စားသုံးသူကာကွယ်ရေးအသိပညာပေး ဟောပြောပွဲနှင့် ဝါစိုက်တောင်သူ အစုအဖွဲ့ ဖွဲ့စည်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းခရိုင်ဦးစီးမှူးရုံး စစ်ကိုင်းမြို့နယ်တာဝန်ခံ ဦးခင်မောင်ဝင်းက ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ လုပ်ငန်းရှင်များ၏ တာဝန်များ၊ စားသုံးသူကာကွယ်ရေးဥပဒေပါ အကြောင်းအရာများကို ရှင်းလင်း ပြောကြား ခဲ့သည်။ ထို့နောက် စစ်ကိုင်းမြို့နယ်တာဝန်ခံ ဦးခင်မောင်ဝင်းက ကျန်းမာရေးဝန်ဆောင်မှု၊ ပညာရေးဝန်ဆောင်မှု၊ ခရီးသွားဝန်ဆောင်မှုစသည့်ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်းကောင်း၊ အစားအသောက်နှင့် ပတ်သက်၍လည်းကောင်း၊ နစ်နာဆုံးရှုံးမှုဖြစ်ပေါ်ပါက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) ရုံး ဖွင့်လှစ်ထားရှိရာသို့ လာရောက်တိုင်ကြားနိုင်ကြောင်း ဟောပြောဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲတွင် ပြည်သူစုစုပေါင်း ၆၀ ဦး တက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့သည်။

ဆက်လက်ပြီး စစ်ကိုင်းမြို့နယ် တာဝန်ခံ ဦးခင်မောင်ဝင်းနှင့် ဝန်ထမ်းများသည် ညနေ ၃ နာရီတွင် ရှမ်းတပ်ကျေးရွာရှိ ဝါစိုက်တောင်သူများနှင့် တွေ့ဆုံ၍ တက်ရောက်လာသော ဝါစိုက်တောင်သူများ၏ သဘောဆန္ဒနှင့်အညီ အလုပ်အမှုဆောင်များ ရွေးချယ်ကာ အလုပ်အမှုဆောင်ငါးဦး၊ အသင်းသား ၁၅ ဦးတို့ဖြင့် ရွေးချယ်၍ ဝါစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအစုအဖွဲ့ ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**ယဉ်အောင် (DOCA၊ စစ်ကိုင်း)**

# ကုန်စုံဆိုင်များအား ဈေးကွက်စောင့်ကြည့်စစ်ဆေး

ကန့်ဘလူခရိုင် မလယ်ကျေးရွာ၌ မတ် ၁၁ ရက်တွင် စားသုံးသူရေးရာ ဦးစီးဌာန၊ ကန့်ဘလူခရိုင် ဦးစီးမှူးနှင့် မြို့နယ်တာဝန်ခံ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့ပူးပေါင်း၍ ကျေးရွာရှိ ကုန်စုံဆိုင်များ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ရာ ကုန်စုံဆိုင်များတွင် အများဆုံး တွေ့ရှိချက်များမှာ ကျေးရွာရှိ ကုန်စုံဆိုင်ပိုင်ရှင်များနှင့် ပြည်သူများအနေဖြင့် စားသုံးရန်သင့်/မသင့် သိရှိနားမလည်ဘဲ သက်တမ်းကုန်ဆုံးသည့် မုန့်များကိုလည်း တွေ့ရှိရပြီး မန္တလေးမှလာသော မုန့်များနှင့် လေဖောင်းမုန့်များ စစ်ဆေးတွေ့ရှိရသည်။ ကုန်စုံဆိုင်ပိုင်ရှင်များနှင့် ပြည်သူများ သိရှိနားလည်စေရန် ဥပဒေပါ ကုန်အညွှန်းအမှတ်သားဖော်ပြချက်များ သိရှိနားလည်ပြီး မိမိတို့ကုန်စုံဆိုင်များသို့ တင်သွင်းရောင်းချရန်နှင့် ပြည်သူများအနေဖြင့် သက်တမ်းရှိ/မရှိ ကြည့်ရှုပြီးမှ သာ စားသုံးရန် သင့်/မသင့် များ စားသုံးသူဥပဒေပါ အခန်း(၁၈) ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းကို ရှင်းလင်းဆောင်ရွက်ပြီး စားသုံးသူများအနေဖြင့် အခွင့်အရေး ရှစ်ချက်ရှိပြီး စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် လိုက်နာရမည့်တာဝန် ၁၁ ချက်ရှိပါကြောင်း ရှင်ပြကွင်းဆင်းဆောင်ရွက်ခဲ့သည်။

**ရှဲဆာကဲ (ကန့်ဘလူ)**

# တောင်ကြီးမြို့ရှိ သားဖွားသင်တန်းကျောင်း၌ စားသုံးသူကာကွယ်ရေး အသိပညာပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူးရုံးမှ ဒေါ်ဇေခိုင်(ဦးစီးအရာရှိ) ဦးဆောင်သော ဝန်ထမ်းများနှင့်အဖွဲ့သည် မတ် ၁၀ ရက်တွင် တောင်ကြီးမြို့၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်ရှိ သားဖွားသင်တန်းကျောင်းတွင် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောခဲ့သည်။



ဟောပြောပွဲတွင် ဒေါ်ဇေခိုင်(ဦးစီးအရာရှိ)က စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး ဒေါ်စောယုထွေး(ဦးစီးမှူး)က စားသုံးသူကာကွယ်ရေး ဥပဒေ အကြောင်း၊ အန္တရာယ်ရှိသော ကုန်စည်နှင့်ဝန်ဆောင်မှုများအကြောင်း၊ စားသုံးသူတိုင်းတွင် စားသုံးသူ အခွင့်အရေးများရှိသလို လိုက်နာရမယ့်တာဝန်များလည်း ရှိကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေ အခန်း (၁၈)ပါ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းမှာ ယခုလာမည့် မတ် ၁၆ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်း၊ ကုန်စည်နှင့်ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍စားသုံးသူအပေါ် ထိခိုက်နစ်နာပြီး စိတ်ကျေနပ်မှုမရှိပါက တိုင်ကြားနိုင်ကြောင်း၊ စားသုံးသူရေးရာ ဦးစီးဌာနတွင် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) ရုံးများ ဖွင့်လှစ်ထားရှိပြီး စားသုံးသူများ၏ တိုင်ကြားမှုများကို လက်ခံ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဖြေရှင်းဆောင်ရွက်ပေးခဲ့မှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ဒေါ်ဇေခိုင် (ဦးစီးအရာရှိ)က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး စားသုံးသူကာကွယ်ရေး ဥပဒေစာအုပ်များ၊ လက်ကမ်းစာစောင်များ၊ ပြက္ခဒိန်များနှင့် တိုင်ကြားမှု ပုံစံများအား တာဝန်ရှိသူများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုမို (တောင်ကြီး၊ စားသုံးသူ)**

## စာမျက်နှာ (၂၀) ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အကြောင်းတစေ့တစောင်း......မှ အဆက်

စည်းမျဉ်းစည်းကမ်း ဥပဒေများပြဋ္ဌာန်းကာ ဆောင်ရွက်လာကြသည်။ ၁၉၉၉ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အမှတ် ၁၉၉၉/၇ ဖြင့် ထပ်မံတိုးချဲ့ အတည်ပြုခဲ့သည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၂ ရက် တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက ဆုံးဖြတ်ချက်အမှတ် ၇၀/ ၁၈၆ ဖြင့် လမ်းညွှန်ချက်များကို ပြန်လည်ပြင်ဆင်ခဲ့သည်။ ထို့ကြောင့်ပင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် စားသုံးသူများ၏ အခွင့်အရေးများကို အကာကွယ်ပေးနိုင်ရေးအတွက် လမ်းညွှန်ချက်များကို ခေတ်ကာလနှင့်အညီ ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ် ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင်လည်း ခေတ်နှင့်အညီ စားသုံးသူများအား အပြည့်အဝကာကွယ်ပေးနိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနမှ စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉)ကို ပြည်ထောင်စုလွှတ်တော်အမှတ်(၉) ဖြင့် ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး စားသုံးသူများအား အပြည့်အဝကာကွယ်ပေးပြီး စီးပွားရေးလုပ်ငန်းရှင်များကိုလည်း အန္တရာယ်ကင်းသော ကုန်စည်နှင့်ဝန်ဆောင်မှုများကို ကျင့်ဝတ်များနှင့်အညီ ထုတ်လုပ်ဆောင်ရွက်နိုင်စေရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော စားသုံးသူကာကွယ်ရေး ဥပဒေသည်ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံမှ စားသုံးသူအကာအကွယ်ပေးရေးအတွက် ၁၉၈၅ ခုနှစ် ဧပြီ ၁၆ရက်တွင် ဆုံးဖြတ်ချက်အမှတ်(၃၀/၂၄၈ )ဖြင့် ချမှတ်ခဲ့သော စားသုံးသူအခွင့်အရေးများကဲ့သို့ပင် မြန်မာနိုင်ငံရှိ ၅၁ သန်းကျော်ရှိသော ပြည်သူများအားလုံး စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိစေရေးအတွက် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ စားသုံးသူရေးရာဦးစီးဌာနရှိ ဝန်ထမ်းများသည် ဥပဒေပါ ပြဋ္ဌာန်းချက်များ၊မူဝါဒလုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ပညာပေးဟောပြောဆွေးနွေးခြင်း၊ အသိပညာပေးခြင်း၊ နည်းပညာများ ဖြန့်ဖြူးပေးခြင်း၊ ကွင်းဆင်းစစ်ဆေးအရေးယူခြင်းများအား ဆောင်ရွက်လျက်ရှိသည်။

စားသုံးသူများရရှိမည့် အခွင့်အရေးများနှင့် ပတ်သက်၍ မိမိကိုယ်တိုင် သိရှိပါက မိမိ မိသားစု ဆွေမျိုးသားချင်း၊ အိမ်နီးချင်းများသို့ပါ အသိပေးဖြန့်ဝေပေးပါမှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်နိုင်မည်ဖြစ်သည်။

### ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာအသုံးပြုခွင့်

(Right to Safety)

ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကိုထုတ်လုပ်ရန်အတွက် ညွှန်ကြားထားသည့် ညွှန်ကြားချက်များ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ လိုက်နာရမည့်အသိပေးမှုများအား လိုက်နာခြင်းဖြင့် စားသုံးသူများ၏ အသက်၊ ကိုယ်ခန္ဓာနှင့် ပစ္စည်းများကို အန္တရာယ်ဖြစ်ပေါ်ခြင်း မရှိအောင် ပြုလုပ်ပေးထားခြင်းသည်လည်း ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်စေခြင်း အတွက် ပေးသင့်သောအခွင့်အရေးပင်ဖြစ်သည်။

### စိတ်ကြိုက်ရွေးချယ်နိုင်ခွင့် (Right to Choice)

ကျေနပ်နှစ်သိမ့်မှုဖြစ်စေနိုင်သော အရည်အသွေးအာမခံနိုင်စွမ်းနှင့် ရောင်းဝယ်မှုဖြစ်စဉ်တွင် ပြောဆိုကတိပြုထားသည့် ဈေးနှုန်းများ၊ စည်းကမ်းချက်များ၊ အာမခံပေးမှုများအတိုင်း ဝယ်ယူစဉ်နှင့် ဝယ်ယူပြီးနောက်ပိုင်းတို့တွင် စားသုံးသူများမှ စိတ်ကြိုက်ရွေးချယ်နိုင်ခွင့် ရရှိစေနိုင်ခြင်းသည်လည်း စားသုံးသူ၏အခွင့်အရေးတစ်ရပ်ပင် ဖြစ်သည်။

### မှန်ကန်ပြည့်စုံသော သတင်းအချက်အလက်များ

(Right to Information)

မှန်ကန်သောရွေးချယ်မှုများ ပြုလုပ်နိုင်ရန်အတွက် တိကျမှန်ကန်သော သတင်းအချက်အလက်များ ရရှိနိုင်ခြင်းနှင့် ရိုးသားမှု မရှိသော သို့မဟုတ် မှန်ကန်မှုမရှိသော ကြော်ငြာခြင်းနှင့် တံဆိပ်တပ်ဆင်ခြင်းတို့မှ အကာအကွယ်ရရှိနိုင်ခြင်းပင်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းရှင်များသည် ၎င်းတို့၏ ကုန်စည်နှင့်ဝန်ဆောင်မှုများ ရောင်းချရာတွင် မှားယွင်းသည့်တင်ပြမှုများ၊ အလွန်အမင်းချဲ့ကား ပြောဆိုမှုများ ပါဝင်နေသောကြော်ငြာများ၊ အညွှန်းတံဆိပ်တပ်ဆင်ခြင်းများသည် စားသုံးသူများအကြား နစ်နာဆုံးရှုံးမှုများနှင့် နားလည်မှုလွဲမှားစေခြင်းများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ အရည်အသွေးတစ်ခုအနေဖြင့်ဖော်ပြသော သတင်းအချက်အလက်များနှင့် ဖော်ပြမှုအညွှန်းများသည် မှန်ကန် ပြီးပြည့်စုံရမည့် အခွင့်အရေးသည်လည်း စားသုံးသူ၏ အခွင့်အရေးပင် ဖြစ်သည်။

### နစ်နာဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ပါဝင်ကြားနာခြင်းရရှိစေရန် (Right to Heard)

ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ အသုံးပြုမှုကြောင့် ဖြစ်ပေါ်လာသော မကျေနပ်မှု၊ အငြင်းပွားမှုများအား ဖြေရှင်းပေးနိုင်ရန် အရေးဆို တိုင်တန်းနိုင်ခွင့်၊ စားသုံးသူများ၏ အကျိုးရှိမှုအတွက် ခံစားထင်မြင်ယူဆချက်များကို ပြောဆို တင်ပြနိုင်ခွင့်၊ သင့်လျော်သော အကာအကွယ်ပေးမှုများ ရရှိနိုင်ခွင့်သည်လည်းအခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။

### အသိပညာများ၊အခွင့်အရေးနှင့်အချက်အလက်များကို သိရှိလေ့လာခွင့် (Right to Consumer Education)

စားသုံးသူဆိုင်ရာ အခြေခံအခွင့်အရေးများနှင့် တာဝန်ရှိမှုများကို သိရှိနိုင်စေခြင်း၊ ၎င်းတို့ကို မည်သို့အသုံးပြုနိုင်သည်ကို ကောင်းမွန်စွာသိရှိပြီး ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ ယုံယုံကြည်ကြည်ရွေးချယ် ဝယ်ယူနိုင်စေခြင်း၊ ထုတ်လုပ်ရောင်းချသူများမှ ၎င်းတို့၏ကုန်ပစ္စည်းများကို အသုံးပြုသည့်အခါတွင် ဆောင်ရန်၊ ရှောင်ရန် အချက်များအား စာသုံးသူများနားလည်အောင် ပြောဆိုရောင်းချခြင်းများရရှိစေရန်အတွက် လိုအပ်သောကျွမ်းကျင်မှုများနှင့် အသိပညာများရရှိနိုင်စေခြင်း ဖြစ်သည်။

### စားသုံးသူ၏အခြေခံလိုအပ်ချက်များပေါ်တွင်စိတ်ကျေနပ်မှုရရှိစေခြင်း (Right to Satisfaction of basic needs)

စားသုံးသူများသည် မိမိအမှန်တကယ်အသုံးပြုရန် သို့မဟုတ် စားသုံးရန်အတွက် ဝယ်ယူအသုံးပြုရာ၌ ဝယ်ယူသည့်ပစ္စည်းသည် စားသုံးသူလိုအပ်ချက်အတိုင်း ဖြစ်စေရေးသည် စားသုံးသူများရရှိမည့် အခွင့်အရေးတစ်ရပ်ပင်ဖြစ်ပါသည်။ ဥပမာ-ထမင်းပေါင်းအိုးတစ်လုံး ဝယ်ယူရာ၌ မီးကြိုး၊ အရန်ပစ္စည်းများ၊ အထောက်အကူပစ္စည်းများ ပါဝင်သည်ဟုဖော်ပြထားသော်လည်း အမှန်တကယ်ဝယ်ယူ အသုံးပြု သောအခါ မီးကြိုးများ၊ အရန် ပစ္စည်းများ၊အထောက်အကူပြုပစ္စည်းများ မပါဝင်၍ ထပ်မံဝယ်ယူအသုံးပြုရခြင်းသည် စားသုံးသူထံမှ မတရားခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းပင် ဖြစ်ပါသည်။ ၎င်းအပြင် ထိုထမင်းပေါင်းအိုး၏ အခြားတံဆိပ်များနှင့်အရည်အသွေး ဈေးနှုန်းကွာရခြင်းအားနည်းချက်ကိုပါ ပြောပြပေးရမည်။ သို့မှသာ စိတ်ကျေနပ်မှုရရှိမည်ဖြစ်ပါသည်။

### ဆုံးရှုံးနစ်နာမှုများနှင့်စပ်လျဉ်း၍ကုစားခွင့်

(Right to Remedies)

စားသုံးသူသည် ကုန်စည်နှင့်ဝန်ဆောင်မှုများကို အသုံးပြုရာ၌ လုပ်ငန်းရှင်များက သဘောတူညီချက်နှင့်အညီ ပေးအပ်နိုင်မှုမရှိခြင်း၊ အရည်အသွေးညံ့ဖျင်းခြင်း၊မှားယွင်းသော ကုန်စည်နှင့်ဝန်ဆောင် မှုများပေးသဖြင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ပါက လုပ်ငန်းရှင်မှ စားသုံးသူအား လျော်ကြေးပေးခြင်း၊ ပစ္စည်းအစားထိုးပေးခြင်းနှင့် စားသုံးသူမှ တရားမျှတသော တောင်းဆိုမှုအတိုင်း ရရှိစေခြင်းဖြစ်သည်။

### ကျန်းမာဝပြောသည့်ပတ်ဝန်းကျင်ကောင်းတွင် ရှင်သန်နိုင်ခွင့်ရရှိစေခြင်း

(Right to a Healthy Environment)

စားသုံးသူပြည်သူများ အန္တရာယ်ကင်းသော ကုန်စည်နှင့် ဝန်ဆောင်မှုကိုရရှိပြီး ကျန်းမာချမ်းသာစွာဖြင့် လူနေမှုဘဝကို ဖြတ်သန်းပိုင်ဆိုင်ခွင့် ရရှိစေနိုင်ခြင်းသည်လည်း စားသုံးသူများရရှိမည့် အခွင့်အရေးတစ်ရပ်ပင် ဖြစ်သည်။ ဤသို့ ပိုင်ဆိုင်ခွင့်ရရှိရန်မှာ စားသုံးသူကိုယ်တိုင်ရော မိမိ၏ မိသားစုများအတွက်ပါ အန္တရာယ်ကင်းသော ကုန်စည်ဝန်ဆောင်မှုများကို ရွေးချယ်၍ စားသောက်သုံးစွဲရန် သင့်/မသင့် ဝေဖန်ပိုင်းခြားသိရှိနိုင်မှသာ ဖြစ်နိုင်ပေမည်။

သို့ဖြစ်ပါ၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူပြည်သူများဖြစ်သည့် ၅၁ သန်းကျော်သော ပြည်သူများအတွက် စားသုံးသူကာကွယ်ရေး ဥပဒေ (၂၀၁၉)ပါသတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲ ချမ်းသာမရွေး၊ အဆင့်အတန်းမရွေး စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော လူသုံး၊ အိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုများရရှိသုံးစွဲနိုင်ရေးအတွက် စေတနာထားကာ ဆောင်ရွက်လျက်ရှိသည်။ စားသုံးသူအခွင့်အရေးများနှင့်ပတ်သက်၍ ထိခိုက်နစ်နာဆုံးရှုံးမှုများသာမက သံသယရှိသော ကုန်စည်နှင့်ဝန်ဆောင်မှုများ တွေ့ရှိရပါကလည်း မိမိတို့နီးစပ်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ စားသုံးသူရေးရာဦးစီးဌာနများတွင် တိုင်ကြားနိုင်ပြီး တိုင်ကြားလာမှုများနှင့် ပတ်သက်၍ ကုစားဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ၂၀၂၀ ပြည့်နှစ် မတ် ၁၅ ရက်တွင်ကျရောက်သည့် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့အား ဂုဏ်ပြုရေးသားဖော်ပြအပ်ပါသည်။

# JMM အနေဖြင့် Phase 2 ၏ ရင်းနှီးမြှုပ်နှံမှုကို ယခုထက်နှစ်ဆခန့် ပြုလုပ်နိုင်ရန် မျှော်မှန်း

လက်ရှိတွင် ပြည်တွင်း၌ ရင်းနှီး မြှုပ်နှံမှု အများဆုံးဖြင့် ရပ်တည်နေသည့် JFE Meranti Myanmar အနေဖြင့် ၎င်းတို့၏ Phase 2 စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှု နှစ်ဆခန့် တိုးမြှင့်နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

JMM အနေဖြင့် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် စက်တင်ဘာလကတည်းက ဈေးကွက်အတွင်း မိတ်ဆက်ခဲ့ခြင်းဖြစ်သော်လည်း ထုတ်လုပ်မှုအပိုင်းကို ပြီးခဲ့သည့်နှစ်ပတ်ခန့်မှစတင်ကာ လုပ်ဆောင်နေခြင်း ဖြစ်ကြောင်း သိရသည်။

"ထုတ်လုပ်မှုအပိုင်းကတော့ စတင်နေတာ နှစ်ပတ်လောက်ရှိပါပြီ။ အပြည့် လည်ပတ်နိုင်ဖို့အတွက်ကတော့ တစ်နှစ်လောက် အချိန်ယူရပါဦးမယ်။ အခုက Phase 1 အနေနဲ့ ၉၀ မီလီယံနဲ့အထက် ရင်းနှီးမြှုပ်နှံမှုကို ပြုလုပ်ထားပါတယ်။ နောက်ပိုင်းမှာလည်း Phase 1 ရဲ့ အောင်မြင်မှုပေါ် မူတည်ပြီး Metal Coating Line ဆက်လုပ်သွားဖို့ရှိပါတယ်။ အဲဒီအတွက်ကိုလည်း Phase 1 ရဲ့ နှစ်ဆလောက် ရင်းနှီးမြှုပ်နှံဖို့အတွက် ရည်ရွယ်ထားပါတယ်"ဟု JFE Meranti Myanmar ၏ Chief Executive Officer Dr. Sebastian Langendorf က ပြောသည်။




"အခုလက်ရှိကတော့ တစ်နှစ်ကို coated steel coils တစ်သိန်းရှစ်သောင်းလောက် ထုတ်လုပ်ဖို့ ရည်ရွယ်ထားပါတယ်။ အခုမှ စလည်ပတ်နေတာမို့လို့ Phase 2 လုပ်ဆောင်ဖို့အတွက်ကို နောက်သုံးနှစ်ကနေ ငါးနှစ်အထိ ကြာနိုင်ပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

JMM သည် အလွှာအုပ်စတီးကဏ္ဍအတွက် ပြည်တွင်း၌ လာရောက် ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ပြီး လက်ရှိတွင် အလွှာအုပ်စတီးကွိုင်များကို ထုတ်လုပ်နေကြောင်း၊ နောက်ပိုင်းတွင်လည်း Metal Coating Line, Building Materials နှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်သည့် Structural Project များကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လာမည့် ဇွန်နှင့် ဇူလိုင်လတို့တွင် International Flagship အနေဖြင့် မိတ်ဆက်သွားရန်ရှိသလို လာမည့်နှစ်တွင်လည်း ထုတ်ကုန်သစ်မိတ်ဆက်သွားရန်ရှိကြောင်း၊ ပြည်တွင်းအလုပ်အကိုင်ရရှိမှုအပိုင်းတွင်လည်း ကုမ္ပဏီ၏ ၈၅ ရာခိုင်နှုန်း (အလုပ်သမား ဦးရေ ၂၄၀ ကျော်)ကို ပြည်တွင်းမှ အလုပ်သမားများ ခန့်အပ်ထားပြီး ယခု နှစ်ကုန်တွင် အလုပ်သမားဦးရေ ၃၀၀ ကျော်ထိရှိလာစေရန် ခန့်မှန်းထားကြောင်း သိရသည်။

**ချောစု**

# ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်း ၂၀၀၀ ကျော် ဖန်တီးနိုင်မည့် လုပ်ငန်းခြောက်ခုကို ခွင့်ပြု

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် မတ် ၆ ရက်က ကျင်းပသည့် (၄/၂၀၂၀)ကြိမ်မြောက် အစည်းအဝေးတွင် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၂၀၀၀ ကျော် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခြောက်ခုကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် ဆောင်ရွက်ဆဲလုပ်ငန်းကိုးခုမှ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် တခြားဝန်ဆောင်မှုကဏ္ဍတို့မှ လုပ်ငန်းသစ်ခြောက်ခုကို ခွင့်ပြုခဲ့ကြောင်း သိရသည်။

ခွင့်ပြုပေးလိုက်သည့် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃၁ ဒသမ ၁၂၅ သန်းနှင့် ငွေကျပ် ၁၁၃၈၁၀ ဒသမ ၃၃၅ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၀၀၀ ကျော်ကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်အတွက် ဇန်နဝါရီလကုန်အထိ ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သည့် နိုင်ငံများမှာ စင်ကာပူ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး နိုင်ငံပေါင်း ၅၀မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

လက်ရှိတွင် ပြည်တွင်း၌ အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် လုပ်ငန်းများမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံ၏ ၂၆ ဒသမ ၄၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၀၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားကြောင်း သိရသည်။

**ချောစု**

# လုံးချင်းအိမ်များကို ဘဏ်ချေးငွေဖြင့် ဆောက်လိုသူများအတွက် AGD ဘဏ်နှင့် Myanmar Art Construction တို့မှ ဝန်ဆောင်မှုပေးမည်

လုံးချင်းအိမ်ဆောက်လိုသူများနှင့် ဆောက်လုပ်ရန် ငွေစုဆောင်းနေသူများအတွက် AGD ဘဏ်နှင့် Myanmar Art Construction တို့ ပူးပေါင်း၍ Construction Loan Service ကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝန်ဆောင်မှုပေးအပ်ရန်အတွက် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးခြင်းကို မတ် ၉ ရက်တွင် ရန်ကုန်မြို့ရှိ Pullman Hotel ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ဆောက်လုပ်လိုသည့် လုံး ချင်းအိမ်များကို Myanmar Art Construction တွင် ရှိပြီးသားဒီဇိုင်းများအပြင် မိမိကြိုက်နှစ်သက်သည့် ဒီဇိုင်းများကိုပါ ဆောက်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"Myanmar Art Construction နဲ့ AGD ဘဏ်တို့ ပူးပေါင်းလုပ်တဲ့ Construction Loan က ပြီးခဲ့တဲ့ ၂၀၁၉ ဇန်နဝါရီလလောက်ကတည်းက စခဲ့တာပါ။ အခုကတော့ တရားဝင် လက်မှတ်ရေးထိုးတာပါ။ လက်ရှိမှာ Construction Loan အတွက် AGD ဘဏ်တစ်ခုတည်းနဲ့ ပူးပေါင်းထားတာ ဆိုပေမယ့် နောက်ပိုင်းမှာလည်း တခြားသောဘဏ်တွေနဲ့ ချိတ်ဆက် လုပ်ဆောင်သွားဖို့ ရှိပါတယ်"ဟု Myanmar Art Construction ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်စွာဟိန်းက ပြောသည်။

အရစ်ကျချေးငွေဖြင့် အိမ်ရာ ဆောက်လုပ်ရန် လျှောက်ထားမည်ဆိုပါက အဆောက်အအုံတန်ဖိုး ၃၀ ရာခိုင်နှုန်း၊ မိသားစုဝင်ငွေရလမ်း ဖော်ပြချက်နှင့် ပိုင်ဆိုင်မှုအထောက်အထားတို့ဖြင့် လျှောက်ထားနိုင်မည်ဖြစ်ပြီး စာရွက်စာတမ်းပြည့်စုံပါက သုံးပတ်မှ ငါးပတ်အတွင်း ဆောက်လုပ် ခွင့်ရရှိမည်ဖြစ်ကြောင်း၊ ချေးငွေရရှိရန်အတွက် ဂရန်အမည်ပေါက်ရှိသည့် မြေကွက်ပိုင်ရှင်တိုင်း လျှောက်ထားနိုင်မည်ဖြစ်ပြီး အရစ်ကျချေးငွေသက်တမ်း နှစ်နှစ်မှ ၁၅ နှစ်ချေးငွေကို အတိုးနှုန်း ၁၃ ရာခိုင်နှုန်းဖြင့် ချေးယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Myanmar Art ဆောက်လုပ်ရေးအနေဖြင့် လှိုင်သာယာ ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) စသည့် မြို့နယ်များတွင် လုံးချင်းအိမ်ရာများ ဆောက်လုပ်လျက်ရှိပြီး Construction Loan ရယူလိုသူများကိုလည်း ယခုနှစ်အတွင်း မြန်မာနိုင်ငံတစ်နိုင်ငံလုံး အတိုင်းအတာနှင့် ဝန်ဆောင်မှုပေးသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

**ချောစု**

# ပြည်ပ ဝယ်လိုအား နည်းသဖြင့် ငါးသလောက်ဈေးကျ

ပြည်ပနိုင်ငံများ၏ ဝယ်လိုအားများ လျော့ကျလာခြင်းကြောင့် ယခု မတ်လဆန်းပိုင်းက စတင်ကာ ငါးသလောက်ဈေး ကျဆင်းသွားကြောင်း ရေထွက်နှင့် ပို့ကုန် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းအေးက ပြောသည်။

မတ် ၁၀ ရက်က မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တွင် ပြုလုပ်သည့် အစည်း အဝေးတွင် ယင်းသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

တရုတ်နိုင်ငံမှ စတင်ဖြစ်ပွားခဲ့သည့် Covid-19 ကိုရိုနာဗိုင်းရပ်(စ်) ဂယက်ကြောင့် ကမ္ဘာ့နိုင်ငံအချို့၏ စီးပွားရေးအပေါ် ထိခိုက်မှုများရှိခဲ့ကာ ငါးသလောက် တင်ပို့နေသည့် တရုတ်အပါအဝင် ဒေသတွင်း နိုင်ငံအချို့၏ ကုန်သွယ်မှုများ ရပ်တန့်သွားသည့်အတွက် ယခုကဲ့သို့ ဈေးနှုန်းများ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ယင်းအသင်းမှ သိရသည်။

"လက်ရှိမှာ တရုတ်ပြည်ကို တင်ပို့တာမရှိတဲ့အတွက် ငါးသလောက်ဈေးတွေ ကျတာပါ။ အဲဒါအပြင် ကျွန်တော်တို့ ပြည်တွင်းက ငါးသလောက်ကို ဝယ်ယူနေကြတဲ့ ဘင်္ဂလားဒေ့ရှ်နဲ့ အိန္ဒိယ အပါအဝင် နိုင်ငံအချို့ရဲ့ဝယ်ယူမှုတွေလည်း လက်ရှိမှာ လျော့နည်းနေပါတယ်" ဟု ၎င်းက ပြောသည်။

ပြီးခဲ့သည့် ဇန်နဝါရီလက ငါးသလောက် တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀ ဝန်းကျင်အထိ ပေါက်ဈေးရှိခဲ့သော်လည်း ယခု မတ်လဆန်းတွင်တော့ တစ်ပိဿာ ၉၀၀၀ ကျပ်ဝန်းအထိ ဆက်တိုက်ဆိုသလို ကျဆင်းသွားခဲ့ကြောင်း ၎င်းက ပြောသည်။

**ပန်းဆု**

# မတ်ပဲဈေးနှုန်း ကျပ်တစ်သိန်းကျော်အထိ ကျဆင်း

ယခု တစ်ပတ်အတွင်း မတ်ပဲတစ်တန်လျှင် ကျပ်တစ်သိန်းကျော်အထိ ဈေးကျဆင်းသွားကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ သိရသည်။

နိုင်ငံခြား ငွေလဲလှယ်နှုန်းများ ကျဆင်းနေမှုကြောင့် မတ်ပဲဈေးနှုန်းများလည်း ယခုကဲ့သို့ ကျဆင်းသွားခြင်းဖြစ်ကြောင်း ယင်းအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက မတ် ၁၂ ရက်တွင် ပြောသည်။

"ဒီရက်ပိုင်း ဒေါ်လာဈေးကလည်း ကျနေတော့ ပြည်ပကို တင်ပို့နေတဲ့ ပဲအမျိုးအစားတွေရဲ့ဈေးတွေပါ ကျဆင်းလာ တာပါ"ဟု ၎င်းက ပြောသည်။

ဈေးကွက်အတွင်း လက်ရှိ၌ မတ်ပဲ တစ်တန်လျှင် ၈၅၇၀၀၀ ကျပ်အထိ ပေါက်ဈေး ရှိနေပြီး ယခင်ကထက် ကျပ် တစ်သိန်းကျော် ဈေးကျဆင်းသွားကြောင်း ၎င်းက ပြောသည်။

အလားတူ အိန္ဒိယနိုင်ငံ၏ မတ်ပဲ ဈေးကွက်တွင်လည်း မြန်မာနိုင်ငံမှ မတ်ပဲအများအပြား တင်ပို့မှုကြောင့် ဈေးနှုန်း များ ကျဆင်းလျက်ရှိကြောင်း သိရသည်။

လက်ရှိ နိုင်ငံခြားငွေ လဲလှယ်နှုန်းများမှာ အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေ ကျပ် ၁၃၈၀ ခန့် ပေါက်ဈေးရှိနေ ပြီး ယခင်က အမေရိကန် တစ်ဒေါ်လာလျှင် မြန်မာငွေ ကျပ် ၁၅၀၀ ကျော်အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

**ပန်းဆု**

# နိုင်ငံတကာဈေးကွက်အထိ ယှဉ်ပြိုင်ထိုးဖောက်ချိန်တန်ပြီ

မြနှင်းဝေ

မြန်မာနိုင်ငံ၏ သဘာဝတည်နေရာအနေအထားအရ ဝယ်လိုအား အဆမတန်များပြား၍ ပို့ကုန်အခွင့်အလမ်းကြီးမားသည့် ဈေးကွက်နိုင်ငံကြီး နှစ်ခုအကြားတွင် တည်ရှိနေသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေးကြီးတစ်ခုအဖြစ် ရှုမြင်နိုင်ပါသည်။ သို့သော် ပကတိအခြေအနေများမှာမူ ထင်မြင်ယူဆချက်နှင့် ပြောင်းပြန်ဖြစ်နေသည်။ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်မှုမရှိသော၊ မိမိကိုယ်ကျိုးစီးပွားတိုးတက်ရေးကိုသာ ဆောင်ရွက်သော ကုန်စည်၊ ဝန်ဆောင်မှုများ၊ တင်သွင်း၊ တင်ပို့၊ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသူများကြောင့် မြန်မာနိုင်ငံအတွင်း ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော၊ ဘေးအန္တရာယ်ကင်းရှင်းမှုမရှိသော၊ နိုင်ငံတကာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော လူသုံး၊ အိမ်သုံးပစ္စည်းများ အဆမတန်ဝင်ရောက်လျက်ရှိနေပါသည်။ ထိုပစ္စည်းများကို ဝယ်ယူသုံးစွဲသော စားသုံးသူများမှာ နစ်နာဆုံးရှုံးမှုများစွာ ကြုံတွေ့ရလျက်ရှိသည်။

သို့သော် မြန်မာနိုင်ငံမှ တင်ပို့သောပစ္စည်းများနှင့် ပတ်သက်၍မူ ၎င်းတို့နိုင်ငံများမှ သတ်မှတ်ထားသော စံနှုန်းသတ်မှတ်ချက်များစွာအတိုင်း လိုက်နာတင်ပို့ကြရသည်။ မိမိနိုင်ငံရှိ စားသုံးသူများ အန္တရာယ်ကင်းရှင်းရင်ပြီးရော၊ အခြားနိုင်ငံဖြစ်ချင်ရာဖြစ်စေဆိုသည့်သဘောသက်ရောက်နေပါသည်။ အမှန်မှာ မိမိနိုင်ငံရှိစီးပွားရေးလုပ်ငန်းရှင်များသည်လည်း လူသုံး၊ အိမ်သုံးပစ္စည်းများ တင်သွင်းရာတွင် မိမိနိုင်ငံမှ သတ်မှတ်ထားသော စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီသော ပစ္စည်းများကိုသာ တင်သွင်းသင့်သည်။ သို့မှသာ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများမှာ မျှတမှုရှိမည်ဖြစ်ပါသည်။ လတ်တလောအမြတ်ရရှိရေးထက် ရေရှည်ဖွံ့ဖြိုးတိုးတက်စေသည့် စီးပွားရေးစနစ်ကို ဖော်ဆောင်သင့်သည်။ စီးပွားရေးအင်အားကြီးမားသော ကုန်သွယ်ဖက်နိုင်ငံများနှင့် ပခုံးချင်းယှဉ်နိုင်ရန်မှာ တစ်ပြေးညီဖြစ်၍ မျှတသော ကုန်သွယ်ရေးစနစ်ပေါ် အခြေခံနေသည်ကို မမေ့သင့်ပေ။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ခိုင်မာ၍ ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ခေတ်မီသည့် စီးပွားရေးမူဝါဒများရှိရန် လိုအပ်သည်။ လက်ရှိအစိုးရသည် နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်၍ သားစဉ်မြေးဆက် အကျိုးခံစားရရှိစေမည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ရပ်ကို ၂၉-၇-၂၀၁၆ ရက်တွင် ချမှတ်၍ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည်။

ဥရောပနိုင်ငံများတွင် စီးပွားရေးဒဿန၊ မူဝါဒများနှင့် ပတ်သက်၍ အင်္ဂလိပ်ဘောဂဗေဒပညာရှင်တစ်ဦးဖြစ်သည့် အဒမ်စမစ် (Adam Smith) ရေးသား၍ ၁၇၇၆ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် 'တိုင်းနိုင်ငံကြီးများ၏ ဓနအင်အားကျမ်းကြီး'မှ လေစစ်ဖဲယား (Lassiez Faire) ဒဿနသည် လွန်စွာ ခေတ်စား၍ လိုက်နာဆောင်ရွက်ခဲ့ကြသည်။ ဥရောပနိုင်ငံအများစု၏ စီးပွားရေးမူဝါဒများအဖြစ် လက်ကိုင်အသုံးပြုခဲ့ကြသည်။ လေဒီစစ်ဖဲယားဆိုသည်မှာ လွတ်လပ်စွာကုန်သွယ်ရေးမူဝါဒများဖြစ်သည်ဟု ဆိုကြသည်။ တိုက်ရိုက်အဓိပ္ပာယ်ကမူ 'သူ့ဟာသူ လွတ်လွတ်လပ်လပ်လုပ်ပါစေ'ဆိုသည့် သဘောဖြစ်သည်။ ထိုဒဿနအရ စီးပွားရေးရာ ကိစ္စများတွင် အစိုးရက ပါဝင်ပတ်သတ်နေသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်၊ သတ်မှတ်ချက်၊ အခွင့်ထူးပေးမှု၊ အကောက်အခွန်ကိစ္စ များ၊ ထောက်ပံ့ကြေးပေးမှုများမှ ကင်းလွတ်သော ပုဂ္ဂလိကအဖွဲ့များကြား လွတ်လပ်ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်သည့် စီးပွားရေးစနစ်တစ်ခုဖြစ်သည်။ ထိုစနစ်တွင် အစိုးရက ဆောင်ရွက်ပေးရမည့် လုပ်ငန်းသုံးမျိုးသာရှိသည်။ တရားဥပဒေစိုးမိုးရေး၊ လျှပ်စစ်၊ လမ်းတံတား၊ အဆောက်အဦးများ၊ ပညာရေးနှင့် ကျန်းမာရေးတို့ကိုသာ ထူထောင်ပေးရန်လိုအပ်သည်ဟုဆိုသည်။

တစ်နည်းအားဖြင့် စီးပွားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာကိစ္စများတွင် လုပ်ငန်းရှင်များက ဈေးကွက်စီးပွားရေးအရ လွတ်လွတ်လပ်လပ်လုပ်ကိုင်ခွင့်ပေးထားရမည်။ အစိုးရက ဝင်မစွက်ဖက်ရန် လိုသည်ဟုဆိုသည်။ သို့မှသာ ကုန်စည်ထုတ်လုပ်၊ ဖြန့်ချိရောင်းချသူ၊ စားသုံးသူ၊ အစိုးရများအတွက် အကောင်းဆုံးအကျိုးစီးပွားကို ဖြစ်စေနိုင်မည်ဟု အနှစ်သာရအဖြစ် ယူဆနိုင်မည်ဖြစ်သည်။ ယင်းစီးပွားရေးစနစ်သည် လူတို့၏ သဘောသဘာဝကို အခြေခံ၍ ယူဆထားချက်ဖြစ်၍ ထိုခေတ် ထိုအခါက လူတို့၏ သဘောထားများနှင့်တိုက်ဆိုင်နေ၍ဖြစ်ကောင်းဖြစ်ပေမည်။

လူသားများသည် ပင်ကိုသဘာဝအားဖြင့် အတ္တသမားများဖြစ်သည်။ လောဘရမ္မက်များ လည်းရှိသည်။ ထိုအတ္တ၊ လောဘ၊ ရမ္မက်များ၏ သွေးဆောင်မှုကြောင့် နေ့စဉ်လှုပ်ရှားရုန်းကန်လှုပ်ရှား နေကြသည်။ ထိုအတ္တ၊ လောဘ၊ ရမ္မက်များကို ထိန်းချုပ်ရန်ကြိုးစားခြင်းထက် လွတ်လွတ်လပ်လပ် လုပ်ဆောင်စေခြင်းက လူ့အဖွဲ့အစည်းအတွက် အကောင်းဆုံးအကျိုးစီးပွားနှင့် ကိုယ်ရည်ကိုယ်သွေးများကို အစိုးရက ရယူနိုင်မည်ဖြစ်သည်။

စားသုံးသူများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆုံးအဖြတ်ပေးမည့်သူများဖြစ်ကြောင်း နားလည်ကြသည်။ ထို့ကြောင့်ပင် လူသုံးအိမ်သုံး၊ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နေသော လုပ်ငန်းရှင်များသည် သူတို့၏ အတ္တ၊ လောဘများအရ မိမိပြိုင်ဘက်အသီးသီးထက် ချိုသာသော ဈေးနှုန်း၊ ကောင်းမွန်သည့် အရည်အသွေး၊ စံနှုန်းကိုက်ညီစွာထုတ်လုပ်၍ ရောင်းချဆောင်ရွက်ပါမှ ပိုမိုရောင်းချဆောင်ရွက်နိုင်ကာ ပြိုင်ဘက်များကို အနိုင်ရရှိမည်ဖြစ်သည်ကို လုပ်ငန်းရှင်များနားလည်ကြသည်။

တစ်ဆင့်တက်၍ မိမိပြိုင်ဘက်ကို အနိုင်ယူနိုင်ရန် ကြိုးစားရာ၌ မျက်ကန်းအတ္တ၊ လောဘများနှင့် မဖြစ်နိုင်ပေ၊ ပြိုင်ဘက်များနှင့် သိသိသာသာဈေးနှုန်း၊ အရည်အသွေး အဘက်ဘက်မှသာလွန်၍ အများအပြားထုတ်လုပ်ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အဆင့်တိုင်းတွင် သတိပြုရမည့်အချက်များစွာကိုလည်း သတိပြုရမည်ဖြစ်သည်။ ထုတ်လုပ်မှု၊ ဆောင်ရွက်မှုစရိတ်သက်သာရန်လိုသည်။ အလေအလွင့် နည်းနိုင်သမျှနည်းရန်လိုသည်။ အလွယ်ကူဆုံးနည်းမှာ ခေတ်မီစက်ကိရိယာများသုံးစွဲရမည်။ ထိုအခါ ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းအများအပြားကို အချိန်တိုအတွင်း အမြောက်အများ ထုတ်လုပ်လာနိုင်မည်။ လုပ်အားခသက်သာသွားမည်၊ အများအပြားရောင်းချသွားမည်။ အမြတ်အစွန်းများစွာရရှိ လာနိုင်မည်၊ လုပ်ငန်းများ တိုးချဲ့လာနိုင်မည်ဖြစ်သည်။

စားသုံးသူများကလည်း လုပ်ငန်းရှင်အများအပြားက ဆောင်ရွက်ပေးနေသော ကုန်စည်များ၊ ဝန်ဆောင်မှုအများအပြားအနက် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော၊ အရည်အသွေးမြင့်မားသော၊ စီးပွားရေးကျင့်ဝတ်နှင့်အညီဆောင်ရွက်သော၊ ဈေးနှုန်းချိုသာသော ကုန်စည်ဝန်ဆောင်မှုများကို ရယူသုံးစွဲနိုင်မည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။ စားသုံးမှုအဆင့်အတန်းများ တိုးတက်လာမည်။ ကျန်းမာသက်ရှည်စွာဖြင့် လူ့သက်တမ်းစေ့နေနိုင်မည်ဖြစ်သည်။ တစ်နည်းအားဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာမည်။ နည်းပညာ၊ အတတ်ပညာများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အတွက် အခြေခံအုတ်မြစ်များ ခိုင်မာလာမည်ဖြစ်သည်။

ထိုသို့လွတ်လပ်စွာဆောင်ရွက်ခြင်းကြောင့် အစိုးရအတွက် အကျိုးများစွာ ဖြစ်ထွန်းနိုင်မည်ဖြစ်သည်။ ကုန်သွယ်မှုလုပ်ငန်းများကို တက်လာမည်။ အလုပ်အကိုင်အမျိုးအစားပေါင်းစုံတိုးတက်လာမည်။ အခွန်အခများ ပိုမိုရရှိလာမည်။ နိုင်ငံတော်၏ ဘဏ္ဍာငွေများ တိုးတက်ရရှိလာမည်ဖြစ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးစရိတ်များ ပိုမိုတိုးချဲ့သုံးစွဲလာနိုင်မည်။ လမ်းတံတားများ ကောင်းလာမည်၊ ပညာရေးအဆင့်မြင့်လာမည်၊ ကျန်းမာရေးပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

ဤတွင် လုပ်ငန်းရှင်များ၏ အတ္တ၊ လောဘကြောင့် ဖြစ်ပေါ်လာသော အချိန်တိုအတွင်း အမြတ်အစွန်း ကြီးမားစွာရရှိလိုမှု၊ ကြီးပွားချမ်းသာလိုမှု၊ ပြိုင်ဘက်များကို အလဲထိုးအနိုင်ရယူလိုမှုများကြောင့် လွတ်လပ်စွာကုန်သွယ်လုပ်ကိုင်မှုများသည် လူ့အဖွဲ့အစည်းကို ကမောက်ကမများဖြစ်သွားလေမလားဟု စီးပွားရေးပညာရှင်များက စိုးရိမ်စိတ်ပွားများကြသည်။ ကိစ္စမရှိပေ၊ စိုးရိမ်စရာမရှိပေ၊ လူတစ်ဦးချင်းစီသည် လုပ်ငန်းရှင်ရော၊ စားသုံးသူများပါ အတ္တလောဘသမားများဖြစ်သည်။ သဘာဝမကျသောနည်းလမ်းကို အသုံးပြု၍ ကုန်စည်ဝန်ဆောင်မှုပြုသူများကို စားသုံးသူက ဖယ်ကြဉ်သွား၍ အခြားလုပ်ငန်းမှ ထုတ်လုပ်ဆောင်ရွက်သောကုန်စည်ဝန်ဆောင်မှုကို ရယူသုံးစွဲဆောင်ရွက်ကြမည်ဖြစ်သည်။

ထိုအခါ လုပ်ငန်းရှင်များသည် မိမိလုပ်ကိုင်ဆောင်ရွက် သောကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် စားသုံးသူအလိုကျ အရည်အသွေး၊ စံနှုန်းသတ်မှတ်ချက်များပြည့်မီရေး၊ ထုတ်လုပ်ဆောင်ရွက်မှုနည်းပညာလုပ်ငန်းစဉ်များတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်၍ စားသုံးသူများအကြိုက်ဆောင်ရွက်ကြမည်သာဖြစ်သည်။

မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်အခြေခံကောင်းများကို ရရှိဆောင်ရွက်နေသည်။ တင်ပို့၊ တင်သွင်းသောကုန်စည်များ၊ ဆောင်ရွက်လျက်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ မျှတသော စီးပွားရေးစနစ်ကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အဆုံးအဖြတ်ပြုမည့် စားသုံးသူများသည် မိမိတို့၏ စားဝတ်နေရေးနှင့်ပတ်သက်၍ နေ့စဉ်ရယူသုံးစွဲနေရသည့်ကုန်စည်၊ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိ/မရှိ၊ ဘေးအန္တရာယ်ကင်းရှင်းမှုရှိ/မရှိ၊ သတင်းအချက်အလက်များ ပါ/မပါ သေချာစွာကြည့်ရှုမေးမြန်းဝယ်ယူသုံးစွဲကြရန် လိုအပ်နေပါပြီ၊ လုပ်ငန်းရှင်များကလည်း မိမိလုပ်ကိုင်သော ကုန်စည်ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သတ်၍ အရည်အသွေး၊ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်ဆောင်ရွက်၍ ပြည်တွင်းဈေးကွက်သာမက နိုင်ငံတကာဈေးကွက်အထိ ယှဉ်ပြိုင်ထိုးဖောက်ချိန်တန်ပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

■

## ကုန်အညွှန်းအမှတ်အသား ဖော်ပြချက်များ လိုက်နာဆောင်ရွက်နိုင်စေရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒု-ခရိုင်ဦးစီးမှူး ဦးစီးအရာရှိ ဒေါ်မွန်မွန်စိုးနှင့်အဖွဲ့သည် အမှတ်(၁)ရပ်ကွက်အတွင်းရှိကြံ့မင်းအမှတ်တံဆိပ် ပေါင်မုန့်လုပ်ငန်း၊ ပိုင်အမှတ်တံဆိပ် ကြူကြူဝါးလားလုပ်ငန်း၊ အောင်ဆင်မင်းအမှတ်တံဆိပ် လက်ဖက်ပဲကြော်လုပ်ငန်း၊ ပြည့်စုံလျှန် အမှတ်တံဆိပ် ဆီး၊ မန်ကျည်းဖျော်ရည်လုပ်ငန်း၊ ရွှေဇယန်း လက်ဖက်ပဲကြော်လုပ်ငန်း၊ ရှိုင်းမင်းကြက်ဥမရွှေးလုပ်ငန်း၊ ဆင်ချောင်းတံဆိပ် ပုန်းရည်ကြီးလုပ်ငန်းစသည့် လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် ပတ်သက်၍သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် သွားရောက် တွေ့ဆုံ ဆွေးနွေးခဲ့သည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် စားသုံးသူ ကာကွယ်ရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ အခန်း (၁၈)ပါ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်ပြည့်မြောက်သည့်နေ့ဖြစ်သောမတ် ၁၆ ရက်မှစ၍အာဏာတည်မည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာထည့်သွင်းဖော်ပြရန် လိုအပ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ ထုတ်လုပ်သော ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ အခြားဘာသာတစ်ခု(သို့မဟုတ်) တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ဖော်ပြရာ၌ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရန် မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးကော်မရှင်မှ ညွှန်ကြားချက်(၂/၂၀၁၉)ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းရှင်များ၏ ထုတ်ကုန်၊ ကုန်အညွှန်းအမှတ်အသားနမူနာများကို စစ်ဆေးပေးစေလိုပါက ပေးပို့ဆောင်ရွက်နိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ခင်သူဇာ (ပခုက္ကူ)

Vol: 20, No.11 Monday March 16 2020

# ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး ရေလဲကလေးဈေးအတွင်း အသိပညာပေး

မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဒု-ခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများ၊ စည်ပင်သာယာရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်သောပူးပေါင်းအဖွဲ့သည် မတ် ၆ ရက်တွင် မအူပင်မြို့နယ်၊ ရေလဲကလေးဈေးအတွင်းရှိ ကုန်စုံဆိုင်၊ မုန့်မျိုးစုံဆိုင် ၊ စိုက်ပျိုးရေးဆိုင်နှင့် ဈေးအတွင်းရှိ ဆိုင်များသို့ကွင်းဆင်း အသိပညာပေးခဲ့သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်မှုတွင် စားသုံးသူ ကာကွယ်ရေး ဥပဒေအခန်း (၁၈)ပါ ကုန်အညွှန်း အမှတ်အသား ဖော်ပြခြင်း၊ သတ်မှတ်ချက်များဖြစ်သော ကုန်စည်အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှု အညွှန်း၊ သုံးစွဲပုံနည်းလမ်း၊ ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်၊ ကြိုတင်သတိပေးချက် စသည်တို့ ပါဝင်မှ စားသုံးသူ ကာကွယ်ရေး ဥပဒေနှင့်ညီညွတ်ပြီး အာမခံချက်ရှိသော အစားအသောက်၊ အသုံးအဆောင်များဖြစ်ကြောင်းတို့ကို ကုန်ပစ္စည်းရောင်းချသည့်ဆိုင်များသို့ ကွင်းဆင်း စိစစ်အသိပညာပေး ဆောင်ရွက်ခဲ့ သည်။ ထို့နောက် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်၏ ညွှန်ကြားချက် အမှတ် ၂/ ၂၀၁၉ ကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**CONSUMER - MT**

# ရှွေပြည်သာမြို့နယ်ရှိ အမိုးကြီးဈေးနှင့် (၉)ရပ်ကွက်ရှိ စီးပွားရေးလုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေး အသိပညာပေး

စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်နီလာဦးနှင့် တာဝန် ရှိသူ ဝန်ထမ်းများသည် မတ် ၁၁ ရက်တွင် ရွှေပြည်သာမြို့နယ်ရှိ အမိုးကြီးဈေးနှင့် အမှတ်(၉)ရပ်ကွက်ရှိ စီးပွားရေးလုပ်ငန်းရှင်များသို့သွားရောက်၍ ထုတ်ကုန် လုံခြုံစိတ်ချရသည့်ပစ္စည်းများ ဝယ်ယူ/ရောင်းချနိုင် ရေးအတွက် အသိပညာပေး ဟောပြောပွဲများကျင်းပခြင်းနှင့် ဈေးအတွင်း ကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ နံနက် ၁၀ နာရီတွင် ရွှေပြည်သာမြို့နယ် အမိုးကြီးဈေးတွင် ဈေးတာဝန်ခံ ဦးအောင်နိုင်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ဈေးသူ/ ဈေးသားများအနေဖြင့် ဘေးအန္တရာယ် ကင်းရှင်းသော ကုန်စည်များကိုသာ ရောင်းချရန်၊ မိမိရောင်းချသည့်ကုန်ပစ္စည်းနှင့်ပတ်သက်၍ တာဝန်ယူရမည်ဖြစ်ကြောင်း စားသုံးသူ ကာကွယ်ရေးလုပ်ငန်းသည် အားလုံးနှင့် သက်ဆိုင်ကြောင်း ပြောကြားခဲ့ပြီး စားသုံးသူရေးရာ ဦးစီးဌာန၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်နီလာဦးက စားသုံးသူ ကာကွယ်ရေးဥပဒေ (၂၀၁၉)ပါ ရည်ရွယ်ချက်များ၊ အခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသားနှင့် ပတ်သက်ပြီး စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် လိုက်နာရမည့်အချက်များ၊ အခန်း(၁၈)သည် မတ် ၁၆ ရက်တွင် စတင် အာဏာသက်ရောက်မည်ဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းရှင်များ အားလုံး လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ပြစ်မှုနှင့်ပြစ်ဒဏ်များကိုလည်းကောင်း၊ ခရိုင်ဦးစီးမှူးရုံးရှိ (CICC) သို့ တိုင်ကြားလာသည့် ကုန်စည်/ဝန်ဆောင်မှုနှင့်ပတ်သက်၍ ဖြေရှင်း ဆောင်ရွက်ထားရှိမှု များကို ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် ရွှေပြည်သာမြို့ နယ် အမှတ်(၉)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး၌ စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယ ဦးစီးမှူး ဒေါ်နီလာဦးနှင့် လက်ထောက်ကြီးကြပ်ရေးမှူး ဒေါ်ခိုင်ရွှေတို့က ဟောပြောဆွေးနွေးခဲ့သည်။ ဟောပြောပွဲသို့ အမိုးကြီးဈေးနှင့် အမှတ်(၉)ရပ်ကွက်တို့မှ ဈေးသူ/ဈေးသားများနှင့် စီးပွားရေးလုပ်ငန်းရှင် စုစုပေါင်း ၅၂ ဦး တက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ဟောပြောပွဲများအပြီးတွင် ရွှေပြည်သာမြို့နယ် ဈေးများတာဝန်ခံ ဦးအောင်နိုင်မြင့် ဦးဆောင်သော ဈေးတာဝန်ခံဝန်ထမ်းများနှင့် ပူးပေါင်း၍ ထုတ်ကုန်လုံခြုံ စိတ်ချရသည့်ပစ္စည်းများ ဝယ်ယူရောင်းချနိုင်ရေး ဈေးအတွင်း ကွင်းဆင်းပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

**နီလာဦး (ရန်ကုန်)**

# အင်းတော်မြို့နယ် နန့်စီးအောင်ကျေးရွာအတွင်းရှိ ဈေးဆိုင်များအား ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ နန့်စီးအောင်ကျေးရွာအတွင်းရှိ ဈေးဆိုင်များနှင့် ဆေးဆိုင်များအား FDA ၏ ဦးဆောင်မှုဖြင့် မတ်လ ၁၀ ရက်တွင် FDA မှ ဝန်ထမ်းများ၊ မြို့နယ် ထွေအုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေး ဦးစီးဌာန၊ စည်ပင်သာယာရေး၊ မီးသတ်တပ်ဖွဲ့၊ ဈေးစားသုံးသူအဖွဲ့ငယ်များ၊ ပူးပေါင်း၍ ဈေးဆိုင်ပေါင်း (၁၆) ဆိုင်အား စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် ကုန်စုံဆိုင်များတွင် သက်တမ်းလွန် စားသောက်ကုန်များ၊ FDA မှ တရားဝင်တားမြစ်ထားသော စားသောက်ကုန်များနှင့် ဆေးဆိုင်များတွင် တားမြစ်ဆေးဝါးများ၊ စံမမီဆေးဝါးများ၊ မြန်မာနိုင်ငံမှတ်ပုံတင်အမှတ်အသား မပါရှိသော ဆေးဝါးများ ရောင်းချမှု ရှိ/မရှိ စစ်ဆေးခဲ့ရာ ရက်လွန်စားသောက်ကုန် (၁၅)မျိုး၊ သက်တမ်းလွန်ဆေးဝါးရှစ်မျိုး တွေ့ရှိခဲ့ရပြီး အဆိုပါ စားသောက်ကုန်နှင့် ဆေးဝါးများသည် စားသုံးသူများအား ဘေးအန္တရာယ်ဖြစ်စေနိုင်၍ ဈေးကွက်အတွင်း ဆက်လက် ရောင်းချမှုမပြုရန် သတိပေးတားမြစ်ခဲ့ပြီး အဆိုပါကျေးရွာအတွင်းရှိ လုပ်ငန်းရှင်များ၊ ကုန်စုံဆိုင်များ၊ စိုက်ပျိုးရေးသုံးဆေးဆိုင်များ၊ အလှကုန်ပစ္စည်းအရောင်းဆိုင်နှင့် လူသုံးဆေးဝါးအရောင်းဆိုင် ပိုင်ရှင်များအား စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူကာကွယ်ရေး ဥပဒေပါ အချက်အလက် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

**အေးမွန်သန့် (ကသာ)**

# စားသုံးသူကာကွယ်ရေးဥပဒေ အသိပညာပေးစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြောင်မြို့ပေါ်ရှိလက်လီ/လက္ကားကုန်စုံဆိုင်များအား စားသုံးသူ ရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံနှင့်အတူ မိတ်ဖက်ဌာနများ ပူးပေါင်း၍ မတ်လ၉ ရက်နေ့ နံနက်၁၀ နာရီတွင် ရှောင်တခင် စစ်ဆေးခဲ့သည်။ ထိုသို့အသိပညာပေး စစ်ဆေးခဲ့ရာတွင်စားသုံးသူကာကွယ်ရေးဥပဒေ အခန်း(၁၈)ပါနှင့် မြန်မာနိုင်ငံ စားသုံးသူ ကာကွယ်ရေးကော်မရှင်၏ (၂/ ၂၀၁၉) ညွှန်ကြားချက်အား အသိပညာပေး ရှင်းလင်းပြောကြားပြီး အခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းသည် (၁၆. ၃. ၂၀၂၀) ရက်နေ့မှစတင်၍ အသက်ဝင်မည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။ ကုန်ပစ္စည်း ထုတ်လုပ်တင်သွင်း ဖြန့်ဖြူးရောင်းချသူစီးပွားရေးလုပ်ငန်းရှင်များအား ကုန်စည် များတွင်မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့်အခြားဘာသာတစ်ခု(သို့မဟုတ်) တစ်ခုထက် ပို၍တွဲလျက်ဖြစ်စေ ဖော်ပြရန်နှင့်လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း အသိပညာပေးပြောကြားခဲ့ပြီး ကုန်စည်များကို စစ်ဆေးခဲ့သည်။

**အောင်လင်း (မြောင်)**

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်း. . . မှအဆက်

အစိုးရက အင်္ဂါနေ့တွင် ခန့်မှန်းဖော်ပြခဲ့သည်ကို သိရှိရသည်။ သကြားစက်များသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ တန်ချိန် ၁၉ ဒသမ ၄၈ သန်းအထိ ထုတ်လုပ်ထားပြီးဖြစ်ကြောင်း အိန္ဒိယသကြားစက်လုပ်ငန်းအဖွဲ့ (ISMA) က ထုတ်ပြန်ခဲ့သည်ကို သိရှိရသည်။

အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်နိုင်မှုသည် ၂၀၁၈-၂၀၁၉ ရာသီတွင် တန်ချိန် ၃၃ ဒသမ ၁၃သန်း ရှိခဲ့ရာ ၁၈ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ပြီး ၂၀၁၉-၂၀၂၀ ရာသီတွင် တန်ချိန် ၂၇ ဒသမ ၃ သန်းသာရှိနိုင်မည်ဟုမျှော်မှန်းထားကြောင်း စားနပ်ရိက္ခာနှင့် စားသုံးသူရေးရာဝန်ကြီး Danve Raosaheb Dadarao ကလည်း လွှတ်တော်သို့ စာရေးသား အစီရင်ခံခဲ့သည်ကို သိရှိရသည်။ မဟာရဋ္ဌ၊ ကာနာ တာကာ စသော ကြံအဓိကထုတ်လုပ်ရာ ပြည်နယ်များတွင် အချို့ဒေသများ၌ မိုးခေါင်မှုကြုံခြင်းနှင့် ကျန်ဒေသများတွင် မိုးကြီးရေကြီးမှု ဖြစ်ပေါ်ခြင်းတို့ကြောင့် ကြံထုတ်လုပ်မှု ကျဆင်းနိုင်သဖြင့် သကြားအထွက် လျော့ကျလာခြင်းဖြစ်သော်လည်း ယခင်ရာသီ၏ သကြားလက်ကျန် တန်ချိန် ၁၄ ဒသမ ၅ သန်း ရှိနေခြင်းနှင့် လက်ရှိရာသီ၏ ထုတ်လုပ်မှု တန်ချိန် ၂၇ ဒသမ ၃ သန်းရှိနိုင်ခြင်းကြောင့် သကြားရောင်းလိုအားအတွက် လုံလောက်ပြီး ပြည်တွင်းလိုအပ်ချက် တန်ချိန် ၂၆ သန်းကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းတွင် သကြားရောင်းလိုအား လုံလောက်မည်ဆိုသည့် အမြင်ကြောင့် ပြည်တွင်းသကြားဈေးတည်ငြိမ်မည်ဟု မျှော်လင့်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်ကို သိရှိရသည်။

ISMA ၏ သီးခြားထုတ်ပြန်ချက်တစ်ခု၌ အိန္ဒိယနိုင်ငံသည် သကြားပို့ကုန်စာချုပ် တန်ချိန်သုံးသန်းခွဲ ချုပ်ဆိုထားပြီး ၎င်းအနက် တန်ချိန် ၂ ဒသမ ၂ သန်းမှ တန်ချိန် ၂ ဒသမ ၃ သန်းကို ပြည်ပသို့ တင်ပို့ရန် စက်ရုံများက စီစဉ်ထားပြီးဖြစ်ကြောင်း ဖော်ပြထားသည်ကို သိရှိရပါသည်။ အိန္ဒိယအစိုးရသည် လက်ရှိရာသီအတွင်းသကြားစက်လုပ်ငန်းများအတွက် ပို့ကုန်ကိုတာကို တန်ချိန် ခြောက်သိန်း သတ်မှတ်ပေးထားကြောင်း သိရှိရသည်။

၂၀၂၀ ပြည့်နှစ် မတ်လ ဒုတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန် ဒေါ်လာ ၈၅၂ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၆၈ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၇၃-၄၈၃၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၁၉-၅၂၃ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက တရုတ်၊ ပါကစ္စတန်၊ အိန္ဒိယနှင့် အမေရိကန်နိုင်ငံများ အားလုံးတွင် သကြားဈေးနှုန်း အနည်းငယ် ကျဆင်းနေကြောင်း သိရှိရသည်။

၂၀၂၀ ပြည့်နှစ် မတ်လဒုတိယပတ်အတွင်း မြန်မာ-တရုတ် နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၃၇၈ ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၈၅၂ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၄၇၄ ဒေါ်လာ ဈေးနှုန်းကွာဟချက် ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ်မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၃ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၉ ဝန်းကျင်ခန့် ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး နေပြည်တော်၊ မန္တလေး၊ မုံရွာ၊ ကလေး၊ ပြည်၊ မြိတ်၊ တောင်ကြီးနှင့် မော်လမြိုင်မြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀ နှင့် မကွေး၊ ဘားအံနှင့် ပျဉ်းမနားမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၂၀ ပြည့်နှစ် မတ်လဒုတိယပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ၁၂ ဒသမ ၆၇ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

# ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေး

မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်မြင့်ဦးဆောင်သော အဖွဲ့သည် မတ် ၃ရက်တွင် မလှိုင်မြို့ပေါ်ရှိ ကုန်ပစ္စည်း ထုတ်လုပ်သော လုပ်ငန်းရှင်များ၊ လက်လီလက်ကား ရောင်းချဖြန့်ဖြူးသောလုပ်ငန်းရှင်များနှင့် မြို့မဈေးတွင် လက်လီ၊ လက်ကား ရောင်းချနေသည့် ဈေးဆိုင်များသို့ မိမိတို့ရောင်းချဖြန့်ဖြူးနေသည့် ကုန်စည်များတွင် စားသုံးသူ ကာကွယ်ရေးဥပဒေ၊ အခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့်အခြားဘာသာ တွဲလျက်ဖြစ်စေ ထည့်သွင်း ဖော်ပြလာရေးလုပ်ငန်းရှင်များ ကြိုတင်ပြင်ဆင်နိုင်ရေးနှင့် မိမိတို့ထုတ်လုပ်သည့် ကုန်ပစ္စည်းဖြစ်လျှင် ကုန်စည်အုပ်စုအလိုက် ကုန်အညွှန်းအမှတ်အသား ဖော်ပြရမည့်အသေးစိတ် စိစစ်ချက်နှင့်တကွ ရှင်းလင်းဆွေးနွေးခဲ့ပြီး ကုန်အညွှန်းအမှတ်တံဆိပ်ထည့်သွင်းရမည့် အချက်အလက်များနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးလိုပါက စားသုံးသူရေးရာ ဦးစီးဌာန၊ မိတ္ထီလာခရိုင် ဦးစီးမှူးရုံးသို့ ဆက်သွယ်ဆွေးနွေးနိုင်ကြောင်း ပြောကြားခဲ့သည်။

ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် မိမိတို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ကုန်ပစ္စည်းများတွင် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာ ဖော်ပြနိုင်ရေး လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ကုန်စည်အုပ်စုအလိုက် မြန်မာဘာသာဖြင့် ထည့်သွင်းရမည့် ကုန်အညွှန်းအမှတ်အသား ဖော်ပြနိုင်ရေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ပါသည်။

**သိမ့်သူဇာမောင် (ထီလာ)**





# ကုန်အညွှန်းအမှတ်အသား ဖော်ပြချက်များ ဟောပြောဆွေးနွေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) က ဦးဆောင်ပြီး ကုန်ညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများ သတိပြုမိစေရန် ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် မတ် ၁၂ရက် နံနက်၁၀ နာရီတွင် UMFCCI ၌ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ရာ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချို၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်လွင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သတင်းမီဒီယာများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့သည်။

အဆိုပါ ဟောပြောပွဲ၌ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုက အဖွင့် အမှာစကားပြောကြားရာတွင် စားသုံးသူ ကာကွယ်ရေးဥပဒေအသစ်အရ ကုန်ညွှန်းအမှတ်အသားဖော်ပြခြင်းမှာ မတ် ၁၅ ရက်နောက်ပိုင်းမှစတင် အသက်ဝင်မည်ဖြစ်ကြောင်း၊ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အခြား သိကောင်းစရာများအား ရှင်းလင်းပြောကြားပေးခဲ့သည်။

ထို့နောက် လက်ထောက် ညွှန်ကြားရေးမှူး ဦးထက်ဝင်းအောင်ကလည်း စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များအတိုင်း သိသာထင်ရှားစွာ ဖော်ပြရာတွင် ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များအတိုင်း သိသာထင်ရှားစွာ ဖော်ပြရမည် ဖြစ်ကြောင်း၊ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို ပုဒ်မ (၄) အပိုဒ်ခွဲ (ခ) နှင့် (ဆ) တို့ပါ ကုန်အညွှန်း အမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု (သို့) တစ်ခုထက် ပို၍ တွဲလျက်ဖြစ်စေ ရေးသားဖော်ပြရမည်ဖြစ်ပြီး လိုက်နာခြင်းမရှိပါက ဥပဒေပါအတိုင်း အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း စသည့် ကုန်အညွှန်းအမှတ်အသားနှင့် ပတ်သက်၍ သိကောင်းစရာများကို အသေးစိတ်ရှင်းလင်း ဆွေးနွေးသည်။

**နှင်းနွယ်**

# ဒီးမော့ဆို မြို့မဈေးနှင့် မြို့ပေါ်ရှိ ကုန်စည်ရောင်းချသော ဆိုင်များအားစစ်ဆေး

ကယားပြည်နယ် လွိုင်ကော်ခရိုင် စားသုံးသူရေးရာဦးစီးဌာနက မတ် ၁၁ ရက် နံနက် ၉နာရီတွင် ဒီးမော့ဆိုမြို့ ဒီးမော့ဆိုမြို့မဈေး၌လည်းကောင်း၊ မတ် ၁၂ ရက် နံနက်၉ နာရီတွင် ဒီးမော့ဆိုမြို့ပေါ်ရှိလက်လီ/လက္ကား ဖြန့်ဖြူးရောင်းချနေသော ကုန်စုံဆိုင်များ၊ ဆေးဆိုင်များ၊ အလှကုန်၊ ကလေးကစား စရာပစ္စည်း၊ လျှပ်စစ်ပစ္စည်း အရောင်းဆိုင်များ၌ စားသုံးရန် (သို့) အသုံးပြုရန် မသင့်သော ဘေးအန္တရာယ်ရှိ ကုန်စည်များ ရှိ/မရှိကို သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာရေးအဖွဲ့ဖြင့် ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့သည်။

ထိုသို့ဈေးကွက်စောင့်ကြည့်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် စားသုံးရန် (သို့) အသုံးပြုရန် မသင့်သော ဘေးအန္တရာယ်ရှိ ကုန်စည်များ ရောင်းချခြင်းမရှိကြောင်းတွေ့ရပြီး ကုန်စည်များဖြန့်ဖြူးရောင်းချနေသော လုပ်ငန်းရှင်များအနေဖြင့်လည်း စားသုံးသူများအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော ကုန်ပစ္စည်းများအား ရောင်းချခြင်းမပြုရန်နှင့် စားသုံးသူပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတစ်ဆင့် ပြန်လည်ရောင်းချရာတွင် ၂၀၁၉ စားသုံးသူကာကွယ်ရေး ဥပဒေပါ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ စားသုံး သူကာကွယ်ရေးကော်မရှင်၏ ၂/၂၀၁၉ ညွှန်ကြားချက်အရ ကုန်စည်များတွင် မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့်အခြားဘာသာတစ်ခု (သို့) တစ်ခုထက်ပို၍တွဲလျက်ဖြစ်စေဖော်ပြပေးရမည့် အချက်များအား လုပ်ငန်းရှင်များ သိရှိလိုက်နာဆောင်ရွက်နိုင်ရေး ရှင်းလင်းအသိပေးဆောင်ရွက်ခဲ့သည်။

**မိုင်သီဂီလင်း(စားသုံးသူ၊ ကယား)**

# ကုန်အညွှန်းအမှတ်အသား ဖော်ပြပါရှိရမည့် ဥပဒေပါ ပြဋ္ဌာန်းချက်များ ရှင်းလင်းဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ယင်းမာပင်မြို့နယ် တာဝန်ခံ ဒေါ်သီတာခိုင်နှင့် ခရိုင်ဦးစီးမှူးရုံးမှ ဒေါ်ယဉ်ယဉ်အေးတို့သည် မတ် ၁၁ ရက် နံနက် ၁၁ နာရီတွင် ယင်းမာပင်မြို့နယ် တမာပင်ခွသီးကုန်းကျေးရွာရှိ ကိတ်မုန့်လုပ်ငန်းရှင်များနှင့် ပေပင်စုကျေးရွာရှိ စားသောက်ကုန်ထုတ်လုပ်သော လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ကုန်အညွှန်းအမှတ်အသားတွင် ပါရှိရမည့် အချက်အလက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်တာဝန်ခံနှင့် ဒေါ်ယဉ်ယဉ်အေးတို့က ၂၀၁၉ ခုနှစ် စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် မြန်မာဘာသာနှင့် အခြားဘာသာဖြင့်ဖြစ်စေ တွဲလျက်ဖော်ပြရန်၊ ထုတ်လုပ်သည့် စားသောက်ကုန် အမျိုးအစားအလိုက် ဖော်ပြရမည့် အချက်အလက်များ ပြည့်စုံမှုရှိစေရန်၊ ကုန်အညွှန်းအမှတ်အသားနှင့် စပ်လျဉ်း၍ ထုတ်ကုန်များပေါ်တွင် ဖော်ပြရန်၊ မည်သည့်စီးပွားရေးလုပ်ငန်းရှင်မဆို တာဝန်ခံမှု၊ တာဝန်ယူမှုများ ရှိလာစေရန်အတွက် စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေး လုပ်ငန်းရှင်များ၏ တာဝန်များကိုလည်း အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် စီးပွားရေး လုပ်ငန်းရှင်များကလည်း မိမိတို့ထုတ်ကုန်ပစ္စည်းများတွင် ဖော်ပြရမည့် ကုန်အညွှန်းအမှတ်အသားများအား ယင်းမာပင်ခရိုင် ဦးစီးမှူးရုံးသို့ တင်ပြပေးစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး ဥပဒေအခန်း (၁၈) ပါ ကုန်အညွှန်းအမှတ်များဖော်ပြရမည့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။

**သီတာခိုင်(ယင်းမာပင်)**

# ရန်ကင်းမြို့နယ်အတွင်းရှိ ဆေးဆိုင်များအား ရှောင်တခင်စစ်ဆေး

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်အတွင်းရှိ ဆေးနှင့်ဆေးပစ္စည်း အရောင်းဆိုင်များသို့ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန FDA မှ တာဝန်ရှိသူများနှင့် အရှေ့ပိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့ (CID)၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနတို့မှဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့သည် မတ် ၁၂ ရက်တွင် မြို့နယ်အတွင်းရှိ ဆေးဆိုင်ရှစ်ဆိုင်အား ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းမှာ စားသုံးသူ အများပြည်သူတို့၏ ဆေးဝါးသုံးစွဲခြင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် လုံခြုံစိတ်ချရမှုရရှိစေရေးတို့အတွက် ပြည်ပနိုင်ငံအသီးသီးမှ တင်သွင်းရောင်းချလျက်ရှိသော ဆေးဝါးများ၊ ပြည်တွင်းမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော ဆေးဝါးများ၊ မြန်မာတိုင်းရင်းဆေးဝါးများအနေဖြင့် သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုမိန့်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ မြန်မာနိုင်ငံ ဆေးဝါး မှတ်ပုံတင်ထားခြင်း ရှိ/မရှိ၊ ဆေးဝါး ရောင်းချခွင့်လိုင်စင် ရှိ/မရှိ၊ ၎င်းဆေးဝါးရောင်းချခွင့်လိုင်စင်သက်တမ်း ကုန်ဆုံးမှုရှိ/မရှိ၊ လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ ရောင်းချနေခြင်း ရှိ/မရှိ၊ ဆေးဝါးများစနစ်တကျ ရောင်းချနေမှု ရှိ/မရှိ၊ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ သုံးစွဲရန်မသင့်ဟုအမိန့်ကြော်ငြာစာထုတ်ပြန်၍ သုံးစွဲမိပါက အန္တရာယ်ရှိသည်ဟု သတ်မှတ်ထားသော ဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးများအား လုံးဝမရောင်းချကြရန်နှင့် ဆရာဝန်ညွှန်ကြားချက်ဖြင့်သာ သုံးစွဲရမည့်ဆေးများအား သက်ဆိုင်ရာဆရာဝန်၏ ညွှန်ကြားချက်များပါမှသာ စနစ်တကျရောင်းချပေးကြရန်၊ ကာကွယ်ဆေး အမျိုးမျိုးအား ရောင်းချရာတွင် သတ်မှတ်ချက်များနှင့်အညီ စနစ်တကျထားသို သိမ်းဆည်းရောင်းချပေးကြရန်၊ ဆေးဝါးများ မှားယွင်းစွာသုံးစွဲမှုပြဿနာများ မဖြစ်ပေါ်စေရန်အတွက် သတ်မှတ်ပေးထားသော ထိန်းချုပ်ဆေးဝါး (ဥပမာ-အိပ်ဆေး)များကို ဆရာဝန်၏ ဆေးညွှန်းစာဖြင့်သာ ရောင်းချပေးရမည်ဖြစ်ကြောင်း ပညာပေးပြောကြား၍ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စစ်ဆေးတွေ့ရှိရသော သက်တမ်းလွန်ဆေးဝါးများနှင့် FDA မှ ခွင့်ပြုချက်မရှိသော ဆေးဝါးများအား သိမ်းဆည်းခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**လှိုင်ထွဋ် (ရန်ကုန်)**

# ယူရို ၂၀၂၀ ပြိုင်ပွဲ ရက်ရွှေ့ မရွှေ့ ညှိနှိုင်းနေ




ဇွန် ၁၂ ရက်မှ ဇူလိုင် ၁၂ ရက်အထိ ကျင်းပရန်ရှိနေသည့် ၂၀၂၀ ယူရိုပြိုင်ပွဲ ကျင်းပမည့်ရက် ရွှေ့ဆိုင်း၊ မရွှေ့ဆိုင်းကို တာဝန်ရှိသူများအနေဖြင့် ညှိနှိုင်းဆွေးနွေးနေပြီဖြစ်ကြောင်း သိရသည်။

လတ်တလောကာလတွင် အီတလီစီးရီးအေပွဲစဉ်များ၊ စပိန်လာလီဂါပွဲစဉ်များနှင့်အတူ ချန်ပီယံလိဂ်ပွဲစဉ်များကိုလည်း ရွှေ့ဆိုင်းထားသည်။ ထို့ပြင် အင်္ဂလန် ပရီးမီးယားလိဂ်တွင်လည်း နည်းပြနှင့် ကစားသမားအချို့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရခြင်းကြောင့် ပရီးမီးယားလိဂ်ပွဲစဉ်များကို ဧပြီ ၃ ရက်အထိ ရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်း မတ် ၁၃ ရက်တွင် အက်ဖ်အေက ကြေညာချက်ထုတ်ပြန်လိုက်သည်။

၂၀၂၀ ယူရိုပြိုင်ပွဲကို နိုင်ငံတစ်နိုင်ငံထဲတွင် ကျင်းပမည်မဟုတ်ဘဲ အင်္ဂလန်၊ ဂျာမနီ၊ အီတလီ၊ အဇာဘိုင်ဂျန်၊ ရုရှား၊ ဟန်ဂေရီ၊ ရိုမေးနီးယား၊ နယ်သာလန်၊ စပိန်၊ စကော့တလန်၊ အိုင်ယာလန်နှင့် ဒိန်းမတ် စသည့် နိုင်ငံပေါင်း ၁၂ နိုင်ငံတွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါနိုင်ငံများအားလုံးသည်လည်း လက်ရှိအချိန်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ ဖြစ်ပွားလျက်ရှိနေသည်။

ထို့ကြောင့် ၂၀၂၀ ယူရိုပြိုင်ပွဲ ကျင်းပမည့် အခြေအနေနှင့်ပတ်သက်ပြီး တာဝန်ရှိသူများ အရေးပေါ် ဆွေးနွေးတိုင်ပင်နေပြီဖြစ်ကြောင်း သိရသည်။ အကယ်၍ ယူရိုပြိုင်ပွဲကို ရက်ရွှေ့ဆိုင်းမည်ဆိုပါက တစ်နှစ်တိတိ နောက်ဆုတ်ရမည်ဖြစ်ကြောင်း သိရသည်။

## လာမည့်ရာသီတွင် ပေါ့ဂ်ဘာကို ရောင်းထုတ်သွားမည်ဟု ဆိုးလ်ရှား အတည်ပြုပြောဆို



လာမည့်ရာသီတွင် အသင်း၏ ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို ရောင်းထုတ်သွားမည်ဖြစ်ကြောင်း မန်ယူအသင်းနည်းပြ ဆိုးလ်ရှားက ထုတ်ဖော်ပြောဆိုလိုက်သည်။

ပေါ့ဂ်ဘာသည် ယခုနှစ်ရာသီတွင် ဒဏ်ရာပြဿနာ မကြာခဏ ကြုံတွေ့နေရသလို အသင်းမှ ထွက်ခွာခွင့်ရရှိရန်လည်း မကြာခဏ တောင်းဆိုခဲ့သူဖြစ်သည်။ သို့သော် နည်းပြ ဆိုးလ်ရှားက ပေါ့ဂ်ဘာကို အသင်းမှ ထွက်ခွာခွင့်မပြုဘဲ ဆက်လက်ထိန်းထားနိုင်ရန် အစဉ်အမြဲ ကြိုးပမ်းမှုများ ရှိခဲ့သည်။

ပေါ့ဂ်ဘာကို အသင်းဟောင်း ဂျူဗင်တပ်အသင်းက ပြန်ခေါ်ယူရန် ကမ်းလှမ်းခဲ့သလို ရီးရဲလ်မက်ဒရစ်အသင်းကလည်း ကမ်းလှမ်းမှုတစ်ရပ် ပြုလုပ်ခဲ့သေးသည်။

'ပေါ့ဂ်ဘာကို လာမယ့်ရာသီမှာ အသင်းက ထွက်ခွာခွင့်ပြုဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါပြီ။ သူ့အနေနဲ့ အသင်းမှာ ပျော်ရွှင်မှုမရှိတာကို ကောင်းကောင်းကြီး သိလိုက်ရပါပြီ။ အခုဆိုရင် ဖာနန်ဒက်စ်ကလည်း အသင်းအတွက် အရေးပါတဲ့ ကစားသမားတစ်ဦးဖြစ်နေပါပြီ။ ဖာနန်ဒက်စ်ကို ဝယ်ယူကတည်းက ပေါ့ဂ်ဘာနေရာကို အစားထိုးဖြည့်ဆည်းနိုင်ဖို့အတွက် ရည်ရွယ်ခဲ့တာပါ။ အခုဆိုရင် ဖာနန်ဒက်စ်ဟာအသင်းနဲ့ တော်တော်အဆင်ပြေနေပါပြီ။ သူ့လိုကစားသမားကို ရလိုက်တာ ကျွန်တော်တို့အတွက် ကြီးမားတဲ့ ဆုလာဘ်တစ်ခုပါ။ ပေါ့ဂ်ရဲ့ အနာဂတ်ကတော့ သူ့ကြမ္မာသူ ဖန်တီးပါလိမ့်မယ်'ဟု မန်ယူအသင်းနည်းပြ ဆိုးလ်ရှားက ပြောဆိုခဲ့သည်။ ပေါ့ဂ်ဘာကို ခေါ်ယူရန် ဂျူဗင်တပ်၊ ရီးရဲလ်မက်ဒရစ်၊ ပီအက်စ်ဂျီ စသည့်အသင်းများက ကမ်းလှမ်းမှုများ ရှိနေသော်လည်း ၎င်းကစားသမားအနေဖြင့် မည်သည့်အသင်းကို ရွေးချယ်ရမည်ကို မသိသေးကြောင်းနှင့် အနာဂတ်အတွက် ရေရာသည့်ဆုံးဖြတ်ချက်များ မချမှတ်ရသေးကြောင်း သိရသည်။

## စပိန်လာလီဂါနှင့် ပရီးမီးယားလိဂ်ပွဲစဉ်များ ရွှေ့ဆိုင်း



ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါကြောင့် စပိန်လာလီဂါပွဲစဉ်များကို နှစ်ပတ် ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ ဖြစ်ပွားမှုမှာ အီတလီနိုင်ငံတွင် ပြင်းထန်ဆိုးရွားနေခြင်းကြောင့် အီတလီစီးရီးအေပွဲစဉ်များကို ပြီးခဲ့သည့် ရက်သတ္တပတ်ကပင် ရွှေ့ဆိုင်းလိုက်ခြင်းဖြစ်သည်။ ထို့ပြင် အီတလီတွင် စီးရီးအေကစားသမားများတွင်လည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါပိုး တွေ့ရှိနေခြင်းနှင့်အတူ ကစားသမားအများစုမှာ စောင့်ကြည့်လူနာအဖြစ် ရှိလာခဲ့ခြင်းဖြစ်သည်။

စပိန်လာလီဂါ ကစားသမားများတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ တွေ့ရှိရခြင်း မရှိသေးသော်လည်း လာလီဂါပွဲစဉ်များကိုမူ နှစ်ပတ်တာ ရပ်နားလိုက်ခြင်းဖြစ်သည်။ ထို့ပြင် စပိန်ကိုပါဒယ်ရေးပွဲစဉ်ကိုလည်း ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

လတ်တလောကာလတွင် စပိန်လာလီဂါပွဲစဉ်များကို နှစ်ပတ်တာ ရပ်နားသည်ဟု ကြေညာချက် ထုတ်ပြန်လိုက်သော်လည်း နှစ်ပတ်ထက်ပိုပြီး ရပ်နားသင့်ကလည်း ရပ်နားသွားမည်ဖြစ်ကြောင်း နောက်ဆက်တွဲ သတင်းတစ်ရပ် ထုတ်ပြန်ထားသည်။

ထို့ပြင် မန်စီးတီးအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့၏ ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ်နှင့် ဘာစီလိုနာအသင်းနှင့် နာပိုလီအသင်းတို့ ယှဉ်ပြိုင်ကစားရမည့် ချန်ပီယံလိဂ် ဒုတိယအကျော့ ပွဲစဉ်များကိုလည်း ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

အလားတူ အင်္ဂလန်ပရီးမီးယားလိဂ်ပွဲစဉ်များကိုလည်း ဧပြီ ၃ ရက်အထိ ရွှေ့ဆိုင်းလိုက်ကြောင်း မတ် ၁၃ ရက်တွင် ကြေညာလိုက်သည်။

ဟန်နေသစ် စုစည်းသည်



## ချယ်လ်ဆီးတိုက်စစ်မှူး အိုဒွိုင်းနှင့် အာဆင်နယ်နည်းပြ အာတီတာတို့တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ တွေ့ရှိ

ချယ်လ်ဆီးအသင်း တိုက်စစ်မှူး အိုဒွိုင်းတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိရကြောင်း မတ် ၁၃ ရက်က တရားဝင် ထုတ်ပြန်လိုက်သည်။ တရုတ်နိုင်ငံက စတင်ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါမှာ လက်ရှိအချိန်တွင် (မတ် ၁၃ ရက်အထိ) ကမ္ဘာ့နိုင်ငံပေါင်း ၁၃၀ ကျော်သို့ ကူးစက်ပျံ့နှံ့လျက်ရှိနေပြီဖြစ်သည်။ ထိုကဲ့သို့ အခြေအနေများကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ကမ္ဘာ့ကပ်ရောဂါအဖြစ် တရားဝင်ကြေညာထားပြီးလည်းဖြစ်သည်။

အင်္ဂလန်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ ကူးစက်မှုမှာ လူပေါင်း ၆၀၀ ကျော်အထိ ကူးစက်ထားပြီဖြစ်ရာ ယင်းအထဲတွင် အင်္ဂလန်ပရီးမီးယားလိဂ်ဘောလုံးကစားသမားများလည်း ပါဝင်လာခဲ့ကြောင်း သိရသည်။

အိုဒွိုင်းသည် ရောဂါကူးစက်ခံထားရခြင်းကြောင့် ကျန်ချယ်လ်ဆီးအသင်းသားများလည်း စောင့်ကြည့်လူနာစာရင်းတွင် ထည့်သွင်းခံရရန် ရာနှုန်းများနေကြောင်း သိရသည်။ ထိုကဲ့သို့ဖြစ်လာပါက ချယ်လ်ဆီးအသင်း ယှဉ်ပြိုင်ကစားရမည့် ပရီးမီးယားလိဂ်ပွဲစဉ်များအပြင် ဘိုင်ယန်မြူးနစ်အသင်းနှင့် ကစားရမည့် ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ်၊ လက်စတာအသင်းနှင့် ကစားရမည့် အက်ဖ်အေဖလားပွဲစဉ်များကိုလည်း ရွှေ့ဆိုင်းလိုက်ရကြောင်း သိရသည်။

အသက်(၁၇)ရှိ ချယ်လ်ဆီးအသင်း၏ လူငယ်တောင်ပံ တိုက်စစ်ကစားသမား အိုဒွိုင်းသည် ယခုနှစ်ရာသီတွင် ဒဏ်ရာပြဿနာ ကြုံတွေ့နေရခြင်းကြောင့် အသင်းအတွက် တစ်ပွဲသာ ပွဲထွက်ကစားခွင့် ရရှိထားသေးသည်။

အခြားတစ်ဖက်တွင် အာဆင်နယ်အသင်းနည်းပြ အာတီတာတွင်လည်း ကိုရိုနာဗိုင်းရပ်စ်ရောဂါ တွေ့ရှိရကြောင်း သိရသည်။ ထို့ကြောင့် အာဆင်နယ်အသင်း ကစားရန်ရှိနေသည့် မန်စီးတီးအသင်းနှင့်ပွဲစဉ်ကို ရွှေ့ဆိုင်းခဲ့သလို ဘရိုက်တန်၊ ဆောက်သမ်တန်အသင်းတို့နှင့် ကစားရမည့် ပွဲစဉ်များကိုလည်း ထပ်မံရွှေ့ဆိုင်းလိုက်သည်။

# ကိုရိုနာကူးစက်ရောဂါကြောင့် တရုတ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်နစ်နာခဲ့မှုအခြေအနေများ တရုတ်အစိုးရ၏ ကူညီထောက်ပံ့ပေးသော မူဝါဒများနှင့် လက်ရှိအခြေအနေအပေါ် သုံးသပ်တင်ပြချက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယမြောက် အကြီးဆုံး စီးပွားရေးအင်အားရှိသည့်နိုင်ငံဖြစ်ပြီး ကုန်သွယ်ရေးတွင် ဦးဆောင်နေသောနိုင်ငံလည်း ဖြစ်သည်။ တရုတ်နိုင်ငံသည် ၂၀၀၃ ခုနှစ်အတွင်း SARS ဖြစ်ပွားပြီးခဲ့သည့်နောက်ပိုင်း၌ ကမ္ဘာ့စီးပွားရေးလုပ်ငန်းများ၏ မရှိမဖြစ်အစိတ်အပိုင်းဖြစ်လာခဲ့ပြီး ရေနံနှင့် ကြေးနီကဲ့သို့သော ကုန်ပစ္စည်းများ၏ဝယ်လိုအားကို တွန်းအားပေးနေသည့်နိုင်ငံလည်းဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံမှ ငွေကြေးတတ်နိုင်သူများပြားလာသောကြောင့် ဇိမ်ခံပစ္စည်းများနှင့် မော်တော်ယာဉ်များကို ဝယ်ယူသုံးစွဲလာခြင်း၊ ခရီးသွားလာမှုများလည်း များပြားလာခြင်း တို့ကြောင့် ၂၀၀၃ ခုနှစ်အတွင်းက ကမ္ဘာ့ GDPတွင် ၄ ရာခိုင်နှုန်းဝန်းကျင်ခန့်သာပါဝင်ခဲ့ရာမှ ယခုအခါ ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှုတွင် ၁၆ ရာခိုင်နှုန်းခန့် ပါဝင်လာနေသော နိုင်ငံလည်းဖြစ်သည်။ အမေရိကန်နှင့် ကုန်သွယ်ရေးတင်းမာမှုဖြစ်ခဲ့သော တရုတ်နိုင်ငံသည် ကနဦးကုန်သွယ်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီး များမကြာမီမှာပင် ကိုရိုနာရောဂါပိုး ကူးစက်ပျံ့နှံ့ခြင်းကြောင့် စိန်ခေါ်မှုအခြေအနေသစ်ကို ထပ်မံရင်ဆိုင်လာရခြင်း ဖြစ်ပါသည်။

## တရုတ်နိုင်ငံအပေါ်သို့တိုက်ရိုက်သက်ရောက်မှု

ကိုရိုနာကူးစက်ရောဂါဖြစ်ပွားမှုကြောင့် တရုတ်၏ အောက်ဖော်ပြပါ အဓိက ကဏ္ဍကြီး သုံးရပ်၌ တိုက်ရိုက်ထိခိုက်နစ်နာမှုများ ဖြစ်ခဲ့ရပါသည် -

(က) ဝန်ဆောင်မှုကဏ္ဍ (ခရီးသွားလုပ်ငန်း၊ အစားအသောက်ပြင်ဆင်သည့် လုပ်ငန်း၊ ဖျော်ဖြေရေးလုပ်ငန်းနှင့်ထောက်ပို့သယ်ယူပို့ဆောင်ရေးလုပ်ငန်းများရှိ အသေးစားနှင့် အလတ်စား လုပ်ငန်းများ)

(ခ) စက်မှုကုန်ထုတ်ကဏ္ဍ (လက်ကိုင်ဖုန်း၊ မော်တော်ယာဉ်နှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်သော လုပ်ငန်းများ)

(ဂ) ကုန်သွယ်ရေးကဏ္ဍ (လေကြောင်းလိုင်းများ၊ သင်္ဘောလိုင်းများ လျှော့ချခြင်းနှင့် အချို့နိုင်ငံများက တရုတ်နှင့် နယ်စပ်ဒေသများကို ပိတ်လိုက်ခြင်းကြောင့်)

တရုတ်နိုင်ငံတွင် အိမ်ထောင်စုဝင်ငွေများ လျင်မြန်စွာတိုးတက်လာမှုကြောင့် တရုတ်ခရီးသွားများက နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်လည်ပတ်လာကြရာ ၂၀၀၃ ခုနှစ်တွင် ခရီးသွားသူ လူဦးရေ သန်း ၂၀ ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ခရီးသွားသူ လူဦးရေ သန်း ၁၅၀ ရှိလာခဲ့သည်။ တရုတ်ခရီးသွားများကို ဝန်ဆောင်မှုပေးသည့် ခရီးသွားကဏ္ဍမှာ ၂၀၀၃ ခုနှစ်က တရုတ် GDP၏ ၂ ရာခိုင်နှုန်းသာ ပါဝင်သော်လည်း၊ ယခုအခါ ၅ရာခိုင်နှုန်းခန့် ပါဝင်လာသည်။ ကိုရိုနာရောဂါပိုးပျံ့နှံ့မှုကြောင့် တရုတ်အစိုးရက ၎င်း၏ နိုင်ငံသားများအား ပြည်တွင်းပြည်ပအုပ်စုလိုက်ခရီး သွားမှုများကို တားမြစ်လိုက်သဖြင့် ခရီးသွားကဏ္ဍတွင် ကြိုတင်ဝယ်ယူထားသောလက်မှတ်များ၊ ဟိုတယ်အခန်းရယူထားမှုများကို ငွေပြန်အမ်းခဲ့ရသည်။ ပြန်အမ်းငွေများကို အပြည့်ပြန်အမ်းမှုများပင် ရှိခဲ့ပါသည်။ တရုတ်နိုင်ငံ၏ ထိပ်တန်းအွန်လိုင်း ခရီးသွားလက်မှတ်ကြိုတင် ဝယ်ယူနိုင်သော Trip.com မှ အမေရိကန် ဒေါ်လာသန်း ၂၀၀ တန်ဖိုးရှိ ဘေးအန္တရာယ် လျော့ပါးသက်သာရေးရန်ပုံငွေကို ထူထောင်ခဲ့ရပါသည်။ တစ်နည်းအားဖြင့် ကိုရိုနာကပ်ရောဂါဖြစ်ပွားမှုကြောင့် ခရီးသွား လုပ်ငန်းမှာ အစောဆုံး ထိခိုက်နစ်နာခဲ့ရသော လုပ်ငန်းဖြစ်သည်။

ထို့နောက် တရုတ်နှစ်သစ်ကူးပိတ်ရက်များပြီးနောက် ကိုရိုနာကူးစက်ရောဂါကြောင့် စက်ရုံများပြန်လည်လည်ပတ်နိုင်ခြင်း မရှိခဲ့သဖြင့် စက်မှုကုန်ထုတ်လုပ်မှုကိုပါ ထိခိုက်လာခဲ့ပြီး၊ ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများပါ ရပ်တန့်ထားခဲ့ရသဖြင့် ကုန်သွယ်ရေးလုပ်ငန်းများလည်း ကျဆင်းခဲ့ရသည်။ တရုတ်နိုင်ငံ၊ အာရှနိုင်ငံများအပါအဝင် ကမ္ဘာတစ်ဝန်းရှိ ကုန်စည်ပြပွဲများ၊ အစည်းအဝေးများနှင့် အားကစားပွဲ အများအပြားကိုလည်း ဖျက်သိမ်းခြင်း သို့မဟုတ် ရက်ရွှေ့ဆိုင်းခြင်းများ ပြုလုပ်ထားရသည်။

S&P ကမ္ဘာလုံးဆိုင်ရာအကဲဖြတ်ချက်အရ ကပ်ရောဂါဖြစ်ပွားမှုက တရုတ်နိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်သောကုမ္ပဏီများ၏ ပထမလေးလပတ်အတွင်း ထုတ်လုပ်မှုကို ၁၅ ရာခိုင်နှုန်းခန့် လျော့ကျစေလိမ့်မည်ဟု ခန့်မှန်းထားသည်။ အိမ်တွင်နေစဉ်ရောခရီးသွားစဉ်ကာလ၌ပါ ဇိမ်ခံပစ္စည်းများ ဝယ်ယူလေ့ရှိသည့် တရုတ်စားသုံးသူများအပေါ်တွင် မှီခိုနေသော ဇိမ်ခံပစ္စည်းထုတ်လုပ်သူများတွင်လည်း များစွာထိခိုက်နစ်နာစေလျက်ရှိသည်။

ဗြိတိသျှတံဆိပ်ဖြစ်သည့် Burberry (BBRYF) က တရုတ်နိုင်ငံတဝန်းတွင် ဆိုင်ပေါင်း ၆၄ ဆိုင် ဖွင့်လှစ်ထားရာမှ ၂၄ ဆိုင်ကို ပိတ်ထားခဲ့ရသည်။ ထို့ပြင် smartphone ဝယ်လိုအားပေါ်တွင်လည်း သိသာစွာ ထိခိုက်နိုင်သည်ဟု ကမ္ဘာပေါ်တွင် smartphone chip အများဆုံးထုတ်လုပ်သော Qualcomm (QCOM)က သတိပေးထားသည်။

သို့ရာတွင် တစ်ဖက်၌ အီလက်ထရောနစ်စနစ်ဖြင့် ကုန်သွယ်ရောင်းဝယ်ရေး၊ အွန်လိုင်းပေါ်မှ ဖျော်ဖြေရေးနှင့် ဂိမ်းကစားနိုင်သည့် လုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများမှာ အကျိုးဖြစ်ထွန်းခဲ့သည်။

## ကမ္ဘာ့ကုန်ထုတ်လုပ်မှုကွင်းဆက်အပေါ် သက်ရောက်မှုများ

တရုတ်နိုင်ငံရှိ စက်ရုံများမှာ ဇန်နဝါရီလ နောက်ဆုံးပတ်ဝန်းကျင်မှ ဖေဖော်ဝါရီလ နှောင်းပိုင်းခန့်အထိ ပြန်လည်လည်ပတ်နိုင်ခြင်း မရှိခဲ့သောကြောင့် ကမ္ဘာတစ်ဝှမ်းမှ လုပ်ငန်းများထံသို့ ကုန်ပစ္စည်းများနှင့် အစိတ်အပိုင်းများ တင်ပို့နိုင်ခဲ့ခြင်းမရှိသဖြင့် ထိခိုက်နစ်နာမှုများ ရှိခဲ့ပါသည်။ တစ်နည်းအားဖြင့် ကုမ္ပဏီအများအပြားနှင့် နိုင်ငံအများအပြားတို့မှာ တရုတ် နိုင်ငံ၏ စီးပွားရေး တောင့်တင်းခိုင်မာမှုအပေါ် အားထားနေကြသောကြောင့် တရုတ်နိုင်ငံရှိစက်ရုံများ လည်ပတ်နိုင်ခြင်းမရှိခဲ့သောကြောင့် ကုန်စည်ထောက်ပံ့မှု ကွင်းဆက်အနှောင့်အယှက်များဖြစ်ကာ စီးပွားရေးလုပ်ငန်းများမှာ ဝင်ငွေဆုံးရှုံးကြရသည်။ Apple ၏ တရုတ်နိုင်ငံဘက်မှ မိတ်ဆက်ထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သော Foxconnတွင် ထုတ်လုပ်မှု နှောင့်နှေးမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ထို့ပြင် နစ်ဆန်းနှင့် ဟွန်ဒိုင်းအပါအဝင် မော်တော်ယာဉ်ထုတ်လုပ်သော စက်ရုံများမှာလည်း တရုတ်ဘက်မှ အစိတ်အပိုင်းများရရှိခြင်း မရှိခဲ့သောကြောင့် စက်ရုံများကို ယာယီပိတ်သိမ်းခဲ့ရသည်။ ဆေးဝါးဆိုင်ရာ ပစ္စည်းများကို ထုတ်လုပ်သော လုပ်ငန်းများတွင်လည်း ထုတ်လုပ်မှုအဟန့်အတားများနှင့် ရင်ဆိုင်နေရသည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အကြီးဆုံးရေနံတင်သွင်းသည့်နိုင်ငံဖြစ်သည်။ ယခုနှစ်အစပိုင်းတွင် ကိုရိုနာကူးစက်ရောဂါကြောင့် စက်မှုကုန်ထုတ်လုပ်မှုကိုပါ ထိခိုက်လာခဲ့သဖြင့် ဆယ်စုနှစ်အတွင်း ကမ္ဘာ့ရေနံဝယ်လိုအား ပထမဆုံးအကြိမ် ကျဆင်းခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ပထမလေးလအတွင်း ရေနံစည်ပေါင်း ၄၃၅၀၀၀ ဝယ်လိုအား ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း International Energy Agency (IEA)က ထုတ်ဖော်ပြောကြား ထားသည်။ ထို့ပြင် လေကြောင်းဖြင့် ခရီးသွားလာမှုများလည်း ကျဆင်းသွားသောကြောင့် လေကြောင်းလိုင်းများတွင် အမေရိကန် ဒေါ်လာ ၁၁၃ ဘီလီယံခန့် ထိခိုက် နစ်နာနိုင်သည်ဟု International Air Transport Association (IATA)က ခန့်မှန်းထားသည်။

## ကပ်ရောဂါအား တန်ပြန်သည့် တရုတ်နိုင်ငံ၏ စီမံဆောင်ရွက်မှုများ

ယခုကိုရိုနာကူးစက်ကပ်ရောဂါဖြစ်ပွားမှုကို သုံးသပ်ကြသည့်အခါ ပထမ သုံးလအတွင်း၌သာ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း နှောင့်နှေး၍ တစ်နှစ်ပတ်လုံး၏ ဖွံ့ဖြိုးမှုကို ထိခိုက်ခြင်း မရှိသော 'စီမံခန့်ခွဲနိုင်သော သက်ရောက်မှု (manageable impact)'နှင့် ကပ်ရောဂါမှာ မည်ရွေ့မည်မျှ ကြာမြင့်မည်ဟူသည့်အပေါ် မူတည်ပြီး အနာဂတ်စီးပွားရေးလမ်းကြောင်းကို ကြိုတင်မှန်းဆနိုင်ခြင်း မရှိသော 'မသေချာမရေရာသည့် သက်ရောက်မှု (uncertain impact)'ဟူ၍ နှစ်ပိုင်းရှိသည်။

တရုတ်အစိုးရသည် ၂၀၀၃ ခုနှစ်က ဖြစ်ပွားခဲ့သည့် SARS ရောဂါ၊ ၂၀၀၉ ခုနှစ်က ဖြစ်ပွားခဲ့သည့် $H_1N_1$ ဝက်တုပ်ကွေးရောဂါနှင့် H7N9 ကြက်ငှက်တုပ်ကွေးရောဂါ၊ ၂၀၀၈ ခုနှစ်က ကြုံတွေ့ခဲ့သော Wenchuan မြေငလျင်ဘေးစသည်တို့၏ စီးပွားရေးအပေါ် ရေတိုသက်ရောက်မှုကြီးများကို ကောင်းစွာကိုင်တွယ်နိုင်ခဲ့ပြီး ၂၀၀၉ ခုနှစ်က ကြုံတွေ့ခဲ့သည့် ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းကိုပင် စီးပွားရေးစေ့ဆော်သည့် စီမံမှုများဖြင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက် တည်ငြိမ်စွာကိုင်တွယ်နိုင်ခဲ့သည်။ ထို့ကြောင့် ယခုအကြိမ်တွင်လည်း ကပ်ရောဂါကြောင့် စီးပွားရေးနှင့် လူမှုရေးအပေါ် ထိခိုက် နစ်နာမှုများကို ကောင်းမွန်စွာ ကိုင်တွယ်နိုင်မည်ဟု တရုတ်သမ္မတက ကနဦးကပင် ထုတ်ဖော်ပြောကြားခဲ့သည်။

တရုတ်အစိုးရက ကပ်ရောဂါကို တားဆီးရန်နှင့် ၎င်းနိုင်ငံ၏ စီးပွားရေးကျဆင်းမှုကို ကိုင်တွယ်ရန် အောက်ဖော်ပြပါစီမံဆောင်ရွက်မှုများကို လျင်မြန်စွာ လိုက်ပါဆောင်ရွက်ခဲ့ပါသည် -

### (က) ရောဂါကာကွယ်တားဆီးရေးစီမံဆောင်ရွက်မှုများ

(က) ကပ်ရောဂါကိုတိုက်ဖျက်ရာတွင် ဆေးဝါးအသုံးအဆောင်များနှင့် စမ်းသပ်သည့် ပစ္စည်းများ ဝယ်ယူရန် ပြည်နယ်အစိုးရများအတွက် လိုအပ်သော ကူညီမှုများပေးခြင်း၊

(ခ) ရောဂါကူးစက်သူများအား ကုသရန်ဆေးရုံအသစ်များ တည်ဆောက်ပေးခြင်း၊

(ဂ) ရောဂါကူးစက်ခြင်းခံရသော လူနာများအနေဖြင့် ၎င်းတို့၏ ကျန်းမာရေး အာမခံ သို့မဟုတ် ဆေးဝါးအထောက်အပံ့ဖြင့် ကျခံခြင်းမရှိသည့် ဆေးဝါးကုသသည့်စရိတ်များအတွက် ဗဟိုနှင့် ပြည်နယ်အစိုးရများထံမှ ကူညီ ထောက်ပံ့မှုများကို ရရှိခြင်း၊

(ဃ) ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးတွင် ပါဝင်ကြသော ဆေးဘက် ဆိုင်ရာလုပ်သားများနှင့် အခြားလူပုဂ္ဂိုလ်များကိုလည်း ထောက်ပံ့ ကူညီပေးခြင်း၊ တာဝန်ထမ်းဆောင်နေစဉ် ရောဂါပိုးကူးစက်ခြင်းခံရပါက လျော်ကြေးပေးခြင်း၊

(င) People's Bank of China (PBOC)၏ နန်နင်းဘဏ်ခွဲက ကိုရိုနာ ရောဂါပိုးကူးစက်ခံထားရသော သို့မဟုတ် သံသယရှိသော လူနာများ၊ သီးခြားထား၍ စောင့်ကြည့်နေသူများနှင့် ရောဂါကာကွယ် ကုသရေးတွင် ပါဝင်ဆောင်ရွက်နေသူများ၏ ကြွေးမြီများ ပြန်လည် ပေးဆပ်ရန် နေ့စွဲကို နောက်ဆုတ်ပေးခြင်းနှင့် ကြွေးမြီပြန်မဆပ်ဟု မှတ်တမ်း ရှိမှုပေါင်း ၂၀၁၀ ကို ပယ်ဖျက်ပေးခဲ့ခြင်း၊

(စ) ငွေစက္ကူအသစ်များ ဖြန့်ဝေပေးခြင်းနှင့် ရောဂါဖြစ်ပွားရာဒေသများအတွင်းနှင့် ပြည်နယ်တစ်ခုမှ တစ်ခုသို့ ငွေစက္ကူများ ရွှေ့ပြောင်းသယ်ဆောင်မှုအား ခေတ္တဆိုင်းငံ့ခြင်း၊

(ဆ) ပြည်တွင်းဈေးကွက်ဈေးနှုန်းများအပေါ် စောင့်ကြည့်ကြပ်မတ်ခြင်းကို ဆောင်ရွက်ခြင်း၊ တရုတ်နိုင်ငံ၌ နိုဗယ်ကိုရိုနာကူးစက်ရောဂါ ပျံ့နှံ့ဖြစ်ပွားနေမှုအား တိုက်ဖျက်နေချိန်အတွင်း ဈေးကွက်စနစ်တကျလည်ပတ်စေရန်နှင့် ဈေးကွက်ချိုးဖောက်ပျက်ယွင်းမှုများ မရှိစေရန် ကြပ်မတ်ခြင်း၊

(ဇ) ရောဂါထိန်းချုပ်ကာကွယ်ရေးအတွက် ပစ္စည်းများကို ထုတ်လုပ်သူများအား ပိုမိုနည်းပါးသောအတိုးနှုန်းဖြင့် ချေးငွေများထုတ်ပေးခြင်း၊

(ဈ) ဆေးဝါးဆိုင်ရာ ရင်းမြစ်များ လိုအပ်ချက်ကို ဖြေရှင်းရန်၊ ၎င်းပစ္စည်းများ ထုတ်လုပ်မှုကို ပြန်လည်စတင်ရန်နှင့် ထုတ်လုပ်မှုတိုးချဲ့ရန် လုပ်ငန်းများကို အားပေးလျက်ရှိပြီး လိုအပ်သော လုပ်သား၊ ကိရိယာ တန်ဆာပလာ၊ ရန်ပုံငွေနှင့် ရင်းမြစ်များကို အစိုးရဘက်မှ ပံ့ပိုးပေးခြင်း၊

(ည) နေ့စဉ် စားသောက်ကုန်နှင့် လူသုံးကုန်များကို လုံလောက်စွာ ထောက်ပံ့နိုင်ရန် ဒေသအာဏာပိုင်များက မျိုးစေ့၊ ဓာတ်မြေသြဇာနှင့် တိရိစ္ဆာန် အစာများစသည့် အဓိက

**စာမျက်နှာ (၃၂)သို့**

စာမျက်နှာ (၃၁) ကိုရိုနာကူးစက်ရောဂါကြောင့် တရုတ်နိုင်ငံ၏စီးပွားရေးလုပ်ငန်းများအပေါ်ထိခိုက်နစ်နာခဲ့မှုအခြေအနေများ......မှ အဆက်

စိုက်ပျိုးရေးသုံးပစ္စည်းများကို လုံလောက်စွာ ထောက်ပံ့ပေးခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာကုန်စည် ထုတ်လုပ်မှု အခြေခံ=အုတ်မြစ်ကို ခိုင်မာစွာဆောင်ရွက်ခြင်း၊

## (ခ) စီးပွားရေးလုပ်ငန်းများအတွက်စီမံဆောင်ရွက်မှုများ

(က) ဖေဖော်ဝါရီလမှစ၍ တရုတ်ဗဟိုဘဏ်က အတိုးနှုန်းများကို လျှော့ချ ခြင်းနှင့် မတည်ငွေရင်းနှင့် အစုရှယ်ယာဈေးကွက်တည်ငြိမ်စေရန် ဆောင်ရွက်ပေးခြင်းမှတစ်ဆင့် ငွေကြေးပေါ် လွယ်မှုတိုးတက်စေခဲ့ခြင်း၊

(ခ) ဖေဖော်ဝါရီ ၁၁ရက်တွင် ယခုနှစ်အတွက် ပြည်နယ်အစိုးရငွေချေးစာချုပ် ကိုတာအသစ်ကို ယွမ်ငွေ ၁ ဒသမ ၈၄၈ ထရီလီယံ အမေရိကန် ဒေါ်လာ ၂၆၄ ဒသမ ၉ ဘီလီယံဖိုး ခွဲဝေပေးခဲ့ခြင်း၊

(ဂ) အလုပ်အကိုင်၊ ဘဏ္ဍာရေး၊ နိုင်ငံခြားကုန်သွယ်ရေး၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့် ဈေးကွက် မျှော်မှန်းချက်များဟူသည့် အဓိကနယ်ပယ်ခြောက်ရပ်၌ တည်ငြိမ်စေရေးအတွက် ပူးပေါင်း ဆောင်ရွက်ရေး ယန္တရားကို ပြင်ဆင်ရေးဆွဲခြင်း၊

(ဃ) ရောင်းချနိုင်ခြင်းမရှိသည့် ကုန်ပစ္စည်းများနှင့် လူသိများသည့် Jingdong Group နှင့် Taobao ကဲ့သို့သော e-commerce လုပ်ငန်းများအကြား လှုပ်ရှားမှုများကို စတင်ချိတ် ဆက်ပေးခြင်း၊ လယ်ယာစိုက်ပျိုးရေးအား ပံ့ပိုးပေးရေးအတွက် Taobao Caring Channel၏ အကျိုးကျေးဇူးကို ဆုပ်ကိုင်ရယူလျက် ရောင်းချသည့်လမ်းကြောင်းကို တိုးချဲ့ပေးခြင်း၊

(င) ကွမ်ရှီးတွင် ကပ်ရောဂါ ကာလအတွင်း ရောင်းချနိုင်ခြင်းမရှိသော စိုက်ပျိုးရေးဆိုင်ရာ ထွက်ကုန်များအား ကိုင်တွယ်ဖြေရှင်းရန် ပြည်နယ်အတွင်းရှိ e-commerce လုပ်ငန်းများအား တက်ကြွစွာ စုစည်းပေးခဲ့ပြီး၊ mmgo.com၊ နန်နင်းစာတိုက်၊ ဈေးကွက်ရှာဖွေသော e- commerce ကုမ္ပဏီများနှင့် နန်နင်း E-commerce အသင်းတို့ အပါအဝင် ပြည်နယ်အတွင်းရှိ e-commerce လုပ်ငန်းများ၏ ရောင်းချသော နည်းလမ်းအသွယ်သွယ်နှင့် တိုတောင်းသော ထောက်ပို့သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများကဲ့သို့သော အခွင့်ကောင်းများကိုရယူခဲ့ခြင်း၊ Wechat groups၊ QQ groupsစသည်တို့မှ ကုန်စည်များကိုဝယ်ယူရန် နိုင်ငံသားများအား လမ်းညွှန်ပေးရေးလုပ်ငန်းများသို့ အားပေးခဲ့ခြင်း၊

(စ) အသေးစားနှင့် အလတ်စားလုပ်ငန်းများအား ပံ့ပိုးရန် စီမံဆောင်ရွက်မှုများကိုပြည်နယ်အလိုက် ဆောင်ရွက်စေခြင်း၊

(ဆ) အသေးစားနှင့် အလတ်စားလုပ်ငန်းများကို အထူးပြုလျက် ထိခိုက်နစ်နာမှုဖြစ်ပွားခဲ့သည့်လုပ်ငန်းများအတွက် ဝန်ထုပ်ဝန်ပိုး လျှော့ချပေးမည့် လူမှုရေးအာမခံပေးသွင်းမှုကို နောက်ကျမှ ပေးသွင်းခွင့်ပြုခြင်း၊ ငှားရမ်းခနှင့် အခွန်အခများ လျှော့ချခြင်းနှင့် ကင်းလွတ်ခွင့်ပြုခြင်းတို့ကဲ့သို့သော ခိုင်မာသည့် စီမံဆောင်ရွက်မှုများပြဋ္ဌာန်းခြင်း၊

(ဇ) စီးပွားရေးတည်ငြိမ်စေရန်နှင့် အလုပ်အကိုင်များကို အာမခံပေးရန် ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းနှင့် အစားအသောက်ပြင်ဆင်ပေးသော လုပ်ငန်းကဏ္ဍများ အပါအဝင် ကိုရိုနာကူးစက်ရောဂါကြောင့် အလွန်ထိခိုက်နစ်နာခဲ့ရသည့် လုပ်ငန်းများရှိ ကုမ္ပဏီများအတွက် လူမှုရေးအာမခံငွေကောက်ယူမှုများအား ဇူလိုင်လကုန်အထိ ရွှေ့ဆိုင်းပေးခြင်း၊

(ဈ) အလုပ်သမားများကို အလုပ်ထုတ်ပစ်ခြင်းအား လျှော့ချရန် အစိုးရက ကုမ္ပဏီများအား လစာကို ပြန်ချိန်ညှိရန်၊ အလုပ်လုပ်ချိန်ကို လျှော့ချရန်နှင့် အလုပ်သမားနှင့် ညှိနှိုင်းပြီးနောက် အချိန်ဇယား ပြန်လည်ရေးဆွဲရန် အားပေးခြင်း၊ အလုပ်သမားလျှော့ပစ်ခြင်း မပြုသည့် ကုမ္ပဏီများအား ယခင်နှစ်က ၎င်းတို့ပေးသွင်းထားသည့် အမှန် တကယ်အလုပ်လက်မဲ့အာမခံ၏ ၅၀ရာခိုင်နှုန်းကို ပြန်အမ်းပေးမည်ဖြစ်ခြင်း၊ ထုတ်လုပ်မှုနှင့် လုပ်ငန်းလည်ပတ်မှု ယာယီအခက်အခဲ ဖြစ်နေသည့် ကုမ္ပဏီများအား အာမခံပေးသွင်းမှုကို ခြောက်လဆိုင်းထားပေးခြင်း၊

(ည) ရောဂါဖြစ်ပွားမှုကြောင့် လုပ်ငန်းမလည်ပတ်နိုင်သည့် အသေးစားနှင့် အလတ်စား လုပ်ငန်းများအတွက် ၎င်းတို့၏ အိမ်ငှားခကို လျှော့ချပေးခြင်း သို့မဟုတ် ကင်းလွတ်ခွင့်ပေးခြင်း၊

(ဋ) Bank of China ကလည်း ၎င်းကုမ္ပဏီများအတွက် အတိုးနှုန်း သက်သာသည့် ချေးငွေများထုတ်ချေးခြင်းအပါအဝင် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုများ ပြုလုပ်ပေးခြင်း၊

(ဌ) ကုန်သွယ်မှုငွေကြေးထောက်ပံ့ခြင်းနှင့် ပို့ကုန်ချေးငွေအာမခံတို့တွင် အကူအညီ အထောက်အပံ့များထောက်ပံ့ပေးခြင်း၊

(ဍ) ရင်းနှီးမြှုပ်နှံမှု စီမံကိန်းအတွက် အွန်လိုင်းပေါ်မှာ လက်မှတ်ရေးထိုးခြင်းကို 5G နည်းပညာနှင့် cloud platforms၊ 5G robotic armsစသည့် နည်းပညာဆိုင်ရာ အထောက်အကူများကို အသုံးပြု၍ စတင်ဆောင်ရွက်ခြင်း၊

(ဎ) ထောက်ပို့သယ်ယူပို့ဆောင်ရေးနှင့် ဆက်စပ်သော ဝန်ဆောင်မှုများသို့ အခွန်အခများကို ထပ်မံလျှော့ချပေးမည့်အပြင်၊ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ရပ်ဆိုင်းထားရသော စီးပွားရေးလုပ်ငန်းသုံးယာဉ်များ၊ သင်္ဘောများနှင့် လေယာဉ်များအတွက် အာမခံကာလကို တိုးမြှင့်ပေးခြင်းနှင့် အာမခံသက်တမ်းတိုးကြေးကို လျှော့ချပေးခြင်းစသည့် နည်းလမ်းများဖြင့် အာမခံကြေးကင်းလွတ်ခွင့် သို့မဟုတ် လျှော့ချခြင်းများ ပြုလုပ်ပေးရန်လည်း အာမခံကုမ္ပဏီများသို့ အားပေးခြင်း၊

(ဏ) ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဘဏ္ဍာရေး အဖွဲ့အစည်းများက လုပ်ငန်းပေါင်း ၁၉၂၈ ခု သို့ ချေးငွေ ယွမ် ခုနစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ) ထုတ်ချေးပြီးခဲ့ပြီး ဖြစ်ခြင်း၊ လုပ်ငန်းပြန်လည်စတင်ရန် အရေးတကြီး ငွေကြေးလိုအပ်နေသော အငယ်စား၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများသို့ ယွမ် ၇၆ ဘီလီယံ ထုတ်ချေးထားပြီးဖြစ်ခြင်း၊

(တ) ဖေဖော်ဝါရီ ၂၈ ရက်၌ ကွမ်ရှီးတွင် ရောဂါကာကွယ်ရေးနှင့် ဆက်စပ်သော နေရာများအတွက် ဘဏ်စာရင်း ၂၀၇ ခု ကို ဖွင့်လှစ် ပေးထားကာ၊ အွန်လိုင်းမှ ငွေပေးငွေယူ ပြုလုပ်မှုပေါင်း၄၈ ဒသမ ၇၅ သန်းကို ဆောင်ရွက်ပေးထားပြီး၊ ရောဂါကာကွယ်ရေးအသုံးအဆောင်များ ကုန်သွယ်ရာတွင် ယွမ်ငွေ ၆၂ ဒသမ ၆၈ သန်းတန်ဖိုးရှိ နိုင်ငံခြားငွေကြေးလဲလှယ်မှုပေါင်း ၃၈ခုကို ပြုလုပ်ပေးခဲ့ခြင်း၊

## တရုတ်နိုင်ငံတွင် လုပ်ငန်းများပြန်လည်စတင်ခြင်း

ယခုအခါ ကိုရိုနာကူးစက်ကပ်ရောဂါကြောင့် ရောဂါကူးစက်မခံရစေရန် အိမ်တွင်း အောင်းနေခဲ့ရသည့်ကာလပြီးနောက် ထုတ်လုပ်မှုလုပ်ငန်းများပြန်လည်စတင်ရေး အစိုးရက ဆက်တိုက်ပံ့ပိုးကူညီမှုများ ချမှတ်ဆောင်ရွက်လာခဲ့သောကြောင့် တရုတ်နိုင်ငံတစ်ဝန်းတွင် ထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်စတင်ပြီဖြစ်သည်။ ဖေဖော်ဝါရီ ၁၈ ရက်တွင် နိုင်ငံတဝန်းမှ အဓိက စက်မှုကုန်ထုတ်လုပ်ငန်း တစ်ဝက်ကျော်တို့က ၎င်းတို့၏ လုပ်ငန်းများကို ပြန်လည်စတင်ခဲ့ကြပြီးဖြစ်သည်။

ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်လည်း ကိုရိုနာကူးစက်ရောဂါပျံ့ပွားမှု အခြေအနေအား ကိုင်တွယ်ထိန်းသိမ်းနိုင်ရန် မူဝါဒပံ့ပိုးမှုများကို တိုးမြှင့်ဆောင်ရွက်ပေးခြင်း၊ ပူးဆောင်ဆောင်ရွက်မှုအားအားကောင်းခိုင်မာစေခြင်းနှင့် လုပ်ငန်းပြန်လည်စတင်နိုင်ရေး သေချာစေရန် စီစဉ်ရေးဆွဲပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ခိုင်မာ သော ပံ့ပိုးစီမံဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်ပေးနေပြီး၊ ၎င်းတို့အနက် လုပ်ငန်းများအတွက် သွင်းအားစုများ ပြန်လည်ရရှိစေရေး ခွင့်ပြုသည့်လမ်းကြောင်းများ တည်ထောင်ပေးခြင်းနှင့် တည်ဆောက်ဆဲစီမံကိန်းများနှင့် ဆက်စပ်နေသော စီးပွားရေးလုပ်ငန်းများအတွက် ကွမ်ရှီးအတွင်းရှိဒေသများနှင့် မြို့တော်များတွင် အထူးရန်ပုံငွေများ တည်ထောင်ပေးခြင်းတို့ ပါဝင်သည်။

ကွမ်ရှီးတွင် ၂၀၂၀ ပြည့်နှစ် မတ် ၅ရက်တွင် အဓိကစီမံကိန်းပေါင်း ၈၅၉ ခုအား ပြန်လည်စတင်ခဲ့ပြီး နှုန်းအနေဖြင့် ၉၉ ဒသမ ၈ ရာခိုင်နှုန်း ရှိသည်။ မကြာသေးမီ က ၂၀၂၀ ပြည့်နှစ်အတွင်း အဓိကစီမံကိန်းများ တည်ဆောက်မှုမြှင့်တင်ရန် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ယွမ်ငွေ ၁၉၁ ဒသမ ၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၈၂ ဒသမ ၄၃ ဘီလီယံ) တန်ဖိုးရှိ စီမံကိန်းပေါင်း ၁၁၃၂ ခုပါဝင်သည့် အကောင်အထည်ရန်စီမံချက်တစ်ရပ်အား ကွမ်ရှီးက ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းတို့အနက် စီမံကိန်း ၁၄၀ မှာ အသစ်များဖြစ်ပြီး စီမိန်း၈၅၉ ခုမှာ တည်ဆောက်ဆဲဖြစ်သည်။

မတ် ၆ ရက်တွင် ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ချက်များအရ ကွမ်ရှီးဒေသတွင် ရေစီမံကိန်းရှစ်ခုနှင့် အဓိကသယ်ယူပို့ဆောင်ရေး ၅၆ ခုတို့မှာ ဖေဖော်ဝါရီလကုန်ကတည်းက လုပ်ငန်းများ ပြန်လည်စတင်ပြီဖြစ်ကြောင်း၊ ၂၀၂၀ တရုတ်-အာဆီယံ ဒစ်ဂျစ်တယ်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှစ်၏ အရေးကြီး သော တရုတ်-အာဆီယံ သတင်းအချက်အလက်ဆိပ်ကမ်း၏ အဓိကစီမံကိန်းများပြန်လည်စတင်မှုမှာ အလွန်လျင်မြန်စွာ တိုးတက်လျက်ရှိကြောင်း၊ ၎င်းစီမံကိန်းကို တရုတ်နှင့် အာဆီယံနိုင်ငံများ ပူးပေါင်းတည်ဆောက်နေခြင်းဖြစ်ပြီး ကွမ်ရှီးမှာ အခရာဖြစ်လာကြောင်း သိရသည်။

## သုံးသပ်တင်ပြချက်

တရုတ်နိုင်ငံတွင် အစိုးရက အသေးစားနှင့်အလတ်စားလုပ်ငန်းများကို အထောက် အပံ့ပေးသည့် မူဝါဒများကို ဆက်တိုက်ချမှတ်လာသောကြောင့် ကူးစက်ရောဂါ ဖြစ်ပွားမှုကို သေချာစွာ ထိန်းချုပ်နိုင်ခဲ့လျှင် တရုတ်၏ စီးပွားရေးလျင်မြန်စွာ နာလန်ထူလာနိုင်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ထားကြပါသည်။ သို့ရာတွင် ယခုအခါ ကိုရိုနာကူးစက် ကပ်ရောဂါသည် တရုတ်နိုင်ငံမှ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာတစ်ဝန်းရှိနိုင်ငံများဆီသို့ ပျံ့နှံ့သွားပြီဖြစ်ကာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကပင် ကူးစက်မြန်သော ကမ္ဘာ့ကပ်ရောဂါဖြစ်ကြောင်း မတ် ၁၁ ရက်က ကြေညာထားရပြီးဖြစ်သည်။

လက်ရှိတွင် သီရိလင်္ကာ၊ မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ အမေရိကန် အပါအဝင် နိုင်ငံများက ၎င်းတို့၏ အတိုးနှုန်းများကို လျှော့ချထားကြသည်။ တစ်ဖက်တွင်လည်း အိမ်ထောင်စုများ၊ အစိုးရများနှင့် ကုမ္ပဏီများမှ ချေးယူထားသော ငွေများအပါအဝင် ချေးငွေကြွေးမြီများ တင်ရှိမှုမှာ အမေရိကန်၊ ဂျပန်နှင့်ဥရောပနိုင်ငံကြီးများတွင် ကမ္ဘာ့စီးပွားရေး၏ သုံးဆကျော် မြင့်မားလာလျက်ရှိပြီး၊ အမြင့်ဆုံးအဖြစ် မှတ်တမ်းဝင်လျက်ရှိသည်။

ကမ္ဘာ့စက်မှုကုန်ထုတ်လုပ်ငန်းကွင်းဆက်တွင် စီးပွားရေးအရ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည့် တရုတ်နိုင်ငံသည် ကမ္ဘာတစ်ဝန်းကူးစက်ရောဂါ ပျံ့နှံ့ဖြစ်ပွား နေချိန်၌ နိုင်ငံစီးပွားရေးအတွက် အစိုးရ၏ စီမံဆောင်ရွက်ပေးမှုများကြောင့် ပုံမှန် လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိလာဖွယ်ရှိသော်လည်း အခြားတစ်ဖက်တွင် ကမ္ဘာတစ်ဝန်း၌ ကသောင်းကနင်းဖြစ်လျက်ရှိသည်။ လက်ရှိအချိန်၌ ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာကူးစက်ရောဂါဖြစ်ပွားမှုပေါင်း တစ်သိန်းကျော်နှင့်အတူ အီတလီနိုင်ငံ၏ ဘဏ္ဍာရေးနှင့် စက်မှုကုန်ထုတ်လုပ်မှု အချက်အချာနေရာကို ပိတ်ထားခြင်း၊ ဆော်ဒီအာရေဗျနှင့် ရုရှတို့က ထုတ်လုပ်မှု တိုးမြှင့်လိုက်သဖြင့် ရေနံဈေးနှုန်းများ သုံးပုံတစ်ပုံကျဆင်းခြင်း၊ ဥရောပနှင့် အမေရိကန်တို့တွင် အစုရှယ်ယာ တန်ဖိုးများ မတည်ငြိမ်ဘဲ ကျဆင်းခြင်းတို့ ဖြစ်ပွားလျက် ရှိသည်။ OECD အဖွဲ့က ကိုရိုနာကူးစက်ကပ်ရောဂါဖြစ်ပွားမှုမှာ ငွေကြေးအကျပ်အတည်း ဖြစ်ပွားပြီးချိန်မှစ၍ ကမ္ဘာ့စီးပွားရေးကို အထိအနာဆုံးဖြစ်စေမည့် အန္တရာယ်ဖြစ်ကြောင်း သတိပေးပြောကြားထားသည်။ ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်အရ ကမ္ဘာလုံး GDP၏ ၅ ရာခိုင်နှုန်းနီးပါး သို့မဟုတ် အမေရိကန်ဒေါ်လာ သုံးထရီလီယံကျော်နှင့် ညီမျှသည့် စီးပွားရေးဆုံးရှုံးမှုများဖြစ်နိုင်သည်ဟု သိရသည်။

ကူးစက်ကပ်ရောဂါ၏ စီးပွားရေးအပေါ် သက်ရောက်မှုမှာ ပုံမှန်ဖြစ်နေကျ သဘာဝဘေးအန္တရာယ်များကဲ့သို့ ကြိုတင်မှန်းဆရန် လွယ်ကူခြင်းမရှိလှပါ။ မူဝါဒပိုင်းနှင့် စနစ်ပိုင်း ခိုင်မာတောင့်တင်းစေရန် ဆောင်ရွက်ထားသည့် နိုင်ငံများမှအပ သက်ရောက်မှု ပြင်းထန်နိုင် သည်။ စံသတ်မှတ်ထားသည့် ကြိုတင်မှန်းဆသည့် အညွှန်းကိန်းများပေါ်တွင် မှီခိုခြင်းက ကြိုတင်မှန်းဆမှုများ မှားယွင်းနိုင်ပြီး၊ ဆုံးရှုံးနိုင်ခြေများလည်း တိုးလာနိုင်ပါသည်။ ၎င်းကို "Black swan"ဟု တင်စားခေါ်ဝေါ်ကြသည်။

ထို့ကြောင့် ကမ္ဘာတစ်ဝန်းပျံ့နှံ့ဖြစ်ပွားနေသည့် ကပ်ရောဂါအား ကျန်းမာရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ရှုထောင့် အဘက်ဘက်မှ တုံ့ပြန်ရန် အဓိကကျသည့်အချက်မှာ နိုင်ငံစုံအဖွဲ့အစည်းများ၏ အကူအညီဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိနှင့်မူဝါဒပိုင်းနှင့် စနစ်ပိုင်း ခိုင်မာခြင်း ရှိမရှိ၊ ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများ၏ ပူးပေါင်းဆောင်ရွက်လိုခြင်းရှိ၊ မရှိသည်ဟူသည့်အချက်များအပေါ် များစွာမူတည်နေကြောင်း တင်ပြအပ်ပါသည်။

**ကိုးကားသော အထောက်အထားများ**


(၁) https://www.businessworldreport.com
(၂) https://edition.cnn.com
(၃) www.theguardian.com
(၄) www.weforum.org
(၅) နန်နင်းစီးပွားရေးသံမှူးရုံးမှ အပတ်စဉ်တင်ပြသော သတင်းစာစောင်များ။


■

# ပြည်ပဆန်တင်ပို့မှု တန်ချိန် ၁၀ သန်းအောက်တွင်သာ ရှိလိမ့်မည်

ထိုင်းနိုင်ငံအနေဖြင့် ဘတ်ငွေ တန်ဖိုးမြင့်တက်မှု၊ တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် မိုးခေါင်မှုတို့ကြောင့် ယှဉ်ပြိုင်စွမ်းအားနှင့် ထောက်ပံ့မှုကျဆင်းခြင်းတို့ဖြစ်ပေါ်ကာ ယခုနှစ်အတွက် ပြည်ပသို့ ဆန်တန်ချိန် ၇ ဒသမ ၅ သန်း တင်ပို့ရန် မျှော်လင့်ထားပြီး ၎င်းမှာ ဒုတိယနှစ်မြောက် ဆန်တန်ချိန် ၁၀ သန်းအောက်သို့ ကျဆင်းခြင်းလည်း ဖြစ်သည်။

ပြည်ပကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Keerati Rushchano က စုစုပေါင်း ဆန်ဖြူတန်ချိန် ၃ ဒသမ ၁၇ သန်းကို ဖိလစ်ပိုင်၊ အန်ဂိုလာ (Angola) ဘီနင်း(Benin) ကင်မရွန်းနှင့် တရုတ်နိုင်ငံများသို့ ဦးစွာပဏာ မတင်ပို့ခဲ့ကြောင်း၊ ပေါင်းဆန် (Parboiled rice) တန်ချိန် ၂ ဒသမ ၂၃ သန်းနှင့် ထိုင်း ဟုမ်းမလိ ဆန်တန်ချိန် ၁ ဒသမ ၁ သန်းကိုလည်း တင်ပို့မှာဖြစ်ကြောင်း၊ ကျန်ဆန်များမှာ ကောက်ညှင်းဆန်နှင့် အခြားဆန်အမျိုးအစားများ ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယခုနှစ်အတွက် ပြည်ပတင်ပို့မှု စုစုပေါင်း တန်ဖိုးအနေဖြင့် ဘတ်ငွေ ၁၃၁ ဘီလီယံခန့်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

ပြည်ပကုန်သွယ်ရေး ဦးစီးဌာနက ထိုင်းနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်တွင် ပြည်ပသို့ဆန်တန်ချိန် ၇ ဒသမ ၅၈ သန်းတင်ပို့ခဲ့ပြီး တန်ဖိုးမှာ ဘတ်ငွေ ၁၃၁ ဘီလီယံရှိကြောင်း၊ တင်ပို့မှုအနေဖြင့် ၃၂ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၂၅ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၁ ရက်က ပြောကြားခဲ့သည်။

အဓိက ဆန်အများဆုံးတင်ပို့သည့် ဈေးကွက်မှာ ဘီနင်း(Benin) ဖြစ်ပြီး ထိုင်းဆန် တန်ချိန် ၁ ဒသမ ၀၇ သန်းကို တင်သွင်းခဲ့ကြောင်း၊ ၎င်းနောက်တွင် တောင်အာဖရိကနိုင်ငံရှိပြီး ဆန်တန်ချိန် ၇၃၀၀၀၀ တင်သွင်းခဲ့ကြောင်းနှင့် အမေရိကန် နိုင်ငံမှလည်း ထိုင်းဆန်တန်ချိန် ၅၆၀၀၀၀ တင်သွင်းခဲ့သည်။ Mr. Keerati က ပြောကြားရာတွင် ယမန်နှစ်က ဆန်တင်ပို့မှု သိသိသာသာ ကျဆင်းခဲ့ရခြင်းမှာ ဘတ်ငွေတန်ဖိုးမြင့်တက်မှုကြောင့်ဖြစ်ပြီး ၎င်းက ထိုင်းဆန်ဈေးနှုန်းကို ပြိုင်ဖက်များ၏ ဈေးနှုန်းထက် မြင့်မားစေခဲ့ကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် ဆန်တင်သွင်းသည့် နိုင်ငံအဖြစ်မှ ဆန်တင်ပို့သည့်နိုင်ငံအဖြစ်သို့ ကူးပြောင်းရောက်ရှိလာကြောင်း၊ သိုလှောင်ထားသည့် များပြားလှသည့် ဆန်တန်ချိန် ၁၂၀ သန်းမှာ ထိုင်းနိုင်ငံ၏အာဖရိက ဈေးကွက်ကို လျော့ကျစေခဲ့သည်။ Mr. Keerati က ထိုင်းနိုင်ငံအနေဖြင့် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်ရန် ဆန်အမျိုးအစား များစွာမရှိကြောင်း ပြောကြားခဲ့သည်။ အစိုးရအနေဖြင့် ကမ္ဘာ့ဈေးကွက်တွင် ရေပန်းစားလူကြိုက်များ နေသော ဆန်ပျော့အမျိုးအစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါးဦးစီးဌာန၊ ထိုင်းပြည်ပဆန်တင်ပို့သူများအသင်း၊ ထိုင်းဆန်စက် ပိုင်ရှင်များအသင်းနှင့် လယ်သမားကိုယ်စားလှယ်များ ပါဝင်သော အဖွဲ့ကို ဖွဲ့စည်းထားခဲ့သည်။

အကြောင်းမှာ စားသုံးသူများ၏ အရသာ ခံစားမှုအကြိုက် (Tastes)မှာ ပြောင်းလဲခဲ့ပြီဖြစ်ကြောင်း၊ အစိုးရအနေဖြင့် KorKhor 79 ကဲ့သို့သော အရည်အသွေးကောင်းနှင့် အထွက်နှုန်းကောင်းသည့် ပျော့ပျောင်းသော ဆန်(soft-textured grains)အမျိုးအစားကို ထုတ်လုပ် ဖွံ့ဖြိုးတိုးတက်စေချင်ကြောင်း၊ အာဏာပိုင်များအနေဖြင့် ဆန်ကိုဈေးနှုန်း သက်သက်သာသာဖြင့် ယှဉ်ပြိုင်စေချင်ကြကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအား အမြန်ဆုံးပြီးစေလိုကြောင်း၊ မေလခန့်တွင် ပြီးစီးရန် မျှော်လင့်ကြောင်း Mr. Keerati က ပြောကြားခဲ့သည်။

ထိုင်းဆန် တင်ပို့သူများအသင်း ဥက္ကဋ္ဌ Charoen Laothamatas က ထိုင်းနိုင်ငံအနေဖြင့် နှစ်ပေါင်း ၃၀ အတွင်း အလားတူဆန်များကိုသာ တင်ပို့ခဲ့ကြောင်းနှင့် စားသုံးသူများ၏ အပြုအမူ (Behaviour) များနှင့် ဈေးကွက်ဝယ်လိုအား (Market demand) တို့နှင့် လိုက်လျောညီထွေကိုက်ညီမှုရှိစေရေးအတွက် မိမိတို့အနေဖြင့် ဆန်အမျိုးအစားအများအပြားကို ပိုမိုရွေးချယ်ရန် လိုအပ်လာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

**Source:Bangkok Post**

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ပြည်ပသို့ နှာခေါင်းစည်းတင်ပို့မှု ထိုင်းအစိုးရ တားမြစ်ပိတ်ပင်

ထိုင်းအစိုးရအဖွဲ့အနေဖြင့် ပြည်တွင်းထောက်ပံ့မှု လုံလောက်စေရန် နှာခေါင်းစည်း (Face Mask) များအား ပြည်ပတင်ပို့မှုအပေါ် တားမြစ်ပိတ်ပင်သည့်အမိန့်ကို မတ် ၄ ရက်က ထုတ်ပြန်ခဲ့သည်။ အစိုးရအဖွဲ့၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ RachadaDhnadirek က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ အဆိုပြုတင်ပြခဲ့သော အဆိုပါ တားမြစ်ပိတ်ပင်မှုသည် စက်မှုလုပ်ငန်းစက်ရုံများနှင့် ကုန်အမှတ်တံဆိပ် ကန့်သတ်ချက်များနှင့် ထုတ်လုပ်သော နှာခေါင်းစည်းများအတွက်ကိုမူ ခြွင်းချက်ဖြစ်သည်ဟု ပြောကြားခဲ့သည်။




ဖေဖော်ဝါရီ ၂၁ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Jurin က နှာခေါင်းစည်းများ တင်ပို့မှုနှင့်ပတ်သက်၍ ကုန်စည်နှင့်ဝန်ဆောင်မှုဈေးနှုန်းဆိုင်ရာ ဗဟိုကော်မတီ၏ ကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ မစ္စတာဂျူရင်ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် ဗဟိုကော်မတီသည် ဖေဖော်ဝါရီ ၃ ရက်တွင် နှာခေါင်းစည်းနှင့် အယ်ကိုဟော အခြေပြု လက်သန့်စင်ဆေးတို့အား ဈေးနှုန်းထိန်းချုပ်မှုစာရင်း (Price Control List) တွင် ထည့်သွင်းရန် အတည်ပြုပေးခဲ့သည်။

ပြည်တွင်းဝယ်လိုအားအတွက် လုံလောက်သော ပမာဏရှိနေသေးသဖြင့် ပြည်ပပို့ကုန် ပမာဏ ကန့်သတ်ချက်မှလွဲ၍ လက်သန့်စင်ဆေးရည်များကိုလည်း အလားတူအစီအမံများ ပြုလုပ်သွားမည်ဖြစ်သည်။ အဆိုပါဆုံးဖြတ်ချက်အား အစိုးရအဖွဲ့မှ ဖေဖော်ဝါရီ ၁၁ ရက်တွင် အတည်ပြုချက်အားရရှိခဲ့ပြီး ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ပြောကြားချက်အရ ဗိုင်းရပ်စ်ပိုး ဖြစ်ပွားပေါ်ပေါက်ပြီးနောက်တစ်လလျှင် နှာခေါင်းစည်းအတွက် ပြည်တွင်းဝယ်လိုအားမှာ ယခင်က တစ်လလျှင် သန်း ၃၀ သာရှိခဲ့ရာမှ ယခုအခါ တစ်လလျှင် ၄၀၅၀ သန်းအထိ မြင့်တက်လာခဲ့ကြောင်း သိရှိရသည်။

ပြည်ပသို့ အခုရေ ၅၀၀ ကျော် တင်ပို့သူများအနေဖြင့် ဦးစီးဌာနမှ ကြိုတင်ခွင့်ပြုချက် ရယူရန်လိုအပ်မည်ဖြစ်ကြောင်း အမိန့်မှာ ဖေဖော်ဝါရီ ၆ ရက်တွင် စတင်ခဲ့သည်။

ထိုင်းနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်တွင် ပြည်ပသို့နှာခေါင်းစည်း ၂၂၆ သန်း တင်ပို့ခဲ့ပြီး ၂၀၁၈ ခုနှစ် တွင် တင်ပို့ခဲ့သော နှာခေါင်းစည်း ၇၁ သန်းထက် ၂၁၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းဖြစ်ပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက နှာခေါင်းစည်း ထုတ်လုပ်သောစက်ရုံ ၁၁ ရုံမှ တစ်လလျှင် နှာခေါင်းစည်း ၃၆ သန်း ထုတ်လုပ်လျက်ရှိနေကြောင်း၊ ၎င်းတို့အနေဖြင့် ထုတ်လုပ်မှုကို တစ်လလျှင် နှာခေါင်းစည်း ၃၈ သန်း ထုတ်လုပ်နိုင်ရေးမြှင့်တင်ဆောင်ရွက်နိုင်ကြောင်း အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခဲ့သည်။ နှာခေါင်းစည်း ထုတ်လုပ်ရေးအတွက် အဓိကလိုအပ်သည့် ကုန်ကြမ်းမှာစစ်ထုတ်သည့်ပစ္စည်း (Filter) ဖြစ်ကြောင်း၊ ၎င်းကို အဓိကအားဖြင့် ထိုင်ဝမ်၊ တရုတ်၊ အင်ဒိုနီးရှား တို့မှ ထုတ်လုပ်ကြခြင်းဖြစ်သည်။

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**




# စင်ကာပူ၏ စီးပွားရေးသည် ၂၀၂၀ ပြည့်နှစ် ပထမသုံးလပတ်အတွင်း ကျဆင်းနိုင်

စင်ကာပူ ငွေကြေးကြီးကြပ်မှုအာဏာပိုင်က စီးပွားရေးပညာရှင်များနှင့် စိစစ်ရေးမှူးများက ပြုလုပ်ခဲ့သောသုံးလပတ် စစ်တမ်းအရ စင်ကာပူ၏ စီးပွားရေးသည် ၂၀၂၀ ပြည့်နှစ် ပထမသုံးလပတ်တွင် ၀ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းနိုင်ကြောင်းနှင့် ယင်းအားရဖွယ်မရှိသော အစပိုင်းအခြေအနေက ၂၀၂၀ ပြည့်နှစ်တစ်နှစ်လုံးအတွက် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၀ ဒသမ ၆ ရာခိုင်နှုန်းသာ ရရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

အဆိုပါခန့်မှန်းချက်များအတွက် အဓိကအကြောင်းရင်းတစ်ခုမှာ COVID-19 ရောဂါပြန့်ပွားသည့်အခြေအနေကြောင့် ဖြစ်သော်လည်း စစ်တမ်းမေးခွန်းလွှာများ ဖြန့်ဝေခဲ့သော ဖေဖော်ဝါရီ ၁၈ ရက်တွင် ယခုကဲ့သို့ ကမ္ဘာအနှံ့အပြား ရောဂါ ပိုမိုပြန့်ပွားနေမှု၊ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများ၏ စိုးရိမ်ပူပန်မှု တစ်ရှိန်ထိုးမြင့်တက်လာခဲ့သည့် လက်ရှိအခြေအနေများကို ထည့်သွင်းစဉ်းစားမှုမပြုခဲ့သေးကြောင်း၊ ၂၀၂၀ ပြည့်နှစ် တစ်နှစ်လုံးအတွက် စီးပွားရေးတိုးတက်မှုနှုန်း ခန့်မှန်းချက်ကိုမူ ယခင်ခန့်မှန်းချက် ၁ ဒသမ ၅ ရာခိုင်နှုန်းထက် များစွာ လျှော့ချခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ကုန်သွယ်ရေးတင်းမာမှု မြင့်တက်လာနိုင်ဖွယ်အခြေအနေ၊ နိုဝင်ဘာလတွင် ပြုလုပ်မည့် အမေရိကန် သမ္မတရွေးကောက်ပွဲ အပါအဝင် ပထဝီနိုင်ငံရေး အခြေအနေများအပေါ် စိုးရိမ်မှုများကိုလည်း ဖော်ပြထားသည်။

စစ်တမ်းအရ ၂၀၂၀ ပြည့်နှစ်တွင် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ၀ ဒသမ ၃ ရာခိုင်နှုန်း၊ လက်ကားကုန်သွယ်မှုနှင့် လက်လီရောင်းဝယ်ရေးလုပ်ငန်းကဏ္ဍများတွင် ၀ ဒသမ ၇ ရာခိုင်နှုန်း၊ တည်းခိုနေထိုင်ရေးနှင့် အစားအစာဝန်ဆောင်မှုလုပ်ငန်း ကဏ္ဍတွင် ၁ ဒသမ ၆ ရာခိုင်နှုန်း အသီးသီးကျဆင်းနိုင်ကြောင်းနှင့် ၂၀၂၁ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၂ ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိလာနိုင်ကြောင်း ခန့်မှန်းထားသည်။ **Source : The Business Times**

**မြတ်နိုး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့။**




**PASSENGER CAR RANGE**

No.(1450,1451), lathar (2)street , ( 63 ) Ward , South Dagon, Industry Zone(2), Yangon Myanmar.
Email : sto@shwetaungtetmyanmar.com Ph; 09-445990813,09-440405207,09-255730599


**GARMANIT ZAY YA**

**New Model & High Grade Car Showroom**



Add : No.39(B), Oo Yin Street, New University Avenue Road, Bahan Township, Yangon.
Ph : 95-01-554909, 557677, Hp : 95-09-5550888.
Email : garmanie1@gmail.com

**BOLLORÉ**
LOGISTICS




**WE DELIVER INDUSTRIAL PROJECTS LOGISTICS:** whatever their scale or scope, all projects deserve cutting-edge resources and the latest expertise. This is particularly true for major projects where the delivery of oversized and heavy shipments requires complex logistics planning. What makes Bolloré Logistics different is our entrepreneurial spirit and individual commitment that drive high added value and pragmatic solutions.

**THAT'S PEOPLE-POWERED INNOVATION.**

**BOLLORE LOGISTICS MYANMAR COMPANY LIMITED**
Room No. (604, 606), 5th Floor, Building No. (15), MICT Park
Universities Hlaing Campus, Hlaing Township, Yangon, Myanmar.
Phone: (+95) 1 9339 211-215 / E-mail: mm@bollore.com

# S.S.H TRADING CO.,LTD.

# MYO CHIT MYANMAR

TRADING CO.,LTD.




Add : No.682, Pyay Taung Su Road, (20) Ward, North Dagon, Yangon, Myanmar.
H.O : 09 441425136
Office : 09 427860298, 09 5410257, 09 43161313


reddot Design Award
BORGWARD
BX7
Showroom Address : No. 125 & 131, 8 mile - Pyay Road, Mayangone Township, Yangon
Hotline Number : 09 89 8888 087 , 09 89 8888 088 / Service : 09 89 8888 089
www.borgwardmm.com
BorgwardMyanmar
borgward_mm


ROYAL STEEL DOOR KOREA
Save Your Life With
ROYAL Fire-Proof STEEL DOOR
KOREA TECHNOLOGY
RP100
RP104
RP105
RP109
RP205
SAFETY
STRONG
DURABLE
MODERN DESIGN & COLOR
EASY INSTALLATION
Design Your Shop With
ROYAL Deco Tile
KOREA TECHNOLOGY
Keep Your Shop With
Roller Shutter
KOREA TECHNOLOGY
Inter Asia Co.,Ltd.
T. 09 455 671225/ 09 445 094 361
Plot 39, No.3, Trunk Rd, Pyinmabin Industrial Zone, Mingalardon Township, Yangon, Myanmar

# COMMERCE INTERNATIONAL

# ရရှိလာမည့် အခွင့်အလမ်းများအတွက် အသင့်ပြင်ရန် ဗီယက်နမ်ဝန်ကြီးချုပ် တိုက်တွန်း

ကိုရိုနာဗိုင်းရပ်စ်ပိုးဖြစ်ပွားပြီးနောက် ဖြစ်ပေါ်လာမည့် အခြေအနေများအတွက် အသင့်ပြင်ထားကြရန်နှင့် အခွင့်အလမ်းများကို ရှာဖွေထားကြရန် ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်ဇွမ်ဖတ်က ဗီယက်နမ် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများအား တိုက်တွန်းခဲ့ကြောင်း ဗီနမ်နယူးအေဂျင်စီသတင်းတွင်ဖော်ပြသည်။

Covid-19 ကြောင့် တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယား စသည့် နိုင်ငံများမှ ကုမ္ပဏီများသည် ထုတ်လုပ်မှုများကို ပြန်လည်စတင်တော့မည်ဟူသော သတင်းများ ထွက်ပေါ်လာပြီးနောက်ပိုင်း ယခုကဲ့သို့ တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

'ဖိထားတဲ့ စပရိန်တစ်ခုလို ပြန်ကန်တက်လာပြီး စွန့်စားရမယ့် အန္တရာယ်တွေကို အခွင့်အလမ်းအဖြစ် ပြောင်းနိုင်အောင်အသင့်ဖြစ်နေဖို့လိုပါတယ်'ဟု ခရီးသွားလုပ်ငန်း၊ ဝန်ဆောင်မှု၊ လေကြောင်းသွားလာရေး၊ အစားအစာနှင့် ကုန်ထုတ်လုပ်ငန်းများ အပါအဝင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်စုများနှင့် မတ် ၁၂ ရက်က တွေ့ဆုံရာတွင် ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

တရားဝင်အမည်အဖြစ် Covid-19 ဟုခေါ်သော ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုကို ကမ္ဘာ့ကူးစက်ရောဂါအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာထားသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် အသက်အန္တရာယ်ပေးသော ဗိုင်းရပ်စ်ပိုးကို တိုက်ဖျက်ရာတွင် ကမ္ဘာတစ်ဝန်းလုံးက ခိုင်မာစွာကြိုးပမ်းဆောင်ရွက်ရန် လိုအပ်သည့်သဘောကို ပြသလျက်ရှိသည်။



ဗီယက်နမ်နိုင်ငံတွင် စီးပွားရေးလုပ်ငန်း ၈၀၀၀၀၀ ရှိပြီး မိသားစု စီးပွားရေးလုပ်ငန်းပေါင်း သန်းချီရှိသဖြင့် ယခုလိုအချိန်မျိုးတွင် စီးပွားရေးလုပ်ငန်းများနှင့် လုပ်သားများသည် ကမ္ဘာ့ကပ်ရောဂါကိုတိုက်ဖျက်ရာ၌ ခံတပ်များသဖွယ်ဖြစ်ကြောင်း ဝန်ကြီးချုပ်ကပြောသည်။

လုပ်ငန်းများတွင် ခေတ်မီနည်းပညာသုံးခြင်း၊ အစည်းအဝေးများကို လျှော့ချခြင်းနှင့် လုပ်သားများ၏ ကျန်းမာရေးကို အကာအကွယ်ပေးရန် ကြိုတင်စီမံချက်များ ပိုမိုချမှတ်ခြင်း စသည့် ရောဂါပျံ့နှံ့မှုကာကွယ်ရေးလုပ်ငန်းများတွင် ကော်ပိုရေးရှင်းများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ၎င်းက ချီးကျူးပြောကြားခဲ့သည်။

သို့သော်လည်း အလုပ်သမားထောင်ချီရှိသော စီးပွားရေးလုပ်ငန်းများတွင် လုပ်ငန်းခွင်၌ ကာကွယ်ရေးအစီအမံများကို တိုးမြှင့်ဆောင်ရွက်ရန်လိုကြောင်း ဝန်ကြီးချုပ်က အလေးပေး ပြောကြားသည်။ ဤသို့ဆောင်ရွက်ခြင်းသည် နိုင်ငံ၏ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းကို အထောက်အကူပေးခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

## ဗိုင်းရပ်စ်ပိုးကြောင့် အထိနာနေသော ကဏ္ဍများအတွက် ကျွမ်းကျင်မှု ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စင်ကာပူအစိုးရ တိုးမြှင့်

COVID-19 ရောဂါပိုး ပျံ့နှံ့ကူးစက်မှုကြောင့် အထိနာနေသော လုပ်ငန်းကဏ္ဍငါးခုကို ထောက်ပံ့ရန် စင်ကာပူလုပ်သားအင်အားအေဂျင်စီ (Workforce Singapore -WSG) က ရေးဆွဲထားသော Adapt & Grow ကနဦး အစီအစဉ်အရ သင်တန်းပေါင်း ၂၀၀၀ ကိုဖွင့်လှစ်မည်ဖြစ်ကြောင်း ချန်နယ်နယူးအေရှသတင်းတွင်ဖော်ပြသည်။

ကမ္ဘာ့စီးပွားရေးမရေရာမှုများနှင့် အလုပ်သမားဈေးကွက်တွင် ဖွဲ့စည်းပုံပြောင်းလဲမှုများ ဖြစ်ပေါ်နေချိန်တွင် အခြားကုမ္ပဏီတစ်ခုခုတွင်ဖြစ်စေ မိမိကုမ္ပဏီအတွင်းမှာပင်ဖြစ်စေ အလုပ်အကိုင်သစ်များ၌ ပြန်လည်နေရာချထားနိုင်ရေး ဆောင်ရွက်ရာတွင် စင်ကာပူနိုင်ငံသားများအား အကူအညီပေးနိုင်ရေးအတွက် Adapt & Grow အစီအစဉ်ကို ရေးဆွဲခဲ့ခြင်းဖြစ်သည်။

လက်လီနှင့် အစားအစာဝန်ဆောင်မှု လုပ်ငန်းများတွင် အရာရှိမဟုတ်သော အဆင့်များအတွက် လေ့ကျင့်ရေးအစီအစဉ်သစ်များကို ဆောင်ရွက်ပေးသလို ဒစ်ဂျစ်တယ်လုပ်ငန်းများတွင် အလယ်အလတ်အဆင့် ပညာရှင်ရှင်များ၊ မန်နေဂျာများ၊ အမှုဆောင်များနှင့် နည်းပညာရှင်များအတွက် အဆင့်ကူး ပြောင်းရေးအစီအစဉ်ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အေဂျင်စီက မတ် ၁၂ ရက်တွင်ပြောသည်။

လေကြောင်းနှင့် ခရီးသွားကဏ္ဍများရှိ ဝန်ထမ်းများကို အကူအညီပေးရန်အတွက် အလားတူ အစီအစဉ်များကို ယခုနှစ် စောစောပိုင်းကတည်းက ချမှတ်ထားပြီးဖြစ်သည်။

COVID-19 ကြောင့် တိုက်ရိုက်ထိခိုက်ခံရသော လုပ်ငန်းများအား ကူညီရေးအပြင် WSG က ဖြန့်ဖြူးရေး လုပ်ငန်းကွန်ရက်အဆင့်ဆင့်နှင့် ထောက်ပံ့ပို့ဆောင်ရေး ပေါင်းစပ်ညှိနှိုင်းရေးမှူးများအတွက် ပြန်လည်ဖွံ့ဖြိုးရေး သုံးလသင်တန်းကိုစတင်ဖွင့်လှစ်ပေးခဲ့သည်။ ဤသို့ဖြင့် အလုပ်သမားများအား စီးပွားရေးမုန်တိုင်း ခေတ္တဆဲချိန်တွင် ရရှိမည့် အခွင့်အလမ်းများကို အရယူနိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းများ အခက်အခဲကြုံတွေ့ချိန် ပြင်ဆင်နိုင်ရန်အားပေးဆောင်ရွက်ပေးထားသည်။



## ဗိုင်းရပ်စ်ခြေရာ ကောက်နိုင်သော ဖုန်းအပလီကေးရှင်း ထိုင်းစတင်သုံးစွဲ

အီတလီ၊ တောင်ကိုရီးယားနှင့် ဟောင်ကောင်တို့မှ ဗီဇာလွတ် လာရောက်လည်ပတ်ခြင်းကို ရုပ်သိမ်းကြောင်းနှင့် အခြားသော နိုင်ငံ ၁၈ နိုင်ငံမှ ဆိုက်ရောက်ဗီဇာများကိုဖျက်သိမ်းကြောင်း ထိုင်းနိုင်ငံက ကြေညာခဲ့သည်။

ခရီးသည်များ၏ လှုပ်ရှားမှုများကို စောင့်ကြည့်ကြီးကြပ်နိုင်သော အစိုးရထုတ် စမတ်ဖုန်းအပလီကေးရှင်းကို ခရီးသည်တို့က ဒေါင်းလုတ်ဆွဲယူရန်လည်း အာဏာပိုင်တို့က သတ်မှတ်ထားသည်။

ထိုင်းနိုင်ငံသို့ ရောက်သောအချိန်တွင် အပလီကေးရှင်းကို ဒေါင်းလုတ်လုပ်ရန်နှင့် သူတို့နိုင်ငံကူးလက်မှတ်များနှင့် မိုဘိုင်းဖုန်းနံပါတ်များနှင့်အတူ လေယာဉ်ခရီးစဉ် အချက်အလက်များကိုပေးရန် ခရီးသည်များကို ပန်ကြားထားသည်။

'အပလီကေးရှင်းကနေ လူတွေရဲ့ကျန်းမာရေးကို ကျွန်တော်တို့ စောင့်ကြည့်နိုင်ပြီး သံသယရှိသူတွေကို ခြေရာခံနိုင်ပါတယ်။ လေယာဉ်ခရီးစဉ်တစ်ခုတည်း အတူပါလာတဲ့ အခြားခရီးသည်တွေကိုလည်း အကြောင်းကြားနိုင်ပါတယ်'ဟု ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူ့အဖွဲ့အစည်းဝန်ကြီးဌာန ဝန်ကြီး ဘူဒီပေါင်ဆေးပွန်နာကန်တာက ပြောသည်။

ခရီးသည်များရောက်ရှိသည်နှင့် တစ်ပြိုင်နက် အပလီကေးရှင်းကို ဒေါင်းလုတ်လုပ်နိုင်ရန် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ဈေးသက်သာသော ဆင်းမ်ကတ်များကို ဝယ်ယူရရှိအောင် ဆောင်ရွက်ထားသည်။

နိုင်ငံအတွင်း၌ ရောဂါဖြစ်ပွားသူဦးရေ မြင့်တက်လာသည်ကို တုံ့ပြန်သည့်အနေဖြင့် အစိုးရက ဆောင်ရွက်ခြင်းဖြစ်သည်။ အသစ်ရောဂါဖြစ်ပွားသူ ၁၁ ဦးအပါအဝင် ထိုင်းနိုင်ငံ၌ မတ် ၁၂ ရက် စာရင်းအရ ရောဂါဖြစ်ပွားသူ ၇၀ ရှိခဲ့သည်။ အသစ်ဖြစ်ပွားသူများမှာ ဟောင်ကောင်မှလာသော နိုင်ငံခြားသားဧည့်သည်များနှင့်အတူ နှစ်ရက်ကြာပါတီပွဲသို့ တက်ရောက်ခဲ့သူများဖြစ်သည်။

စံမီအောင် စုစည်းသည်

## COVID-19 ကို တုံ့ပြန်မည့် စီးပွားရေးတွန်းအားပေးအစီအစဉ်အဖြစ် အင်ဒိုနီးရှားက အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံ သုံးမည်

စီးပွားရေး တွန်းအားပေးအစီအစဉ်အဖြစ် အင်ဒိုနီးရှားရူပီးယား ၁၂၀ ထရီလီယံ (အမေရိကန်ဒေါ်လာ ၈ ဒသမ ၁ ဘီလီယံ) ကို သုံးစွဲမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံက မတ် ၁၃ ရက်တွင်ကြေညာခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ကိုရိုနာဗိုင်းရပ်ပြန့်ပွားမှုက ကမ္ဘာ့စီးပွားရေး ဆောင်ရွက်မှုများကို အဟန့်အတားပြုနေသည့် အချိန်တွင် အင်ဒိုနီးရှားနိုင်ငံ စီးပွားရေးကို အထောက်အကူ ဖြစ်စေရန်အတွက် ယခုကဲ့သို့ စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်သည်။

စီးပွားရေးတွန်းအားပေး အစီအစဉ်သည် စုစုပေါင်း ပြည်တွင်းထုတ်ကုန်၏ သုညဒသမ ၈ ရာခိုင်နှုန်းရှိပြီး အစီအစဉ်ထဲတွင် ကုန်ထုတ်လုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နေသော အလုပ်သမားများအား ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးခြင်းနှင့် ကော်ပိုရိတ်ခွန်ပေးရာတွင် ကုန်ထုတ်လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီများအား လျှော့ပေါ့ခွင့်ပေးခြင်း စသည်တို့ ပါဝင်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ဆရီမူလျာနီအင်ဒရာဝတီက ပြောသည်။

ဗိုင်းရပ်စ်ရောဂါပိုး ပြန့်ပွားမှုက တရုတ်နိုင်ငံနှင့် ကမ္ဘာ့ဖွံ့ဖြိုးမှုကို နှေးကွေးစေမည်ဆိုပါက အင်ဒိုနီးရှားနိုင်ငံစီးပွားရေးတိုးတက်မှုသည် ယခုနှစ်တွင် ၄ ဒသမ ၇ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ကြောင်း အင်ဒရာဝတီက စောစောပိုင်းက သတိပေးခဲ့သည်။ ယခင်နှစ်က အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးမြင့်တက်မှုမှာ ၅ ဒသမ ၀၂ ရာခိုင်နှုန်းရှိခဲ့သည်။ ဗိုင်းရပ်စ်ရောဂါပြန့်ပွားနေချိန်နှင့် ကမ္ဘာ့ဘဏ္ဍာရေးဈေးကွက်ကျဆင်းနေချိန်တွင် စီးပွားရေးအပေါ် ယုံကြည်မှုကို မြှင့်တင်ပေးနိုင်ရန် နောက်ထပ်ပံ့ပိုးမှုအစီအမံများကို အာရှဒေသရှိ အခြားနိုင်ငံများနှင့် ဗဟိုဘဏ်များက ယခုသီတင်းပတ်အတွင်း ကြေညာခဲ့သည်။

Be green, Keep our planet clean
စိမ်းလန်းလှပစေဖို့ သန့်ရှင်းသော
ကမ္ဘာမြေကိုစောင့်ရှောက်စို့။